www.burmeseclassic.com

# လွမ်းရိပ်ညို့ . . . ညို

မောင်စိန်ဝင်း
ပုတီးကုန်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၁၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၇၇၀၆၀၃
မျက်နှာဖုံးဒီဇိုင်း - အံ့ဘွယ် (Star's)
ထုတ်ဝေသည့်လ - ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်
အုပ်ရေ - ၁၀၀၀

**ထုတ်ဝေသူ**
ဦးသန်းမြင့် (၀၁၀၄၀)၊ လင်းလင်းစာပေ
အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း
၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးဇော်မင်း (wizard)
အမှတ် (၁၉၇)၊ ၃၃-လမ်း (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်အောဖ်ဆက်
(၉၆/ခ)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ပပတိုး
တန်ဖိုး - ၅၀

မောင်စိန်ဝင်း (ပုတီးကုန်း)

# လွမ်းရိပ်ညို့....ညို့



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရတနာကောင်းကင် စာအုပ်တိုက်

# သမုဒယတောင်ထိပ်
# လွမ်းရိပ်ညို့... ညို့ပြီ... ညို့...

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ၁

ဧည့်ခန်းထဲမှာထိုင်နေသည့် ဖေဖေနှင့် မေမေက သူ့ကို လှမ်းကြည့်၏။ ညီမငယ်က မေမေ့ဘေးမှာ ထိုင်နေရာက အရုပ်ရင်း နေရာပြောင်းထိုင်သည်။ မကြည်မလင် မျက်နှာတို့ကြောင့် ဝေခွဲရခက်စွာ အံ့သြပြန်၏။ တစ်စုံတခုရာကိစ္စဟု အလိုလိုသိရင်း အတွေးမှာ ညှိုသက်မှုန် ရောက်သည်။ မွန်မိဘအသိုင်းအဝိုင်းနှင့် ပတ်သက်၍ ပြောစရာစကားရှိပြီလား ထင်ကြည့်၏။ မွန်နှင့် သူ ဖုန်းမပြောဖြစ်သည်က လေးငါးရက်သာ ရှိဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



'လာ သား'

ဖေဖေက လှမ်းခေါ်သည်။ ဖေဖေ့ဘေးမှာကပ်ပြီး သူ ထိုင်ရင်း မေမေ့မျက်နှာကို အကဲခတ်၏။ မေမေ့မျက်နှာ အတည်အတင်းကြောင့် မေမေ့ရင်တွင်းက အလှုပ်အရှားကို နားလည်နေသလို။

'ဘာလိုဖြစ်တာလဲ သား'

'ခင်ဗျာ'

မေမေ့အသံ အတင်းအပြတ်ကို နားမလည်နိုင်စွာ အံ့သြစကား နှုတ်မှထွက်၏။

'ရော့… ဒီမှာ ဖတ်ကြည့်ကွာ'

စာမျက်နှာလှန်ထားပြီးသား သတင်းစာကို စားပွဲပေါ်က ကောက်ယူရင်း ဖေဖေက သူ့ဆီကမ်း၏။

ရူးရူးရှရှမြည်လာသောတယ်လီဖုန်းသံကြောင့် သတင်းစာလှမ်းယူပြီး အကြည့်မရောက်နိုင်သေး။

'သမီး ဘယ်သူ့မေးမေး မရှိဘူးပြော၊ ဒီကိစ္စပဲနေဦးမှာ'

မေမေ့စကား မဆုံးခင် ညီမငယ်က ဖုန်းဆီထသွားသည်။



'ဘယ်လောက်ရှက်ဖို့ကောင်းလဲ'

အံကြိတ်ပြောလိုက်သည့်စကားသံက မကျယ်သော်ငြား ဒေါသများဖြင့် ပြည့်လျှံနေတာ သိသာ၏။

'ဩော်… ဟုတ်ကဲ့ အပြင်သွားကြပါတယ်ရှင်'

ညီမငယ်ကပြောပြီး ဖုန်းကို ချလိုက်၏။

'ဖုန်းပိတ်ထားလိုက်'

မေမေက လှမ်းပြောပြန်သည်။

သတင်းစာကို ကောက်ယူပြီး ဖေဖေညွှန်ပြသည့်နေရာ ကြည့်လိုက်၏။

**<u>စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းခြင်း</u>**

*ကျွန်မ မညိုသက်မွန်နှင့် ကိုမြဘ်ထူးဇော်တို့၏ (……)နေ့က ပြုလုပ်ပြီးစီးခဲ့သော စေ့စပ်ကြောင်းလမ်းခြင်းကို ကျွန်မ ညိုသက်မွန်၏ သဘောဆန္ဒအလျောက် ဖျက်သိမ်းလိုက်ကြောင်း ကြေငြာအပ်ပါသည်။*

ညိုသက်မွန်

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ၂

အိပ်မက်မဟုတ်မှန်း နားလည်သော်လည်း အံ့သြစိတ်၊ …ာ်ရွံ့စိတ်၊ သိမ်ငယ်စိတ်၊ ဒေါသစိတ်တို့ဖြင့် ရင်သည် လှုပ် …သည်။ တက်တစ်ချက် ခေါက်မိသွားသည်။ သတင်းစာကို …ပွဲပေါ် လှမ်းတင်လိုက်၏။

'သားနဲ့ ဘာပြဿနာရှိလဲ'

'ဘာမှမရှိဘူး မေမေ'

'ဘာပြဿနာမှမရှိဘဲ ဒီလို ရှုတ်တရက်ဆုံးဖြတ်ပါ လား'



www.burmeseclassic.com

www.burmeseclassic.com



'သားလည်း ဘာကိုမှနားမလည်နိုင်တော့ဘူး မေမေ

'ကိုကိုတို့ နောက်ဆုံးစကားပြောတော့ ပြဿနာ လား'

'ဘာမှမရှိဘူး ညီမလေး၊ မင်္ဂလာဆောင်ဖို့ကိစ္စတွေ ဘာတွေတောင် အကျယ်မချဲ့ဖို့ မွန် ပြောနေသေးတာပဲ'

'ကျွန်တော် မွန့်ဆီ ဖုန်းဆက်မယ်'

ထိုင်ရာမှ ထရပ်၏။

'မဆက်နဲ့ သား'

'ဘာကြောင့်ဆိုတာ ကျွန်တော်သိချင်တယ် မေမေ'

'မင်းဆက်ရင်လည်း ဘယ်အတွေ့ခံမှာတဲ့လဲ၊ မေမေ တို့မိတ်ဆွေတွေက အံ့သြပြီး ဆက်နေကြတာတောင် မေမေတို့ အတွေ့မှမခံတာ'.

ညီသြက်မွန် သူ့ကို ရှောင်မည်ဆိုတာ သူ နားလည် သည်ပဲ။

'သားကိုတော့ တစ်ခုခုပြောသင့်ပါတယ်'

'သူ့မိသားစုကြောင့် ဖြစ်မလား'

'မွန်က ခေါင်းမာတယ်၊ မဖြစ်နိုင်ဘူး မေမေ'

'ချင်းစိမ်းနဲ့ မိဿလင်ပေါ့ ကိုကိုရာ၊ ဘာကြောင့်ဆို



သိလို့လည်း ဘာထူးမှာတဲ့လဲ'

'သမီးပြောတာ အမှန်ပဲသား၊ သံသရာမဆက်ချင်ပါနဲ့ ဘူး သားတို့ချင်းညှိနှိုင်းလို့ ပြန်ပြေလည်တယ်ဆိုရင်တောင် မိသားစုအရှက်ရအောင်လုပ်တဲ့ကိစ္စအပေါ် မေမေတို့အမြင် တော့မှာ မဟုတ်ဘူး'

မေမေ့စကားကြောင့် သက်ပြင်းရှည်ချရင်း လေပူကို ထုတ်မိပြီး ဖြစ်သွားသည်။ ရင်ထဲမှာတော့ ပေါ့ပါးမသွား။

'ဘာလိုဖြစ်ဖြစ် မင်းမှာ အပြစ်တစ်စုံတစ်ရာ၊ သူလက် နိုင်တဲ့ အားနည်းချက်တစ်ခုခုရှိလို့ပဲလို့ ပတ်ဝန်းကျင်ကကော့ မှာပဲ။ ဒါလည်း သဘာဝကျတယ်လေ၊ နောက်တစ်ခုက ဘာတွေကြောင့်လားဆိုပြီး တို့ကိုလည်း ထိခိုက်တဲ့အတွေး နိုင်တာပဲ'

ဖေဖေ့ထံမှ တွေးတွေးဆဆ ပြောသည့်စကား။

ကိုယ့်ကိစ္စတစ်ခုက မိသားစုအသိုင်းအဝိုင်းကို ထိခိုက် စေသည်ပဲအတွေးက လိပ်ပြာငယ်ချင်စရာ။

'စောစောစီးစီး ဇာတ်သိမ်းခန်းရောက်သွားတာကောင်း ယ်ပဲတွေးပါ သားရယ်၊ ကိုယ်က ယောကျ်ားလေးပဲ'

မေမေ့ထံမှ စကားကြောင့် မေမေ့မျက်နှာဆီ အကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြန်၏။

'ကိုကို့သူငယ်ချင်းတွေလည်း ဖုန်းဆက်ကြတယ်

ညီမလေးကို သူ ခေါင်းညိတ်ပြလိုက်သည်။

အားလုံးက ပဟေဠိဖြစ်နေကြမည်ပဲ။ လွန်ခဲ့သ
အပတ်ထဲကပင် စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း သတင်း
သတင်းစာတွေထဲ ပါသွားခဲ့သည်လေ။

ဒေါသတရားဖြင့် နာကြည်းမှုများစွာကို ဖြစ်စေချင်
သတဲ့လား ညီသက်မွန်ရေ။

❁ ❁ ❁

## ၃

ရက်အနည်းငယ်သာခြားပြီး ပါလာသောသ  င်းနှစ်
ပုဒ်ကို သတိထားမိကြသည်ပဲ။ ပုံမှန်အတိုင်း စေ့စပ်ခြင်းကို
နှစ်ဦးသဘောတူ ဖျက်သိမ်းခြင်းသတင်းက မထူးဆန်းလှသော်
လည်း အခုတော့ အမျိုးသမီးဘက်က တစ်ဦးတည်းသဘောနှင့်
ဖျက်သိမ်းခဲ့မှုအပေါ်မှာ စဉ်းစားစရာတွေ ရှိလာပုံရသည်။

'ညီမလေး သူငယ်ချင်းတစ်ယောက်က ပြောတယ်
ကိုကို၊ သူ့သူငယ်ချင်းတွေက ပြောတာတဲ့၊ အဲဒီသူငယ်ချင်း
တွေက ကိုကိုတို့နှစ်ယောက်လုံးကို မသိကြပါဘူး၊ စကားစပ်

www.burmeseclassic.com

www.burmeseclassic.com



နင်ဒို့ ပြောတဲ့သဘောပဲ၊ ကောင်လေးမှာ အိမ်ချိုင်ဗီပိုးတွေ့လို့ အခုလိုဖြစ်သွားတာ အဖြစ်နိုင်ဆုံးပဲတဲ့'

'အိပ်ချ်အိုင်ဗွီ ဟုတ်လား'

'ဟုတ်တယ် ကိုကို'

တင်းခနဲဖြစ်သွားသည့်မျက်နှာကို ညီမလေးထံမှလွှဲကာ အိမ်ပြင်ကြည့်သည်။ သူ ဘယ်လိုမှတွေးမထားမိသော အတွေးပါလား။ သူ့မိဘကိုမကျေနပ်လို့၊ နှစ်ဖက်မိဘ အပေးအယူမတည့်လို့ အဆိုးဆုံး သူက သစာမဲ့စွာဖောက်ပြန်လို့ သည်လောက်ပဲ လူတွေထင်ကြတွေးကြမည်ဟု သူ စဉ်းစားခဲ့မိသည်။

'တချို့ခေတ်မီတဲ့အတွဲတွေက လက်မထပ်ခင် သွေးစစ်ကြည့်ကြတာ များလာပြီတဲ့ ကိုကို၊ ဒီတော့ ဒီအတွေးမျိုးတွေးကြတာ မဆန်းပါဘူး'

'တောက်'

တက်ခေါက်ရင်း ကျောချမ်းစွာ ခေါင်းကို ယမ်းခါသည်။ ပြီးတော့ ဆိုဖာကို ခြေဖြင့်ကန်လိုက်မိပြန်၏။

'ကိုယ်မဟုတ်ဖို့ အရေးကြီးတာပဲ ကိုကိုရာ၊ လူတွေတွေးစရာထင်စရာ ကိုယ့်ဘက်က ဖြစ်လာပြီကိုး'





'မွန် ငါ့ကို ဘာလို့ဒီလိုလုပ်ရတာလဲ မသိဘူး'

တစ်ကိုယ်တည်း ရေရွတ်ပြောဆိုမိပြန်၏။

ညီမလေး ဧည့်ခန်းထဲကထွက်သွားတာ သူမသိလိုက်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

# ၁

ဆရာ.....

ကျွန်မ ဆရာ့ရဲ့ကဗျာတွေကို အတော်များများ အလွတ်ရအောင် နှစ်သက်စွဲလမ်းခဲ့တဲ့ ဆရာ့ရဲ့ကဗျာပရိသတ်ပါ။

မိတ်ဆက်စာလို့ မထင်စေချင်ပါဘူး ဆရာ။

ဆရာ့ကို ကျွန်မရဲ့အခက်အခဲတစ်ခုကို အကူအညီတောင်းကြည့်ချင်လို့ပါ။

ဆရာ တက္ကသိုလ်ကျောင်းသားဘဝက ထုတ်ဝေခဲ့တယ်လို့ အမှာစာမှာရေးထားခဲ့တဲ့ ဆရာ့ရဲ့ 'ထနောင်းစိမ်း' ဆိုတဲ့ ကဗျာစာအုပ်ကလေး ကျွန်မမှာ သိမ်းထားခဲ့ဖူးပါတယ်။ အထဲကကဗျာတချို့လည်း ကြိုက်လို့ အလွတ်ရတဲ့အထိ အထပ်ထပ် ဖတ်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူငယ်ချင်းတစ်ယောက်က ငှားသွားပြီး ပျောက် [illegible] ကျွန်မ ပြန်ဝယ်ဖို့ လိုက်ရှာခဲ့တာ ကြာပါပြီ။ ဘယ်မှာမှ ရှာမတွေ့ဖြစ်လို့ ဆရာ့ဆီကို အကူအညီတောင်းဖို့ [illegible]ဲ ကျွန်တော့တာမို့ ဒီစာကို ရေးမိတာပါ။

ဆရာ့မှာ စာအုပ်အပိုရှိရင် ကျွန်မကို ပို့ပေးစေချင်ပါတယ်။ ကျသင့်ငွေကို ကျွန်မ ပြန်ပို့ပေးပါရစေ။

စာအုပ်စုဆောင်းတဲ့သူအတွက်တော့ လိုချင်နေတဲ့ စာအုပ်ဟာ ရတနာတစ်ခုပါ ဆရာ။

ဆရာတတ်နိုင်လျှင် ကူညီစေချင်ပါတယ်။

ဆရာ့ရဲ့ ကဗျာပရိသတ်ဖြစ်တဲ့

ညိုသက်မွန်

❁ ❁ ❁

စာကို တစ်ခေါက်ထပ်ဖတ်ကြည့်အပြီး စာအိတ်မှာ ထည့်သည်။

တစ်ဖက်ခုတင်မှ ညီမလေး၏ လူးလွန့်သံအကြား အကြည့်ရောက်၏။ စားပွဲပေါ်မှ ဘွဲ့ယူအတန်းအတွက် ဖတ်လက်စစာအုပ်များကိုစီရင်း စားပွဲမှ ထရပ်သည်။



ခပ်ဝေးဝေးဆီမှ နာရီသံချောင်းခေါက်သံသဲ့သဲ့ကို ကြားနေရ၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၂

မနေ့က မဂ္ဂဇင်းတိုက်အရောက် 'ခင်ဗျားအတွက် စာတစ်စောင်ရောက်နေတယ်' ဟု စာမူလက်ခံသော ကိုလှဦးက ပြောပြီး ထုတ်ပေးသည်။

သည်လို စာတွေဘာတွေလာနေကျ မဟုတ်သောကြောင့် အံ့သြရသေးသည်။ သူ့လို မဂ္ဂဇင်းတွေမှာ ကဗျာလေးတွေ ကျိုးတိုးကျဲတဲရေးနေသည့် ကဗျာဆရာတစ်ယောက်ထံသို့ စာလာစရာက အကြောင်းမရှိ။ သူ့သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းတွေ သူ့လိပ်စာကိုမသိလို့ သူ အများဆုံးရေးနေကျသည်

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတိုက်လိပ်စာဖြင့် စာထည့်တာဖြစ်နိုင်သည်ဟု တွေးသည်။ စာအုပ်နှင့်စာမူခ ထုတ်ယူအပြီး မဂ္ဂဇင်းတိုက်မှ ပြန်ထွက်လာခဲ့၏။

သူ့အလုပ်ထဲပြန်ရောက်တော့ ထမင်းစားချိန်ပြီးလို့ စက်ရုံပြန်စပြီး လည်ပတ်နေလေပြီ။

စားပွဲမှာထိုင်ရင်း မဂ္ဂဇင်းစာအုပ်ကြားမှာ ညှပ်ယူလာသော စာအုပ်ကိုယူသည်။ ဖွင့်ထုတ်ပြီး ဖတ်ကြည့်၏။

သူ၏ကျောင်းသားဘဝက ထုတ်ဝေခဲ့သော နှစ်ဖောင်သာရှိသည့် 'ထနောင်းစိမ်း'ဆိုသော စာအုပ်ကလေးက အတွေးထဲမှာ ပြန်ပေါ်လာသည်။ စာရှူးပေရူး ကဗျာရူးဘဝမှာ ဘယ်ထုတ်ဝေသူမှ မရှိပါဘဲ ကိုယ့်မုန့်ဖိုးနှင့် ရှိသမျှရောင်းချထုတ်ဝေခဲ့သော စာအုပ်ကလေးပင်။

ထိုစာအုပ်ကလေးကို အမှတ်တရ သိမ်းထားသူရှိတာပဲဆိုသောအသိက ပီတိဖြင့် ရင်ခုန်စေရပြန်သည်ပဲ။

သူ့မှာ ထိုစာအုပ်အပိုတွေ ရှိနေတာမို့ ပို့ဖြစ်အောင်ပို့ပေးရမည်ဟု တွေးရင်း စာအိတ်ထဲ စာပြန်ထည့်ကာ စာအိတ်ကို သူ့အလုပ်စားပွဲ အံဆွဲထဲမှာထည့်၏။

ထိုစဉ် စားပွဲပေါ်မှ တယ်လီဖုန်းသံမြည်၏။ ကောက်



…ထောင်လိုက်တော့ အစည်းအဝေးရှိလို့ ရုံးပေါ်လာရန် သူ့ကို…ါနေပြီပဲ။

အတွေးကိုဖြတ်ကာ စာရွက်စာတန်းတွေ စာရင်းဇယား…တွေကို ရှာနေမိပြန်၏။

❁ ❁ ❁

www.burmeseclassic.com

# ၇

'ဘယ်လောက်အဖိုးတန်လို့လဲ'

'ဘာပြောတယ် ကိုဇော်'

လမ်းဖြတ်အကူးမှာ ပြောလိုက်သည့် မြတ်ထူးဇော်၏ ကားကြောင့် ညှိုသက်မွန်မျက်နှာက တင်းခနဲဖြစ်သည်။ ရင် ထဲမှာလည်း ဆတ်ခနဲ ကျင်သွားသလို။

ကားအသွားအလာတို့ကိုရှောင်ရင်း တစ်ဖက်ပလက် ောင်းဆီ အရောက်ကူးနေမိသော်လည်း မြတ်ထူးဇော်၏စကား က နှလုံးသားမှာ ကျယ်ကျယ်လောင်လောင် ကြားနေရဆဲ။

'စောစောက ဘာပြောလိုက်တယ် ကိုဇော်'

www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းပေါ်မှာ မျက်နှာချင်းဆိုင်ရပ်ရင်း မေ
လိုက်သော စကားမှာ မကျေမနပ်သံ ပါနေ၏။ မျက်ခုံးကိုတွ
ရင်း ကိုဇော့်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ထားမိဆဲ။

'မွန့်ကဗျာစာအုပ်က ဘယ်လောက်အဖိုးတန်လို့ ဒီ
လောက်အဖြစ်သည်းနေရတာလဲ'

'တန်ဖိုးဆိုတာ ကိုဇော်ဘယ်လိုနားလည်လို့လဲ'

ဘတ်စ်ကားဂိတ်ဆီ သွားသူတချို့ ငဲ့ကြည့်သွားသည်။
သူ့အသံနှင့် သူ့မျ...နှာထားကြောင့် စကားများနေပြီ ထင်ကြ
မည်ပဲ မွန် တွေးမိ၏။

'တော်ပါ မွန်ရာ၊ ဘာမဟုတ်တဲ့ကိစ္စလေးကို'

'မွန့်အတွက်က တန်ဖိုးထားတဲ့စာအုပ်တစ်အုပ်ပျောက်
တာ၊ ဘာမဟုတ်တဲ့ကိစ္စလေး မဟုတ်ဘူး ကိုဇော်၊ ကိုဇော်တို့
နားလည်ထားတာက ဒီစာအုပ်ကို ဆိုင်မှာပေးဝယ်ရတဲ့ ငွေ
တန်ဖိုးကိုပဲ တန်ဖိုးလို့ထင်ကြတာ'

'ပြောပါ '

'အဲဒါက ပကတိတန်ဖိုး ကိုဇော်၊ အရာရာတိုင်းမှာ
တစ်ဦးချင်းဆီကထားတဲ့ ခံစားမှုတန်ဖိုးဆိုတာ ရှိစမြဲပဲ၊ အဲဒါကို
ကိုဇော်တို့ ထည့်မတွက်ဘူး'



'ခံစားမှုတန်ဖိုး ဟုတ်လား မွန်'

'ဟုတ်တယ် ကိုဇော်၊ ဟိုတစ်လောက ကိုဇော့်အမေ
မွေးနေ့လက်ဆောင် ကိုဇော့်ကိုပေးခဲ့တဲ့ လက်စွပ်ကလေးဟာ
ကျန်တဲ့လူတွေအတွက် ပကတိတန်ဖိုးပဲရှိပေမယ့် ကိုဇော့်
အတွက်တော့ အမေက မေတ္တာနဲ့ပေးတာပါလားဆိုတဲ့ ခံစားမှု
တန်ဖိုးရှိတယ်၊ အဲဒါ ကိုဇော် လက်ခံသလား'

'နေပါဦး... နေပါဦး၊ ဒီကဗျာစာအုပ်က မွန့်ကို
ဘယ်သူက ပေးထားတာမို့ ခံစားမှုတန်ဖိုးတွေ ထားနေရတာ
တဲ့လဲ'

မြတ်ထွေးဇော်၏ စကားက မာမာဆတ်ဆတ်။ အသံက
ဒေါသထွက်ပြီး တုန်ယင်ပြီး မျက်နှာက ပန်းရောင်ပြေး၏။

'အဲဒါတွေ ခက်တာပဲ ကိုဇော်၊ ကိုဇော် မဆိုင်တာတွေ
တွေးနေပြန်ပြီ။ ဒီစာအုပ်က ဘယ်သူမှပေးတာ မဟုတ်ဘူး၊
မွန့်ဘာသာဝယ်ထားတာ၊ ဖတ်ပြီး အရမ်းကြိုက်လို့ သိမ်းထားခဲ့
တာ၊ ဒီအထဲက,ကဗျာတွေ မကြိုက်တဲ့သူတွေအတွက်တော့
ဘာခံစားမှုတန်ဖိုးမှ ရှိမှာမဟုတ်ဘူး၊ မွန့်အတွက်ရှိတယ်'

'ဒီလောက်ဖြစ်နေရင်လည်း ကိုဇော် ရအောင်ဝယ်ပေး
မယ် မွန်'



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခနဲ ခနဲ့သံက နှုတ်မှလျှံအကျ နှုတ်ခမ်းအစုံက ခပ်မဲ့မဲ့ပြုံးမိလျက်သား။

'ကိုဇော်တို့က အရာရာ ငွေရှိရင် ဝယ်ရမယ်ထင်နေတာပဲနော်'

'ရှာဝယ်ရင် ရရမှာပေါ့'

'ဒါဆို ရှာကြည့်လေ'

'ရတယ်၊ ကိုဇော် ရှာပေးမယ်'

စာအုပ်အဟောင်းဆိုင်တွေ ဘယ်နေရာမှာရှိ ဘယ်ဆိုတာလောက်တောင် မသိသူက စာအုပ်ဟောင်းတစ်အုပ်ကို ရှာပေးမည်ဆိုတော့ ညိုသက်မွန်က ရယ်ချင်ပြန်သည်။ သူကိုယ်တိုင်ပင် နှစ်ခါသုံးခါမက ဒီစာအုပ်ကို ကြည့်ခဲ့ဖူးပြီပဲ။

'တစ်ပတ်အချိန်ပေး မွန်'

ကိုဇော့်ကို ဘာမှပြန်မပြောမိဘဲ ပြုံးရုံသာ ပြုံးပြမိတော့သည်။ ကိုဇော့်ကို ဖတ်ကြည့်စမ်းပါဟု ငှားလိုက်မိသည်ကပင် သူ့အမှားဟု မွန် ကောင်းကောင်းနားလည်ခဲ့ပြီပဲ။ စာဖတ်ဝါသနာမရှိသူတစ်ဦးကို ကဗျာစာအုပ် ပေးဖတ်မိအောင် မိုက်မဲသော ကိုယ့်ကိုကိုယ်ပင် အပြစ်တင်မဆုံးတော့။

သူချစ်သည့်ကဗျာတွေကို သူ့ချစ်သူက စိတ်ဝင်တစား



မှုံစေချင်ခဲ့သော ညိုသက်မွန်၏ စိတ်ကူးယဉ်အိပ်မက် ပျက်ခဲ့ရပြီပဲ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၄

မိဘချင်းရင်းနှီးသော မြတ်ထူးဇော်နှင့် ညီသက်မွန်တို့ တက္ကသိုလ်ရောက်တော့ ခင်မင်ရင်းနှီးသွားကြသည်။ ပထမနှစ်မှာပဲ မြတ်ထူးဇော်က ညီသက်မွန်ကို ချစ်ရေးဆိုခဲ့သည်။ သူ့မေတ္တာကို တောင်းခံကြသူများအားလုံးကို ညီသက်မွန်က ငြင်းသည်။ မြတ်ထူးဇော်ကိုလည်း ငြင်းခဲ့သည်ပဲ။ ကျန်တဲ့သူတွေအားလုံး နောက်ဆုတ်သွားကြသော်လည်း မြတ်ထူးဇော်က ဇွဲကောင်းသည်။ ခင်မင်ရင်းစွဲရှိသူတို့လည်း ကျောင်းမှာ အတွဲမပျက်။ ညီသက်မွန်တို့ စာပေဝါသနာပါသည့်အုပ်စုတွေက စာကြောင်းပေကြောင်း၊ ကဗျာကြောင်း၊ ဝတ္ထုကြောင်း ပြောနေ ည့်မှာတော့ မြတ်ထူးဇော် ဝင်မပြောနိုင်ရှာ။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် နောက်ဆုံးနှစ်အရောက်မှာတော့ ဖွဲကောင်းလှသည့် မြတ်ထူးဇော်ကို ညိုသက်မွန် အဖြေပေးလိုက်သည်ပဲ။

သည်နေ့က မြတ်ထူးဇော် ပျော်သလို သူဘာမှမခံစားမိတာ ဘာသာအသိဆုံး။ သူ့ဘဝမှာ လက်ထပ်ရမည့်သူတစ်ဦးဦးကို အိမ်ကမရှာလျှင် သူရှာရမှာမလွဲဟု တွေးသည်။ သည်လို လက်ထပ်ရမည့်သူတစ်ဦးအနေဖြင့် မြတ်ထူးဇော်ကို စဉ်းစားကြည့်တော့ ဘာမှငြင်းစရာက မရှိ။ သူ့အပေါ် အနွံအတာခံတာ ညိုသက်မွန်သာ အသိဆုံး။

သူနှင့် လက်ထပ်ရမည့် သူ့ချစ်သူက သူနှင့်ဝါသနာမတူတာ သူ သိမ်းသွင်းကြည့်လျှင် ပါလာမည်ပဲ ပေါ့ပေါ့တန်တန် ထင်သည်။

စာအုပ်ကောင်းတွေရှာပြီး ဖတ်ကြည့်စေသည်။ မြတ်ထူးဇော်က သူတစာပေကို ဖတ်ကြည့်သော်ငြား ရသစာပေကို လုံးလုံးစိတ်မဝင်စားပေ။ တက်ကျမ်းတွေ ဘာတွေဆိုလျှင် ဖတ်ကြည့်သေးသည်။ ဝတ္ထုစာအုပ်တစ်အုပ်ဆုံးအောင် ဘယ်တော့မှ ဖတ်မကြည့်။

သူ အမြတ်တနိုးသိမ်းထားသော ကဗျာစာအုပ်ကလေးကို ငှားလိုက်ရင်း အဲဒီအထဲက ကဗျာလေးတွေ ဖတ်ကြည့်စမ်း



ပါ ကိုဇော်၊ မွန်ဆို အလွတ်ရတယ် ပြောလိုက်၏။

မြတ်ထူးဇော်က သူ ကျေနပ်အောင် ခေါင်းညိတ်ပြီး ယူသွားသည်။

သုံးလေးရက်အကြာ ဖတ်ကြည့်ပြီးပြီလားမေးတော့ ခေါင်းယမ်း၏။ နောက်နေ့ နောက်နေ့တွေ သတိရတိုင်းမေးတော့လည်း မအားသေးလို့ဟု ပြောသည်။

တစ်ပတ်ကျော် နှစ်ပတ်ကျော်လောက်ကျတော့ စာအုပ်ကလေး သူ့စားပွဲပေါ်က ပျောက်သွားပြီဟု ခပ်ပေါ့ပေါ့ပြော၏။

'ဟာ… ကိုဇော်ကလည်း သေသေချာချာရှာကြည့်ပါဦး'

'ရှာပြီးပြီ၊ မရှိဘူး မွန်'

'ပျောက်လို့မရဘူး ကိုဇော်'

'ဟာကွာ…မွန်ကလည်း တခြားစကားပြောရအောင်'

'ဟာ… မရဘူး ကိုဇော်'

'မွန် ဘယ်လိုဖြစ်နေတာလဲ'

'မွန် တကယ်တန်ဖိုးထားတဲ့အရာပဲ ကိုဇော်'

'မွန်ရာ အဖြစ်သည်းမနေစမ်းပါနဲ့'

'ဘယ်လိုပြောတယ် ကိုဇော်'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးကိုဇော်၊ ရအောင်ရှာပေး'

'ညီမလေးယူကြည့်တယ်တဲ့၊ သူ့သူငယ်ချင်းတွေယူသွားလားမသိဘူးပြောတယ်၊ မွန် ထပ်ဝယ်ပေါ့ မွန်ရာ'

'ကိုဇော် အဲဒီလောက်စည်းကမ်းမရှိတာ မွန် မကြိုက်ဘူး'

'စည်းကမ်းမရှိဘူး ဟုတ်လား'

'ဟုတ်တယ်လေ၊ မွန့်စာအုပ်ကို ဘာလို့ ကိုဇော့်ညီမကို ပေးတာလဲ'

'သူ့ဘာသာယူတာ'

'အဲဒါလည်း စည်းကမ်းမရှိတာပေါ့၊ ပြီးတော့ ယူရုံခကာဘူး၊ ဖျောက်ပစ်တယ်၊ တော်ပြီ နောက်ကို…'

'တော်ပါတော့ မွန်ရာ၊ မွန့်စာအုပ်က ဘယ်လောက်တန်လို့လဲ'

'ကိုဇော် ဘာစကားပြောတာလဲ'

'တော်ပြီ မွန်၊ တော်ပြီ'

ထိုနေ့ကစပြီး မြတ်ထူးဇော်နှင့် သူမတို့ကြားထဲမှာ 'ထနောင်းစိမ်း'ဆိုတဲ့ ကဗျာစာအုပ်ကလေးက ဆက်ဆံရေးကို ကသိကအောက် ဖြစ်စေခဲ့ရသည်ပဲ။



နောက်တော့ ကိုဇော့်ကို ဘာမှပြောမနေမိတော့ဘဲ စာအုပ်အဟောင်းတန်းတွေမှာ ညိုသက်မွန် ရှာသည်။ နာမည်ကြီး ကဗျာဆရာ၏ နာမည်ကြီး လူကြိုက်များသော စာအုပ်မဟုတ်ဘဲ လူသိနည်းလွန်းသော ထိုစာအုပ်ကလေးကို ရှာရသည်က မလွယ်မှန်း ညိုသက်မွန် နားလည်လာသည်။

နောက်ဆုံးမှာတော့ စာရေးသူ ကဗျာရေးသူထံ စာရေးပြီးတောင်းရန် မဂ္ဂဇင်းထဲမှာပါသော ထိုကဗျာဆရာ၏ ကဗျာတစ်ပုဒ်အား ဖတ်နေရင်းမှ အတွေးရတော့၏။

သည်အတွေးအတိုင်း အကောင်အထည်ဖော်ရန် စာရေးပြီး မဂ္ဂဇင်းတိုက်လိပ်စာမှတစ်ဆင့် စာတိုက်က ထည့်သည်။

ညိုသက်မွန်၏အိပ်မက်မှာ ပျောက်သွားသော သူ့စာအုပ်ကလေး ပြန်ရောက်လာမှာပဲဟု မျှော်လင့်ခဲ့မိသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ၁

ညနေတိုင်း ဆုံနေကျလက်ဖက်ရည်ဆိုင်မှာ ထိုင်မိတော့ သူ့ဆီရောက်လာသည့် စာတစ်စောင်အကြောင်းကို မင်းသန့်က ပြောပြသည်။

'မင်းကဗျာစာအုပ်ကို ဒီလိုသိမ်းထားတဲ့သူ ရှိတယ်ဆိုတာ ကြုံတောင့်ကြုံခဲအဖြစ်ပဲ'

ဝတ္ထုလေးတွေ မဂ္ဂဇင်းထဲရေးနေသော ညိုဦးက ပြောသည်။

'ဘာဖြစ်ဖြစ် ကိုယ်တန်ဖိုးထားတဲ့စာအုပ် ပျောက်သွားတဲ့ခံစားမှုကို ငါ ကိုယ်ချင်းစာမိတယ်၊ ငါ့ဆီက 'စစ်တွင်းသို့' ပျောက်သွားတုန်းက ပြန်ရှာမရမချင်း တနုံ့နုံ့နဲ့'

www.burmeseclassic.com

www.burmeseclassic.com



စာမရေးသော်လည်း စာဖတ်ဝါသနာကြီးသောသူတို့နှင့် အတူထိုင်ဖော်ထိုင်ဖက် ကိုမြတ်ဝင်းက စကားထောက်သည်။ ကိုမြတ်ဝင်းက ဘွဲ့ရပြီး အလုပ်မလုပ်ဘဲ စာအုပ်အဟောင်းရောင်းနေသူ။ ဆိုင်နှင့်ဘာနှင့်မဟုတ်ဘဲ လှည်းတန်းပလက်ဖောင်းပေါ်မှာ ပျံကျရောင်းရသူ။ လိုချင် ဖတ်ချင်သည့် စာအုပ်ရှိလျှင် သူ့ကိုပဲ အပူကပ်ရစမြဲ။

'ဟိုတစ်လောက မင်းပြောပြတဲ့အကြောင်းလေး ငါ ဝတ္ထုတို ရေးဖြစ်တယ် မင်းသန့်'

'ဘာလဲ ခွေးလေးအကြောင်းလား'

'အေး… ဟုတ်တယ်'

'လုပ်ပါဦး၊ ငါ မသိသေးဘူး'

ကိုမြတ်မင်း မလာသည့်ရက်က သူ့အတွေ့အကြုံကို သူက ညိုဦးကို ပြောပြခဲ့တော့ ကိုမြတ်မင်း မသိသေးဟု ပြန်သတိရသည်။

'ပြောပြလိုက်ဗျာ မင်းသန့်'

'ဒီလိုဗျ ကိုမြတ်ဝင်း၊ တစ်နေ့ ကျွန်တော် ဒီဆိုင်မှာ ထိုင်နေတုန်းပေါ့၊ အဲဒီနေ့က ခင်ဗျားတို့နှစ်ယောက်လုံး ရောက်မလာကြဘူး'





သူတို့ထိုင်သည့် စားပွဲက လက်ဖက်ရည်ဆိုင်၏ ရှေ့ဆိုင်ပြင်ထုတ်ထားသည့် ခုံပုနှင့် စားပွဲလေး။ ဘတ်စ်ကားမှတ်တိုင်နောက် ခပ်ယွန်းယွန်းက ခြံကျယ်မှာ ဆိုင်ကဖွင့်ထားသည်ပဲ။

'ဟာ… ခွေး သွားစမ်းဆိုပြီး စားပွဲထိုးလေးရဲ့ ခွေးမောင်းသံနဲ့အတူ ခွေးပိန်လေးတစ်ကောင် ကျွန်တော့်စားပွဲဆီကို ကြောက်ကြောက်နဲ့ ပြေးလာတယ်ဗျာ'

'ခွေးလေးကြည့်ရတာ သေမွေးငသနာလေး၊ ခါးမှာလည်း ဒဏ်ရာကြီးနဲ့ ဘယ်သူရိုက်လွှတ်လဲ မသိဘူး၊ အဆာလွန်ပြီး ယိုင်တောင်ပိုင်နေတယ် ထင်ရတယ်။ ကျွန်တော့်စားပွဲဘေးနားက အမှိုက်တွေ၊ သစ်ရွက်ခြောက်တွေကို တရှုံ့ရှုံ့နဲ့နမ်းရင်း သစ်ရွက်ခြောက်တွေ ကိုက်စားနေတာမြင်ရတော့ အရမ်းစိတ်မကောင်းဖြစ်သွားတယ်ဗျာ'

'ရင်ထဲမှာ ပူနေလိမ့်မယ်ကွ'

ကိုမြတ်ဝင်းက စကားထောက်သည်။

'ဒါနဲ့ပဲ စားပွဲထိုးလေးကို ခေါ်ပြီးတော့ ကျွန်တော် ထမင်းတစ်ပွဲ မှာလိုက်တယ်၊ ကြက်သားနဲ့၊ ဆရာ စားမှာလား ဆိုတော့ မဟုတ်ဘူးကွ၊ သတင်းစာရွက်နဲ့ ထုပ်ထုပ်ခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ခုသည်အိတယ်၊ ယူလာတော့ ခွေးလေးကို ကျွေးဖို့လို့ပြောတော့ စားခွဲထိုးကလေးက ပထမ ငြိမ်သွားတယ်။ ပြီးမှ အပြင်သွားပြီး ကျွန်တော်ကျွေးမယ် ဆရာတဲ့၊ ဒီမှာကျွေးရင် ဆိုင်ရှင်က ကြိုက်မှာမဟုတ်ဘူးတဲ့'

'ဘာဖြစ်လို့လဲကွ'

'ကျွန်တော်လည်း ချက်ချင်းနားမလည်ဘူး၊ ဒီမှာကျွေးရင် ခွေးလေးက စားရမှန်းသိပြီး ဒီကိုနောက်လာနေမယ်တဲ့၊ အခုဝင်လာတာလည်း မကြိုက်လို့ မောင်းထုတ်ခိုင်းလို့ မောင်းထုတ်ရင်း ဆရာ့စားပွဲနား ရောက်လာတာလို့ပြောမှ ကျွန်တော်လည်း နားလည်သွားတယ်'

'အေး… ဟုတ်သားပဲ'

'ဒါနဲ့ အေးကွာ၊ ဘယ်နေရာမှာ ကျွေးမလဲမေးတော့ ဘတ်စ်ကားမှတ်တိုင်နောက်နားမှာ မြေလွတ်ရှိတယ်တဲ့'

'ကြော်ငြာဆိုင်းဘုတ်တွေနောက်မှာ'

'ဟုတ်တယ်၊ အဲဒီမှာကျွေးမယ်ဆိုပြီးတော့ ခွေးလေးကို သူ့ရှေ့က အနံ့ပေးပြီး အပြင်ခေါ်သွားတယ်၊ ခွေးလေးက အမြီးနှန့်ပြီး ကောင်လေးနောက်လိုက်သွားတာပေါ့၊ ယိုင်တိယိုင်ထိုးနဲ့မို့ ကောင်လေးခြေလှမ်းကို မမီဘူး၊ ကောင်လေးကတော့





ဆိုင်ရှင်ကြောက်လို့ထင်ရဲ့၊ ရှေ့က ခပ်သွက်သွက်သွားတယ်။ တော်တော်ကြာတော့ ကောင်လေး ပြန်လာတယ်၊ ကျွေးခဲ့ပြီလားမေးတော့ ကျွေးခဲ့ပြီတဲ့၊ အဲဒီ မြေလွတ်မှာ ထမင်းထုပ်ဖြည်ချထားတယ်တဲ့၊ ခွေးလေးကတော့ ထမင်းထုပ်ဆီ လာနေတုန်းပဲတဲ့'

'စားတာတော့ သူ စောင့်မကြည့်ဘူးပေါ့ကွာ'

'ဟုတ်တယ် ကိုမြတ်ဝင်း၊ သူကလည်း ဆိုင်ရှင်ကြောက်လို့ မြန်မြန်ပြန်လာပုံရတယ်'

'အင်း… ဆက်ပါဦး'

'ကျွေးပြီးပြီဆိုတော့လည်း ပြီးရောပေါ့ဗျာ၊ ကျွန်တော်လည်း ခင်ဗျားတို့စောင့်ရင်း ခဏထိုင်နေတယ်၊ ခင်ဗျားတို့မလာလောက်တော့ဘူးဆင်တော့ ပိုက်ဆံရှင်းပြီး ပြန်ခဲ့တာပေါ့၊ ကျွန်တော်က အဲဒီဘတ်စ်ကားမှတ်တိုင်က စီးရမှာဆိုတော့ အဲဒီကားမှတ်တိုင် လာခဲ့တာပေါ့'

'မင်းရောက်တော့ ခွေးကလေး မရှိတော့ဘူးလား'

'ခွေးကလေးကတော့ စားပြီးလောက်ရောပေါ့ဗျာ၊ ကားမှတ်တိုင်နောက်ဘက်က ကွက်လပ်ဆီ သေသေချာချာ ကြည့်ပေမယ့် ခွေးကလေးစားထားတဲ့ စားကြွင်းစားကျန် ဘာ



www.burmeseclassic.com

www.burmeseclassic.com



အစအနမှ မတွေ့ရဘူးဗျ'

'ထမင်းထုပ်တဲ့စက္ကူတော့ ကျန်မှာပေါ့'

'စက္ကူလည်းမရှိဘူး၊ ဘာဆိုဘာမှကို မကျန်တော့တာ၊ ထမင်းလုံး တစ်စေ့တောင် ကျမကျန်ခဲ့ဘူးဗျာ'

'ဟော...'

ကိုမြတ်ဝင်းက ခဏငြိမ်သွားသည်။ ပြီးမှ လက်ဖျစ်တစ်ချက်တီးလိုက်ရင်း-

'အေး... ဟုတ်တယ်၊ အဲဒါဝတ္ထုတိုပဲ'

'ကျွန်တော် ရေးတော့ရေးထားတာပဲဗျာ၊ နောက်နေ့ ယူလာခဲ့မယ်၊ ဖတ်ကြည့်ပါဦး'

ဟု ညီဦးက ကိုမြတ်ဝင်းကို လှမ်းပြောသည်။

လှမ်းမြင်နေရသော ဘတ်စ်ကားဂိတ်မှာ လူတွေက လျော့နည်းမသွားသေး။

❋ ❋ ❋

## ၆

ကဗျာပို့ပြီး မဂ္ဂဇင်းတိုက်မှလှည့်အထွက် အခန်းထဲဝင်လာသူနှင့် မျက်နှာချင်းဆိုင်မိသည်။ အကြည့်ဆုံခိုက် နှစ်ဦးလုံးက အကြည့်ကို လွှဲလိုက်ကြ၏။ လုံချည်အနက်နှင့် တီရှပ်နီညိုရောင်ကြောင့် ဝင်းသည့်အသားက စိုနေသလို။ ဖျတ်ခနဲမြင်ခိုက်မှာပင် ထူပြီးစိမ်းညို့သော မျက်ခုံးနှင့် တောက်ပကြည်လင်သော မျက်ဝန်းက သတိထားနိုင်စရာ။

'ကျွန်မ ကဗျာဆရာ မင်းသန့်ရဲ့ လိပ်စာလိုချင်လို့ပါ'

တံခါးဝနား ရောက်နေပြီဖြစ်သည့်ခြေလှမ်း တုံ့ခနဲဖြစ်သည်။ နောက်ပြန်လှည့်အကြည့် စာမူလက်ခံသည့် စားပွဲရှေ့မှာ ရပ်နေသည့် အမျိုးသမီး၏နောက်ကျောကို လှမ်းမြင်သည်။

www.burmeseclassic.com



'ဟိုမှာလေ… ကိုမင်းသန့်၊ ဒီမှာ ခင်ဗျားဧည့်သည်'

စာမှုလက်ခံသည့် ကိုလှဦးထံမှ စကားသံထွက်လာသည်။ စာမှုလက်ခံရာစားပွဲဆီ သူပြန်အလှော်က လှည့်ပြန်ငဲ့ကြည့်သော သူမနှင့် အကြည့်ဆုံပြန်၏။

'ကျွန်တော် မင်းသန့်ပါ'

အနားရောက်ခိုက် ပြုံးရုံတွန့်နေသော နှုတ်ခမ်းနှင့် စူးစိုက်ကြည့်နေသောသူမကို ပြောလိုက်သည်။

'ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်မ မမျှော်လင့်ဘဲ ဆုံခွင့်ရလိုက်တာ ကျွန်မ ကံကောင်းတာပဲ၊ ကျွန်မနာမည် ညိုသက်မွန်ပါ'

'ညို… မွန်'

သူ… ရေးခဲ့သည့် နာမည်ကို အမှတ်တရဖြစ်ရင်း နှုတ်မှ လျှံကျသွားသည်။

'ဟုတ်ပါတယ်၊ ညိုသက်မွန်ပါ'

'ကျွန်တော် ခင်ဗျားစာကိုရပါတယ်'

'ဟုတ်လား ဆရာ၊ ကျွန်မ အဲဒီကိစ္စ ဒီကိုရောက်လာခဲ့တာပါ၊ ဆရာ ကျွန်မဆီကစာကို မရဘူးထင်လို့ ဆရာ့လိပ်စာကို တောင်းယူမလို့ပါ၊ အခုတော့ အခန့်သင့်သွားတာပေါ့'



'ကျွန်တော် စာရပါတယ်၊ အလုပ်များနေလို့ မပို့မိသေးတာပါ၊ စာအုပ်လည်း ရှာထားပြီးပါပြီ'

'အရမ်းဝမ်းသာတာပဲ ဆရာရယ်၊ ကျွန်မ အဲဒီစာအုပ်လေး သိပ်လိုချင်နေတာ၊ ဆရာ အခု အချိန်နည်းနည်းရလားမသိဘူး'

'ဟုတ်ကဲ့… ကဗျာပို့ပြီး ပြန်ေ…မလို့ပါ'

'ဒါဆို ကျွန်မတို့ ဒီရှေ့က လက်ဖက်ရည်ဆိုင် ခဏထိုင်ပြီး စကားပြောလို့ရမလား၊ ကျွန်မ လက်ဖက်ရည်တိုက်ပါရစေ'

'ရပါတယ်၊ ကျွန်တော်က ဒီနေ့အလုပ်နားတဲ့ရက်ပါ၊ ကိုလှဦး လာဗျာ၊ လက်ဖက်ရည် လိုက်သောက်ပါဦး'

'ဟုတ်ကဲ့ လက်ဖက်ရည်သောက် လိုက်ခဲ့ပါရှင်'

'ဟာ… ရတယ် ကိုမင်းသန့်၊ သွားကြပါ၊ ကျွန်တော် ဒီမှာ မှတ်ပုံတင်သွင်းစရာလေးတွေ မပြတ်သေးလို့'

ကိုလှဦးက ခပ်ပြုံးပြုံး လှမ်းပြောသည်။

'ဒါဆို သွားမယ်နော်'

ကိုလှဦးကိုနှုတ်ဆက်ပြီး မဂ္ဂဇင်းတိုက်၏ အခန်းတွင်းမှ လှမ်းထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကားမှာ နှစ်ဦးယှဉ်အဆင်း သင်းခနဲ သင်းပျံ့လာသော ရေမွှေးနံ့ကိုရလိုက်၏။

ဘာရယ်မသိသော်ငြား တန်ဖိုးကြီးသည့် ရေမွှေး၏ ရနံ့ဟုတော့ ခံစားသိနေပြန်သည်။

❁ ❁ ❁



## ၇

ကဗျာကို ဝါသနာပါပုံ၊ တက္ကသိုလ်မှာ သူငယ်ချင်းတွေစုပြီး ကဗျာစာအုပ်ကလေးတွေ ထုတ်ခဲ့ကြပုံ၊ 'ထနောင်းမြိုင်' ကိုဖတ်ပြီး အလွတ်ရနေသည်အထိ နှစ်သက်ပုံ၊ သူ့အမျိုးသားကိုငှားလိုက်ပြီး အမျိုးသား၏ညီမငယ်က သူငယ်ချင်းတွေထုတ်ငှားရင်း ကဗျာစာအုပ်ကလေး ပျောက်သွားရပုံတို့ကို ဒီကာစဉ်ကာ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ညိုသက်မွန် ပြောပြသည်ပဲ။

ကျောင်းတက်စဉ်က ညိုသက်မွန်တို့လိုပင် သူလည်း ကဗျာစာအုပ်ကလေးတွေ စုပြီးထုတ်ဖြစ်ခဲ့ပုံ မင်းသန့်က ပြော

www.burmeseclassic.com

www.burmeseclassic.com



ရင်း ကဗျာတွေဖတ်ပြီး ကဗျာတွေရေးကြည့်ရန် အားပေးသည်။

'ကဗျာကို ဝါသနာမပါတဲ့လူနဲ့ဆိုရင် ကဗျာအကြောင်း ပြောလို့မရဘူးနော် ဆရာ'

'ကျွန်တော့်ကိုခင်ရင် ဆရာမခေါ်ပါနဲ့ဗျာ၊ မင်းသန့်က ကျွန်တော့်နာမည်ရင်းပဲ၊ မင်းသန့်ပဲခေါ်ပါ၊ ကျွန်တော်လည်း ဝါသနာအရ ကြိုးစားရေးနေဆဲလူတစ်ယောက်ပဲ မညိုသက်မွှန်'

ခပ်ပြုံးပြုံးပြောရင်း မင်းသန့်က ညိုသက်မွှန်၏မျက်နှာကို စူးစိုက်ကြည့်လိုက်မိသည်။ ညာဘက်နားသယ်ဆံစတွေကြားမှ အသားဝင်းဝါဝါ မှည့်နက်ကလေးတစ်လုံးကို မြင်လိုက်၏။

'ဒါဆိုလည်း ကိုမင်းသန့်လို့ပဲ ကျွန်မခေါ်မယ် ဟုတ်လား၊ ကျွန်မက ကဗျာတွေကိုရင်းနှီးပြီးသားဆိုတော့ လူကိုပါ ကိုယ့်စိတ်ထဲမှာ တအားရင်းနှီးနေသလိုပဲ'

'တအားရင်းနှီးတယ်ဆိုရင် ကျွန်မဆိုတဲ့ အသုံးအနှုန်းကလည်း မရင်းနှီးရာမကျဘူးလား'

သူ့စကားကြောင့် ညိုသက်မွှန် ပြုံးသည်။ နှုတ်ခမ်းတွန့်ရုံ သူမပြုံးသည့်အခါတိုင်း မျက်ဝန်းတို့မှ အပြုံးက ပိုပြီး အသက်ဝင်နေသလိုပင်။ မင်းသန့်ရှေ့မှာချထားသော လက်ဖက်



ရည်အကြမ်းပန်းကန်ထဲသို့ ရေနွေးကြမ်းကို ထည့်ပေးနေ၏။

'ကဗျာက ကဗျာဝါသနာပါတဲ့ လူနှစ်ဦးကို အချိန်ပိုင်းလေးအတွင်းမှာ တရင်းတနှီးဖြစ်စေတာ အမှန်ပဲ မညိုသက်မွှန်'

'နာမည်အပြည့်အစုံမခေါ်လည်း ရပါတယ် ကိုမင်းသန့်'

'ဟဲ… ညိုသက်ပေါ့နော်၊ ကျွန်တော် ညိုသက်လို့ ခေါ်မယ်'

သူ့မျက်ဝန်းနှင့် အကြည့်ဆုံကို ညိုသက်မွှန် ငေးစိုက်နေပြန်၏။

'ဘာဖြစ်လို့လဲဟင်'

'သြော်… အံ့သြလို့ပါ ကိုမင်းသန့်'

'ဘာလို့လဲဗျာ'

'ကိုယ့်ကိုကိုယ် ခင်မင်ရင်းနှီးတဲ့သူတွေနဲ့ဆိုရင် ညိုသက်ဆိုတဲ့ နာမ်စားကို သုံးတတ်တယ်'

'တိုက်ဆိုက်တာပဲနော်'

'ဒါပေမဲ့ ကိုမင်းသန့်နဲ့ မတွေ့ရခင်အထိ ဘယ်သူကမှ ညိုသက်လို့ မခေါ်ကြဘူး၊ မေမေကအစ အားလုံးက မွှန်လို့ပဲ [illegible]ဆွတ်ခေါ်ကြတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်...'

'စောစောကစကား ဆက်ပါဦး'

'ကျွန်တော် ဝတ္ထုတိုလေးတစ်ပုဒ် ဖတ်ဖူးလို့ပါ၊ ညိုသက် ဖတ်ဖူးချင်လည်း ဖတ်ဖူးမှာ'

'ဘာဝတ္ထုလဲ မသိဘူး'

'ရီးဒါးစ်ဒိုင်ဂျက်စ် အဟောင်းထဲက ဝတ္ထုလေးတစ်ပုဒ်ပဲ ညိုသက်'

'အင်္ဂလိပ်လိုဖတ်တာ အားနည်းတယ် ကိုမင်းသန့်၊ ပြောပါဦး'

'ခဏခဏ ထပ်ဖတ်မိလို့ မှတ်မိနေတာပါ၊ ဝတ္ထုလေးက ကိုယ်တွေ့ဝတ္ထုတိုပြိုင်ပွဲမှာ ပထမဆုရသွားတဲ့ ဝတ္ထုလေးပဲ၊ ရေးတဲ့သူကလည်း စာရေးဆရာကြီး မဟုတ်ပါဘူး၊ အမေရိကန်တပ်က ဗိုလ်မှူးချုပ်ဟောင်း 'အီးဘရီးဟား'ရေးတာ၊ ခေါင်းစဉ်က "Baggy Plants" ဆိုတဲ့ ဝတ္ထုလေး'

'ပြောပါ ကိုမင်းသန့်'

'၁၉၄၂ ခုနှစ်လောက်ကတဲ့ ဖော်မိုဆာကျွန်းပေါ်က 'ရှီရားကားဝါး'ဆိုတဲ့ သုံ့ပန်းစခန်းမှာ ကြုံခဲ့ရတဲ့ တကယ့်အဖြစ်အပျက်ကလေးတဲ့ ညိုသက်၊ အဲဒီ စစ်သုံ့ပန်းစခန်းလေးမှာ



အမေရိကန် စစ်သုံ့ပန်း (၇၀)လောက်ရှိတယ်တဲ့၊ အဲဒီအထဲမှာ စာရေးတဲ့သူလည်း ပါတာပေါ့။ တိုတိုပဲပြောရရင်တော့ ဂျပန်တွေက အဲဒီ စစ်သုံ့ပန်းစခန်းလေးကို မထင်ရင် မထင်သလို လျှပ်တစ်ပြက် ဝင်ရှာတတ်တယ်တဲ့။ တစ်နေ့ မနက်စောစော နှစ်နာရီလောက်မှာ အဲဒီလိုပဲ ဝင်ရှာလိုက်တာ စာရေးသူရဲ့ ဒိုင်ယာရီစာအုပ်တွေ၊ စာရွက်စာတန်းတွေ မိသွားပါရောတဲ့။ စာရေးသူက အဲဒီစခန်းမှာနေရတဲ့ အတွေ့အကြုံတွေကို စာနဲ့တစ်မျိုး၊ ကဗျာနဲ့တစ်မျိုး ရေးထားတာတွေ ပါသွားတယ်တဲ့၊ စာရေးတဲ့သူက ကဗျာဆရာပေါက်စပေါ့။ အဲဒီလို စာရွက်စာတန်းတွေမိပြီဆိုရင် ပြင်းပြင်းထန်ထန် အရေးယူတတ်တာ ဟိုတုန်းက အတွေ့အကြုံအရ သိထားတော့ ကြောက်နေတာပေါ့၊ အဲဒီမယ် မိသွားသူတွေကို တစ်ဦးချင်းကို ခေါ်ခေါ်တွေ့ပြီးစစ်သတဲ့၊ သူ့ရှေ့ကနှစ်ဦးလည်း သူလိုပဲ စာရွက်စာတန်းတွေမိတော့ တိုက်ပိတ်အပြစ်ပေးခံခဲ့ရတာပေါ့၊ စာရေးတဲ့သူက သူ့အလှည့်ကို ရင်တဒိတ်ဒိတ်နဲ့ စောင့်နေရတာပေါ့၊ သူ့မှာက ရှေ့ကလူတွေထက်ထူးပြီး ကဗျာတွေတောင် မိသွားတော့ ပိုပြီးအပြစ်ကြီးမယ်ထင်ပြီး ကြောက်နေတာပေါ့'

'စိတ်ဝင်စားစရာပဲ ကိုမင်းသန့်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ သုံ့ပန်းစခန်းမှူး ဂျပန်ကြီးကလည်း အရုပ်ဆိုး၊ အရမ်းကြမ်းတဲ့၊ ဒါနဲ့ သူ့ကို ကွယ်ရာမှာဆို နာမည်ပြောင်နဲ့ သူတို့က ခေါ်ကြသတဲ့၊ မြန်မာလိုပြောရရင်တော့ မနှစ်မြို့တဲ့ နာမည်ပြောင် 'ချဥ်ဘတ်ကြီး'လို့ ခေါ်သလိုမျိုးပေါ့'

'ငပွကြီး'တို့ 'ချဥ်ဘတ်ကြီး'တို့ ခေါ်ကြသလိုမျိုးပေါ့ နော်'

'ဟုတ်တယ် ညိုသက်'

'သူ့ကွယ်ရာမှာ ခေါ်ခေါ်နေပေမယ့် ဒီဂျပန်ကြီးက လည်း သူ့ကို အဲဒီလိုခေါ်တာ ရိပ်မိသတဲ့၊ အဓိပ္ပာယ်အပြည့်အဝ မသိတောင်မှ မနှစ်မြို့လို့ နာမည်ပြောင်ပေးထားတာကို သိသလို ပဲတဲ့'

'အင်း'

'အဲဒီချဥ်ဘတ်ကြီးက သူ့ကို ဘယ်တော့လာခေါ်မလဲ စောင့်ရင်း တစ်နေ့တော့ သူ့ကို စစ်သုံ့ပန်းဝင်းထဲမှာ လာတွေ့ သတဲ့'

'ဝင်းထဲမှာတွေ့တယ် ဟုတ်လား'

'ဝင်းထဲမှာ သူက ပန်းပင်တွေကြားထဲမှာ အလုပ်လုပ် နေတုန်း သူ့ဆီရောက်လာတာတဲ့၊ အကျယ်ချုပ်သဘောဖြစ်မှာ





ပေါ့ ညိုသက်ရာ'

'အင်း… ရောက်လာပြီး သူ့ကိုခေါ်တာလား'

'မခေါ်ဘူး၊ လက်ထဲမှာ စာရွက်စာတန်း ဖိုင်တစ်ခု ကိုင်ရင်း လာ ပ်တော့ သူက အလေးပြုလိုက်သတဲ့။ အဲဒီတော့ ခင်ဗျား 'ဘရိုးဟား'လားလို့မေးတော့ သူက ဟုတ်ပါတယ် ပြောလိုက်တယ်တဲ့၊ အဲဒီအချိန်မှာ 'ချဥ်ဘတ်ကြီး'က ခင်ဗျား ကဗျာဆရာလားလို့ ရုတ်တရက်မေးလိုက်တော့ သူ အံ့ဩသွား တာပေါ့'

'သိမ်းသွားတဲ့ သူ့ကဗျာတွေကို ဖတ်မိလို့ပေါ့'

'ဟုတ်တယ် ညိုသက်၊ သူက ကဗျာဆရာမဟုတ်ပါ ဘူး၊ ကဗျာ ကြိုးစားရေးနေဆဲပါ၊ ခံစားလာရရင် ကဗျာတွေ ရေးမိတဲ့ အဆင့်ပါပဲလို့ ပြန်ပြောသတဲ့၊ အဲဒီတော့ ချဥ်ဘတ် ကြီးက ဒီကဗျာတွေ ခင်ဗျားရေးတာပေါ့လို့မေးတော့ သူလည်း ခြွင်းဘဲ ဟုတ်ပါတယ်ပြောပြီး ခေါင်းငုံ့လိုက်သတဲ့၊ သူ ဝန်ခံ ပြီးမှတော့ သူ့မှာ အပြစ်ရှိပြီမို့ ချဥ်ဘတ်ကြီး သူ့ကို အပြစ်ပေး တော့မှာပဲတွေးရင်း တုန်လှုပ်နေတာပေါ့၊ အဲဒီခဏမှာပဲ ချဥ် ဘတ်ကြီးက ကျွန်တော် ခင်ဗျားကဗျာတွေ ကြိုက်တယ်ဗျာလို့ လေသံဖျော့ပြီး ပြောလိုက်သတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဪ…'

'ဘရိုးဟာက အရမ်းအံ့သြသွားတာပေါ့၊ မယုံသလိုနဲ့ ချဉ်ဘတ်ကြီးမျက်နှာကိုကြည့်တော့ အတည်ပြောနေတယ်ဆိုတာ သိသာသတဲ့၊ ဒါနဲ့ ဘယ်ကဗျာကြိုက်တာလဲလို့မေးတော့ ခင်ဗျား မိသားစုကိုလွမ်းပြီး တမ်းတမ်းတတ စာရေးထားတဲ့ ကဗျာပေါ့ဗျာ၊ ကျွန်တော် အရမ်းခံစားရတာပဲတဲ့၊ အဲဒီလိုလည်း ပြောလိုက်ရော ဘရိုးဟားက စိတ်ကလွှတ်သွားပြီး အားရကြည်နူးစွာနဲ့ သူ့ရှေ့က ရပ်နေတဲ့ ချဉ်ဘတ်ကြီးရဲ့ပခုံးကို ကိုင်လှုပ်ရင်း 'ဟာ… ချဉ်ဘတ်ကြီး ခင်ဗျား ကျွန်တော့်ကဗျာတွေကို တကယ်ဖတ်ထားတာပဲ၊ ခင်ဗျား တကယ်ကြိုက်တာလား။ ဝမ်းသာလိုက်တာလို့ ပြောပြီးမှ သူ့ကိုယ်သူ သုံ့ပန်းမှန်းသတိရပြီး အလေးပြန်ပြု သတိအနေအထား ရပ်လိုက်တယ်တဲ့၊ ပါးစပ်က ချဉ်ဘတ်ကြီးလို့ တရင်းတနှီးထွက်သွားပြီးမှ မှားသွားတာလည်း သတိထားလိုက်မိသတဲ့'

'အရမ်းကြည်နူးသွားတော့ ပကတိအနေအထားတွေ မေ့သွားတာပေါ့နော်၊ အဲဒီတော့ ဘာပြန်ပြောလဲ ကိုမင်းသန့်'

'ချဉ်ဘတ်ကြီးကတော့ စိတ်ဆိုးတဲ့အမူအရာမပြဘူးတဲ့၊ ငါ့ကို မင်းတို့ မနှစ်မြို့လို့ ဒီနာမည်ခေါ်တာလည်း ငါ



သိပါတယ်တဲ့၊ ဒါတွေက တာဝန်ပိုင်းတွေပါတဲ့၊ ငါ အခုမင်းကို စကားပြောတာ၊ ငါကြိုက်တဲ့ကဗျာဆရာနဲ့ စကားပြောတာပါတဲ့၊ ဒီတော့ ဘရိုးဟားက အရမ်းကြည်နူးတာပေါ့၊ မင်း ဘာလို့ အဲဒီကဗျာကိုကြိုက်တာလဲမေးတော့ ငါလည်းမင်းတို့လိုပဲ ဒီကျွန်းမှာ မိသားစုနဲ့ ခွဲနေနေတာပဲကွာ၊ မင်းရင်ထဲက ခံစားရသလို ငါ့ရင်ထဲမှာလည်း ခံစားရတာပေါ့တဲ့၊ ငါ ဂျပန်လို အဲဒီခံစားမှုကို ကဗျာရေးထားတာရှိတယ်လို့ ပြောသတဲ့'

'သူကလည်း ကဗျာဆရာပေါ့'

'ဘရိုးဟားက မင်းလည်း ကဗျာရေးသလားမေးတော့ ငါက မင်းလောက် မရေးတတ်သေးပါဘူးတဲ့၊ ဝါသနာအရမ်းပါလို့သာ ရေးနေတာပါတဲ့၊ ငါ့ကဗျာတွေကို အင်္ဂလိပ်လို ကြိုးစားပြန်ပြီး မင်းကို လာပြမယ်၊ ငါ့ကို ပြင်ပေးစမ်းပါလို့ ပြောသတဲ့'

'ဝါသနာတူချင်းတွေ့သွားကြပြီ'

'ဒါနဲ့ သူတို့နှစ်ယောက် ကဗျာတွေအကြောင်းပြောရင်း ရင်းနှီးသွားကြတာ၊ တကယ့်ငယ်ပေါင်းကြီးဖော်တွေ ကဗျာဆွေးနွေးနေကြသလိုပဲတဲ့၊ သုံ့ပန်းဆိုတာနဲ့ သုံ့ပန်းစခန်းက တာဝန်ရှိတဲ့ ရက်စက်တဲ့အရာရှိဆိုတာတွေ မေ့သွားကြသတဲ့'

www.burmeseclassic.com



'တာဝန်အရ အရှမ်းဝေးနေတဲ့ လူနှစ်ယောက်တောင်မှ ကဗျာကြောင့် အနီးဆုံးလူနှစ်ယောက် ဖြစ်သွားကြတာပေါ့နော် ကိုမင်းသန့်'

'ဟုတ်တယ် ညိုသက်'

'ကိုမင်းသန့်နဲ့ စကားပြောရတာ ညိုသက် မကြားဖူးဘာတွေ ကြားရတယ်၊ စာစောကအကြောင်းဆို မဖတ်ဖူးသေးတဲ့ ဝတ္ထုတိုလေးကို ဖတ်လိုက်ရသလိုပဲ'

သူက လက်မှနာရီကိုကြည့်ရင်း-

'ကဲ... ဒါဆို မနက်ဖြန် လိုချင်တဲ့ကဗျာစာအုပ်ကလေးကို လာပေးမယ်၊ အမျိုးသားလည်း ခေါ်ချင်ခေါ်ခဲ့ပေါ့'

'သူ အလုပ်နဲ့နယ်ကိုသွားပြီ ကိုမင်းသန့်၊ တစ်ပတ်ကျော်သွားပြီ'

'ဪ'

'ဘယ်ကိုလာခဲ့ရမလဲ'

သူတိုင်သည့် လက်ဖက်ရည်ဆိုင်နေရာနှင့် အချိန်ကို ပြောလိုက်၏။ ပိုက်ဆံရှင်းပြီး ဆိုင်ထဲက အတူထွက်ခဲ့ကြသည်။ မဂ္ဂဇင်းတိုက်အဝမှာ ရပ်နေသည့် ကိုလှဦးက သူတို့ကိုမြင်ပြီး လက်ပြနေတာ တွေ့သည်။

✵ ✵ ✵



၈

ညိုဦးတို့၊ ကိုမြတ်ဝင်းတို့ မရောက်မီ တစ်နာရီလောက်စောပြီး လက်ဖက်ရည်ဆိုင်ကို မင်းသန့် ရောက်လာ၏။ အလုပ်ကဆင်းပြီး လက်ဖက်ရည်ဆိုင်ကို တန်းလာခဲ့သည်။ ညိုသက်မှန်ကို ချိန်းထားသည့်အချိန်ထက် နာရီဝက်လောက် သူက စောပြီးရောက်၏။

'အစ်ကို စောလှချည်လား'

'ညှော့သည်နဲ့ ချိန်းထားလို့ကွ'

စားပွဲထိုးကလေးကို ပြန်ပြောရင်း သူသောက်နေကျ လက်ဖက်ရည်မှာသည်။ သူတို့ထိုင်နေကျ စားပွဲနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ကထိုးဆဲ။ အရိပ်ရှိသည့် ဘေးက စားပွဲမှာ သူ ဝင်ထိုင်ရင်း ညိုသက်မွန်အကြောင်း အတွေးရောက်သည်။ ပထမတစ်ကြိမ် ဆုံမှူးရုံဖြင့် ရင်းနှီးကျွမ်းဝင်သွားကြသည့်အဖြစ်က အံ့ဩချင်စရာ။ ဝါသနာတူသူချင်းမို့ အကျွမ်းတဝင်ဖြစ်လွယ်သည်ပဲထင်၏။

ဆိုင်ရှေ့ မျှော်ကြည့်ဆဲမှာ ဆိုင်ဆီလှမ်းကြည့်ရင်း လျှောက်လာသော ညိုသက်မွန်ကို တွေ့သည်။ တစ်ခါမြင်ဖူးရုံမျှ မှတ်မိလွယ်အောင် ထူးခြားသည့်ရုပ်ဟု မင်းသန့်ထင်သည်။ ဝါမွတ်သည့် အသားအရေက ညက်စင်လတ်ဆတ်သည်။

'လာထိုင် ညိုသက်'

အနားရောက်လာသည့် ညိုသက်မွန်ကို ခုံပုလေးတစ်လုံးဆွဲပေးရင်း သူ ပြောသည်။

'လာ ညီမလေး ထိုင်'

သူ့ဘေးနားက သူ့ညီမလေးကို ညိုသက်မွန်က လှည့်ပြောရင်း ဝင်ထိုင် ။

အမှတ်မဲ့ လက်မှနာရီကို ကြည့်လိုက်မိသည်။ ချိန်းထားသည့်အချိန်ထက် ငါးမိနစ်လောက် စောနေသေးသည်ပဲ။





'ညိုသက် နောက်ကျလို့လား'

ပြောရင်း ညိုသက်မွန်က သူ့လက်မှနာရီကို ကြည့်သည်။

'မကျပါဘူး၊ ငါးမိနစ်စောနေသေးတယ်'

'ကိုမင်းသန့် ရောက်တာကြာပြီလား'

'မကြာသေးဘူး ညိုသက်၊ ဆယ့်ငါးမိနစ်လောက်ပဲ ရှိဦးမယ်'

'ဒါ ချိုတဲ့၊ ညိုသက် ညီမလေး၊ ချို ဒါ ကဗျာဆရာ မင်းသန့်'

နှစ်ယောက်ကို မိတ်ဆက်ပေးသည်။ ပြုံးပြရင်း အသိအမှတ်ပြုကာ–

'ညိုသက် ဘာသောက်မှာလဲ၊ ချိုရော'

'လက်ဖက်ရည်ပဲမှာပေးပါ ကိုမင်းသန့်'

မနေ့က ညိုသက်သောက်တတ်တာ သူ့နှယ်ဟု သတိထားမိရင်း ချိုပေါ့ကျတစ်ခွက်နှင့် ပုံမှန်တစ်ခွက်မှာသည်။

'ချိုက ပုံမှန်ပဲထင်ပါတယ်နော်'

ညိုသက်မွန်၏ ညီမလေး ချိုက ခေါင်းညိတ်ပြရင်း ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမွန်သောက်တာသိနေတယ်နော်'

မင်းသန့်ရော ညိုသက်မွန်ပါ ပြုံးမိလျက်သားဖြစ်ပြီး နှုတ်ကတော့ စကားသံထွက်မလာ။

'စာအုပ်က နည်းနည်းတော့ ဟောင်းနေပြီ ညိုသက်'

စကားတိတ်ဆိတ်နေမှုမှ ထွင်းဖောက်ကျော်လွှားနိုင်ရန် ကဗျာစာအုပ်ငယ်ကလေးကို ထုတ်ယူပြီးပြောလိုက်၏။ ပြီးတော့ ညိုသက်မွန်ဆီ လှမ်းပေးသည်။

'ရတယ် ကိုမင်းသန့်၊ ဒီစာအုပ်ကလေး ကို ရှာလိုက်ရ တာ ဘယ်မှာမှမတွေ့ဘူး၊ ဒီတစ်ခါတော့ သေသေချာချာ သိမ်းမှ'

ပြောရင်း စာအုပ်ကလေးကို တယုတယ လှန်ကြည့်နေသည်။

ကဗျာချစ်တဲ့ ညိုသက်အတွက် သူက ပထမစာမျက်နှာမှာရေးပြီး လက်မှတ်ထိုးထားသည်ပဲ။

'ဒီအထဲက ကဗျာလေးတွေကို ညိုသက် အတော်များများ အလွတ်ရတယ်'

'မမွန်ကအမြဲလိုလိုရွတ်နေတာ၊ သီချင်းဆိုနေသလိုပဲ'

'ခံစားရတဲ့အတိုင်း ရေးထားတဲ့ အချစ်ကဗျာလေးတွေ



ထင်ပါတယ်။ ခံစားမှုကူးစက်လွယ်တဲ့သဘောနေမှာပေါ့'

ညိုသက်မွန်တို့ ညီအစ်မကိုကြည့်ရင်း မင်းသန့်က ပြောသည်။

ကဗျာတွေအကြောင်း၊ ဝတ္ထုလေးတွေအကြောင်း သူတို့ပြောနေမိကြစဉ်မှာ ညိုဦးနှင့် ကိုမြတ်ဝင်းတို့ ဆိုင်ထဲဝင်လာတွေ့သည်။

'လာကြလေဗျာ'

ဟု မင်းသန့်က ကိုမြတ်ဝင်းကိုခေါ်တော့ ရတယ် ဒီမှာထိုင်မယ်ဟု သူတို့ထိုင်နေကျ စားပွဲမှာ ဝင်ထိုင်သည်။

'ဒီဘက်ကတစ်ယောက်က ညိုဦးလေ'

'ဝတ္ထုတိုတွေရေးတဲ့ဆရာလား'

'ဟုတ်တယ် ညိုသက်၊ မိတ်ဆက်ပေးမယ်လေ'

'ပြန်ကြရအောင် မမွန်၊ တို့ သွားစရာရှိသေးတယ် လေ'

'နောက်မှပဲ ကိုမင်းသန့်ရယ်၊ ဆုံဦးမှာပေါ့၊ သွားစရာ တစ်ခုက ရှိနေသေးလို့၊ စာအုပ်ပေးတာ ကျေးဇူးပဲနော်၊ လက်ဖက်ရည်ဖိုး ညိုသက် ရှင်းမယ်'

'ဟာ… ကိုယ်ရှင်းမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အားတုံ့အားနာ ညိုသက်မွန်မျက်နှာဆီ ဖျတ်ခနဲကြည့်တော့ ညိုသက်မွန်က ပြုံးနေတာတွေ့သည်။ ကျွန်တော် ဆိုသည့် နာမ်စားနေရာမှာ ဘာလို့ ရင်းနှီးကျွမ်းဝင်စွာ ကိုယ်လို့ သုံးလိုက်မိရပါသလဲ။ ညိုသက်ညီမလေး ရိပ်မိသွားတော့မှာပဲ စိုးရိမ်ပူပန်သည်။

'ဒါဆိုသွားမယ်နော် ကိုမင်းသန့်'

'သွားလိုက်ပါဦးမယ်'

ထိုင်ရာမှရပ်ရင်း ဆိုင်တွင်းမှ ထွက်သွားကြသည်။ မင်းသန့်က ညိုဦးတို့စားပွဲကို ပြောင်းထိုင်၏။

'ခြေလှမ်းကျဲလှချည်လား'

ဆိုသည့် ညိုဦးအမေးကို အစအဆုံး မင်းသန့်က ရှင်းပြလိုက်ရ၏။

❁ ❁ ❁

# ၉

'မင်းတို့ နောက်ထပ် မတွေ့ကြရင်ကောင်းမယ်'

'ဘာဖြစ်လို့လဲ'

ညိုဦးစကားကြောင့် ညိုဦးမျက်နှာကို ငေးကြည့်မေးဖြစ်သည်။

'ငါတို့ ခဏလေးတွေ့လိုက်တာနဲ့ မင်းတို့နှစ်ယောက်ရဲ့မျက်လုံးထဲမှာ သံယောဇဉ် အငွေ့အသက်တွေကိုတွေ့ရတယ်နော် မင်းသန့်'

'ဟာကွာ... သူ့မှာ ရည်းစားနဲ့ပဲ'

'အဲဒါကြောင့်ပြောတာ'

www.burmeseclassic.com

www.burmeseclassic.com



'လက်ထပ်ထားတာမှ မဟုတ်တာ'

ကိုမြတ်ဝင်းနှင့် ညိုဦးတို့ စကားပြိုင်တူထွက်သည်။

'မဟုတ်ပါဘူးကွာ၊ ဝါသနာတူချင်း ရင်းနှီးလွယ်တဲ့ သဘာပါ'

'အဲဒီကာစတာပဲ မင်းသန့်'

'သမုဒယဆိုတာ ပြောလို့တော့ မရဘူးပေါ့ဗျာ'

ကိုမြတ်ဝင်းက ချင့်ချင့်ချိန်ချိန် ပြောသည်။

'မင်းတို့ပြောမှပဲ ငါ ညိုသက်ကို လွမ်းချင်လိုလို ဖြစ်လာပြီ'

'ညိုသက်မွန်ကို မင်းက ညိုသက်လို့ခေါ်နေပြီလား'

'စတွေ့ကတည်းက'

ညိုဦးက ဟက်ခနဲရယ်သည်။

'ဘာရယ်တာလဲ ညိုဦး'

'မင်းပြောဖူးတာ သွားသတိရလို့ပါ'

'ဘာလဲ'

'မင်းအလုပ်ထဲမှာ ကော့စတစ်ဆိုဒါကို မိုးရွာနေတုန်း မိုးရေထဲဖြတ်သွားပြီး စတိုမှာထုတ်ဖို့ အလုပ်သမားလေး လာပြောတာလေ၊ ရေထိရင် ဒုက္ခရောက်တယ်ဆိုတာ မသိတော့





ကြောက်ဘူးလို့ မင်းပြောဖူးတယ်'

'အင်း'

'အခု မင်းလည်း မသိလို့မကြောက်တာလား'

'ဘာကိုလဲ'

'အချစ်ဆိုတာကို'

သူ ဘာမှပြန်မပြောမိဘဲ ကိုမြတ်ဝင်းမျက်နှာကိုသာ ငေးစိုက်ကြည့်နေမိပြန်၏။

အတွေးထဲမှာ ညာဘက်နားသယ် ဆံစကြားထဲက ည့်ကလေးက ဘာလို့ထင်ထင်ရှားရှား ပေါ်လာရတာတဲ့လဲ။

'ပြီးပါပြီကွာ'

'ဘာ'

'တွေ့စရာမှ မရှိတော့တာဘဲ'

ပြန်မတွေ့နိုင်တော့ပါလား အတွေးက ကြေကွဲစရာ ခံစားလာရပြန်ပြီပဲ။

'ထပ်တွေ့စရာမရှိတော့ဘူးလား'

ညိုဦးကို ခေါင်းယမ်းပြလိုက်မိ၏။ ရင်ထဲမှာ ဘာ ကြောင့် လှုပ်ခါသွားရပါသလဲ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

'ဟာ… ဟိုမှာ'

'ဘာလဲကွ'

'ညိုသက် …. ညိုသက်'

တနင်္ဂနွေမနက်ပိုင်း မင်းသန့် ညိုဦးနှင့်ချိန်းပြီး လှည်းတန်းက လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်သည်။ စကားပြောရင်းစမ်းမဆီ မျှော်အကြည့်မှာ ညိုသက်ကိုလှမ်းမြင်တော့ နှုတ်မှနှုတ်တရက်အသံထွက်ပြီး ဆတ်ခနဲထရပ်၏။ ပြီးတော့ လက်ဖက်ရည်ဆိုင်ထဲက ခပ်သုတ်သုတ်ထွက်သွားသည်။ ခဏကြာ ညိုသက်မွန်နှင့်အတူ ဆိုင်ထဲ ပြန်ဝင်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'ညိုသက် ဒါ ညိုဦးလေ၊ ဟိုနေ့က မိတ်ဆက်မပေးလိုက်ရဘူး၊ ညိုဦး ဒါ ညိုသက်မွန်တဲ့'

'ဟိုးတစ်နေ့က လက်ဖက်ရည်ဆိုင်လာတာ မြင်လိုက်တယ်'

'ဆရာ့ဝတ္ထုတိုတွေ ဖတ်ဖူးပါတယ်'

'ဆရာ မခေါ်ပါနဲ့ဗျာ၊ မင်းသန့်ခေါ်သလိုပဲ နာမည်ပဲ ခေါ်လို့ရပါတယ်'

ဝင်ထိုင်ပြီးတော့ မင်းသန့်ကမိတ်ဆက်ပေးလိုက်သည်။

'ဈေးဝယ်လာတာလား'

လှည်းတန်းဈေးဘက်ဆီက ပြန်လာသည်မို့ ညိုဦးက မေးလိုက်ဟန်တူ၏။

'လူကြုံထည့်ပေးလိုက်လို့ ပစ္စည်းသွားယူတာလေ'

ပြောရင်း စားပွဲပေါ်တင်ထားသော ပလတ်စတစ်အိတ်ကလေးကို ပုတ်ပြသည်။

'သနပ်ခါးတုံးတွေလေ၊ ကိုဇော်ထည့်ပေးလိုက်တာ'

'ဪ…'

သူ့ရည်းစားက ထည့်ပေးလိုက်တာပါလားသိရင်း အကြည့်လွှဲလိုက်မိ၏။





'ကိုဇော်က ညိုသက် သနပ်ခါးမလိမ်းတတ်တာ၊ မိတ်ဆက်မလိမ်းတတ်တာ သတိမထားမိဘူးလား မသိဘူး၊ ဒါမှမဟုတ် မေမေ့အတွက်ပို့လိုက်တာ ဖြစ်မယ်'

ညိုသက်မွန်က မျက်နှာလွှဲသွားသော မင်းသန့်ကို မကြည့်ဘဲ ညိုဦးကိုကြည့်ရင်းပြောသည်။

'မကြိုက်တာလား'

'ဟုတ်တယ်၊ ညိုသက်က မျက်နှာအလှဆီလောက်ပဲ သိမ်းတတ်တာ'

'ဒါပေမဲ့ နှုတ်ခမ်းနီတော့ ကြိုက်ပုံရတယ်'

ပြောလိုက်သည့် မင်းသန့်မျက်နှာဆီ ညိုသက်မွန် ဖျတ်ခနဲအကြည့်ရောက်သည်။

'ကိုမင်းသန့် ထင်တာလား'

'မဟုတ်ဘူး၊ စတွေ့တဲ့နေ့က မျက်နှာမှာ ဘာမှမလိမ်းထားမယ့် နှုတ်ခမ်းနီဖျော့ဖျော့ ဆိုးထားတာတွေ့လို့'

ညိုသက်မွန်မျက်နှာမှာ ရှက်သွေးနှင့် ပီတိ ရောနှောတက်သန်းသွားသလိုဖြစ်ပြီး အကြည့်ကိုလွှဲသည်။

'ကဗျာဆရာပဲ၊ ဒီလောက်တော့ မြင်တတ်ရမှာပေါ့၊ ဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ဟု ညိုဦးက ညိုသက်မွန် အရှက်ပြေရန် စကားဖော့ဖော့ပြောလိုက်သည်။

'ကဗျာဆရာက သူများမမြင်တာကို မြင်တတ်တာမဟုတ်ဘူးတဲ့၊ မြင်နေကျအရာကိုပဲ သတိထားမိအောင် လုပ်ပေးတတ်တာတဲ့၊ အဲဒီလိုဖတ်ဖူးတယ်'

'အမှန်ပဲ ကိုမင်းသန့်၊ ကြည့်ပါလား… ထနောင်းစိမ်းတာကို ညိုသက်က ငယ်ငယ်ကတည်းက ရင်းနှီးခဲ့တာ၊ ညိုသက်တို့ငယ်ငယ်က အညာမှာအကြာကြီး နေခဲ့ဖူးတာလေ၊ ဒါပေမဲ့ ကိုမင်းသန့်လို ထနောင်းရဲ့စိမ်းပုံကို သတိမထားဖြစ်ဘူး။ တမာ၊ ထန်းနဲ့ တခြားအပင်တွေ စိမ်းတာနဲ့မတူတဲ့ အစိမ်းဆိုတာ သတိမထားဖြစ်ဘူး။ ပြီးတော့ အဲဒီလို အစိမ်းရောင်မျိုးက တပေါင်းကုန်ခါနီးမှာဆိုတာလည်း ကဗျာထဲက ပထမပုဒ် 'တပေါင်းအစိမ်း ထနောင်းစိမ်းရာသီ' လို့တွေ့မှ သြော်… ဟုတ်ပါလားလို့ သတိထားမိပြန်ရော'

ညိုသက်မွန် စကားဆုံးတော့ ညိုဦးက ဟိုတစ်နေ့က ကိုမြတ်ဝင်းကို ပြောပြသည့် ခွေးကလေးကို ထမင်းကျွေးသည့် အကြောင်း သူရေးထားသည့် ဝတ္ထုတိုလေးကို ဆက်ပြောသည်။

ညိုဦးစကားအပြတ်မှာ ညိုသက်မွန်က လက်မှနာရီ



ကို ကြည့်၏။

'ပြန်ချင်ပြီလား'

'ပြန်ချင်တာတော့ မဟုတ်ပါဘူး၊ ပြန်မှဖြစ်မှာ'

ကြည့်ရင်း စကားမဆိုဖြစ်။

'မှတ်တိုင်ကို ကိုယ်လိုက်ပို့မယ်'

မင်းသန့်က ပြောပြီးထရပ်လိုက်၏။

တစ်စုံတစ်ရာပြန်ပြောမည်ပြင်ပြီးမှ မပြောတော့ဘဲ ညိုသက်မွန်က ထရပ်သည်။

'ပြန်မယ် ကိုညိုဦး၊ စာကြောင်းပေကြောင်းပြောရရင် ညိုသက်ကလည်း ထမင်းမေ့ ဟင်းမေ့ပဲ၊ နောက်မှ လာခဲ့ပါဦးမယ်'

'မင်း ပြန်လာမှာလား'

'လာမှာပေါ့'

'ဟိုဘက်နားကနေ တက္ကစီငှားပြီးပြန်မယ်'

ညိုသက်မွန်နှင့်အတူ မင်းသန့်က လက်ဖက်ရည်ဆိုင်ထဲက ထွက်လာခဲ့သည်။ ဟိုး စတွေ့စဉ်က ရေမွှေးနံ့ အငွေ့အသင်းကို ရလိုက်ပြန်ပြီပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

တက္ကစီငှားလို့ရသည့်နေရာမှာ သူတို့ယှဉ်ပြီးရပ်လိုက်ကြသည်။ ပခုံးချင်းထိလုနီး ယှဉ်ရပ်နေရာမှ ညိုသက်မွန်က ကိုယ်ကိုလှည့်ပြီး မျက်နှာချင်းဆိုင်လိုက်၏။

'ကိုမင်းသန့်'

'ဟင်'

'ဘာလို့ ညိုသက်ကို လိုက်ပို့ချင်တာလဲ'

'ညိုသက် မကြိုက်ဘူးလား'

'မတော်ဘူးထင်လို့'

'အဲလို မစဉ်းစားမိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ညိုသက်မွန်ထံမှ သက်ပြင်းဖွဖွချသံ ကြားလိုက်သည်၊ ခေါင်းငြိမ်နေပြီးမှ –

'လိုက်မပို့ပါနဲ့၊ ရတယ်လို့ ညိုသက် ပြောမလို့ပဲ ဒါပေမဲ့ နှုတ်ကထွက်မလာဘူး၊ ကိုညိုဦးရှေ့မှာမို့လား မသိဘူး'

'ကိုယ်ရှက်သွားမှာစိုးလို့လား'

'ထင်တယ်'

'ကိုယ် ညိုသက်နဲ့ စကားပြောနေရတာကို ကြည်နူးတယ်၊ မပြန်စေချင်ဘူး'

ဖျတ်ခနဲ အကြည့်ဆုံသည်။ ပြီးမှ အကြည့်လွဲကာ

'ကိုမင်းသန့်ရယ်'

ဟု နှုတ်ကဖွဖွ ညည်းသံထွက်သည်။

'ကိုယ့်အလုပ်ဖုန်းနံပါတ် မှတ်ထား၊ ညိုသက်ဆက်ချင်တဲ့နေ့ ဆက်လို့ရအောင်'

အလုပ်ထဲက ဖုန်းနံပါတ်ကို ရွတ်ပြလိုက်သည်။

'ရေးမှတ်ထားလေ'

'ဒီလောက်မှတ်ဉာဏ်မနည်းပါဘူး'

'မေ့သွား ဘယ်လိုလုပ်မလဲ'

'လူကိုမေ့ရင်တော့ ဖုန်းနံပါတ်လည်း မေ့သွားမှာပဲ



ကားလာနေပြီ တားလိုက်'

'ဆက်လိုက်နော်'

လက်တားလိုက်စဉ် ကားလေးထိုးရပ်၏။ ညိုသက်မွန်က သူ့စကားကို ပြန်မဖြေ။ တက္ကစီကို သွားလိုရာနှင့် ဈေးမေးပြီး နောက်ခန်းက ဝင်ထိုင်၏။

'သွားမယ်'

ကားလေးအထွက်မှာ လက်ပြသွားသည်။ မျက်ဝန်း၏ အစူးအရှက ရင်ထဲမှာကျန်နေရစ်ဆဲ။

❀ ❀ ❀

'မင်းတို့နှစ်ယောက်လုံး မလွယ်တော့ဘူး'

လက်ဖက်ရည်ဆိုင်ပြန်အရောက် ညိုဦးကို မင်းသန့်က ပြန်ပြောပြလိုက်တော့ ညိုဦးက မှတ်ချက်ချသည်။

အေးနေပြီဖြစ်သည့် ရေနွေးကြမ်းပန်းကန်ကို ကောက်ယူမော့ပြီး အကြမ်းပန်းကန်ကို ပြန်ချလိုက်၏။

'မင်း ငါ့အကြောင်း အသိဆုံးပါ ညိုဦးရာ၊ ငါ ဘယ်ကောင်မလေးနဲ့မှ လှုပ်လှုပ်ရှားရှား မဖြစ်ခဲ့မိပါဘူး၊ ညိုသက်နဲ့ကျမှ ဘယ်လိုဖြစ်တာလဲ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'မင်းက ကိုယ်လိုက်ပို့မယ်လို့ ပိုင်စိုးပိုင်နင်းပြောချလိုက်တော့ ငါတောင် အံ့သြသွားတယ်၊ ညိုသက်မွန်ကိုလည်း အားနာသွားတယ်၊ သူက သူ့ရည်းစားဆီက ပစ္စည်းလာယူတာလို့ စောစောက ပြောထားတာမဟုတ်လား၊ ရည်းစားရှိပါတယ်လို့ ပြောင်ပြောထားတဲ့သူကို မင်းက လိုက်ပို့မယ်ပြောတာ သူက ဘာမှပြန်မပြောတာ ဘာဖြစ်ဖြစ် ငါ့ရှေ့မှာဆိုတော့ ရှိုးတိုးရှန်းတန်း ဖြစ်မှာပေါ့'

'ငါလည်း မရည်ရွယ်ဘဲ ရုတ်တရက်ထွက်သွားတာ၊ သူ့ကို မပြန်စေချင်တာ၊ သူနဲ့မခွဲချင်တာ စိတ်ထဲရှိတယ်။ အဲဒီစိတ်နဲ့ နှုတ်ကထွက်သွားဟာ၊ သူကလည်း မပို့ပါနဲ့လို့ပြောရင် မင်းရှေ့မှာမို့ ငါရှက်သွားမှာစိုးပြီး မပြောတာတဲ့'

'မင်းအတွက် စဉ်းစားတာပါချင်ပါမယ်၊ သူ့စိတ်ထဲမှာ ကျေကျေနပ်နပ်ရှိတာလည်း သူ့မျက်နှာက ဖုံးလို့မရဘူး မင်းသန့်၊ မင်း သတိထားမိလား'

'ဘာလဲ'

'သူ့ရည်းစားက သူ သနပ်ခါးမကြိုက်တာ မိတ်ကပ်မကြိုက်တာ သတိမထားမိဘူးပြောတဲ့အချိန်မှာ မင်းက သူနှုတ်ခမ်းနီကြိုက်တာ သတိထားမိကြောင်းပြောတော့ သူ့မျက်



နှာက ကျေနပ်ပြီး ရှက်နေတာ ငါသတိထားမိတယ်၊ မင်းသူ့ကို ဂရုစိုက်တာ သူသာယာနေတာ အမှန်ပဲ မင်းသန့်'

စားပွဲထိုးကောင်လေး လာချပေးသော ရေနွေးကရားအသစ်ကို ကောက်ယူပြီး ပန်းကန်ထဲငှဲ့သည်။

အငွေ့တသောင်းသောင်းက မျက်နှာကိုဟပ်တော့မလို။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

'ဟုတ်ကဲ့ အမိန့်ရှိပါ'

ရုံးဆင်းခါနီးမှာ ညို့ဆိုင်းလာသော မိုးတိမ်တို့ကို ငေးမျှော်ကြည့်နေစဉ် ဖုန်းမြည်သံကြောင့် ကောက်ကိုင်ပြီး ထူးလိုက်၏။

'ညိုသက်ပါ'

'ဟာ… ညိုသက်'

ညိုသက်မွန်နှင့်မတွေ့တာ တစ်ပတ်ကျော်သွားပြီမို့ ညိုသက်မွန် သူ့ဆီဖုန်းဆက်တော့မည်မဟုတ်ဟု တွေးထားခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ တွေ့ပြီး နှစ်ရက် သုံးရက်မှာတော့ ညိုဦးကလည်း ည လက်ဖက်ရည်ဆိုင်တွေ့တိုင်း ဖုန်းဆက်သေးလားဟု မေးသည် ခေါင်းယမ်းပြရင်း ရင်ထဲမှာတော့ ဟာတာတာဖြစ်တာ မင်းသ က ဘာသာအသိဆုံး။ မင်း သူ့ဖုန်းနံပါတ် ဘာလို့မတော အားတာလဲဟု ညိုဦးက အပြစ်တင်သည်။ သူ့ကိုယ်သူလည် အပြစ်တင်မဆုံးတော့။ ဘာဖြစ်ဖြစ် ညိုသက် သူ့ဆီဖုန်းဆက် မည်ပဲဟု သူတွေးထားခဲ့မိတာ မှားမှန်းသိပြီး နောင်တကြီးစွာ ရပြန်၏။ မဟုတ်ဘူး သူ မပေးချင်ဘဲ ပေးရမှာစိုးလို့ဟု ညိုဦး ကို ပြန်ပြောရသော်ငြား ညိုသက်ဖုန်းနံပါတ်ကို သူသိချင်နေတာ တော့အမှန်။

သူ ငါ့ကို စောစောအဆက်အသွယ်ဖြတ်တာပဲသိရင် ကြေကွဲပြန်၏။

'ကိုမင်းသန့် ညနေအားလား'

'အားတယ် ညိုသက်'

'ညိုသက်က အချိန်ပိုဆင်းရတယ်၊ အချိန်ပိုဆိုပေမယ့် စောပြန်လို့ရတယ် ကိုမင်းသန့်၊ ကိုမင်းသန့် ညိုသက်ကို…'

'ဟလို… ဟလို'

တယ်လီဖုန်းက ပြတ်ချင်သလိုဖြစ်ပြီး အသံမသဲကွဲ





 တကျစ်ကျစ်မြည်နေပြန်၏။

'ဟလို… ကိုမင်းသန့် ကြားလား၊ ဖုန်းလိုင်းတွေပူး တယ်'

'ပြော… ညိုသက်၊ ကျယ်ကျယ်ပြော ကြားလိုက် ကြားလိုက်'

'ညိုသက်ပြောမယ်၊ အင်းလျားလမ်းထဲကွေ့လိုက်ရင် က်ဖက်ရည်ဆိုင်လေးရှိတယ်၊ အဲဒီက…'

'ဟလို… ဟလို… ဘယ်အချိန်လဲ'

'ခြောက်နာရီနဲ့ ခြောက်နာရီခွဲကြား ဖုန်းမကောင်းဘူး၊ ိုက်တော့မယ်'

'ဟုတ်ပြီ ညိုသက်'

တယ်လီဖုန်းကို ကျိန်ဆဲချင်လာပြန်၏။

ညိုသက်အသံက ပျောက်သွားလိုက်၊ ပြန်ပေါ်လာ ိုက်၊ ဖုန်းလိုင်းကပူးပြီး တကျစ်ကျစ်သံဖြင့် ပြောရသည်မှာ ယ်လိုမှ အဆင်မပြေ။

ဘာဖြစ်ဖြစ် ညိုသက်ကို တွေ့ရတော့မည့်အတွေးက စိတ်ကို နှမြစ်တက်ကြွပြန်စေသည်ပဲ။

စားပွဲပေါ်မှ သိမ်းစရာ ရှိသည်များကို သိမ်းနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှာ မိုးရွာနေပြီပဲ။

ရုံးဆင်းတော့ မိုးက ခပ်သည်းသည်း ရွာနေပြန်ပြီလေ။

❁ ❁ ❁

## ၁၃

ရုံးဖယ်ရီက လှည်းတန်းအထိရောက်ပြီး ကြည့်မြင်တိုင်ဘက် ချိုးအကွေ့မှာမို့ လှည်းတန်းမှာဆင်းသည်။

ဖယ်ရီကားပေါ်ကအဆင်း ထီးအဖွင့်မှာပင် လေကဝှေ့တိုက်လာတော့ ထီးကလန်သွားပြန်၏။ ရုံးကားပေါ်ကလူတွေ သူ့ကို လှမ်းကြည့်ပြီး ရယ်သွားကြတာ သူသိလိုက်သည်ပဲ။ ဝှေ့ပက်လိုက်သော မိုးရေစတို့ဖြင့် ထီးက မလုံချင်ပြန်။

လက်မှနာရီကိုကြည့်လိုက်တော့ ငါးနာရီခွဲသာသည်ရှိသေးသည်မို့ အင်းလျားကန်ဆီ လမ်းလျှောက်သွားမည်တွေး၏။ မိုးတွေကြားမှာ လမ်းဖြတ်ကူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်းလျားလမ်းထဲကွေ့လိုက်လျှင် လက်ဖက်ရည်ဆိုင်ရှိတယ်ဆိုသည့် ညှိုသက်စကားက အတွေးမှာရောက်သည်။ အင်းလျားလမ်းအတိုင်းလျှောက်ပြီး လက်ဖက်ရည်ဆိုင်ကိုရှာသည်။ တော်တော်နှင့်မတွေ့။ အတော်လေးလျှောက်မိတော့ လမ်းဖြတ်တစ်ခုကို မရောက်ခင်မှာ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ကို တွေ့သည်။ ခြံဝန်းထဲမှာဖွင့်ထားသော ဆိုင်ခပ်သေးသေး။ သူလှမ်းအကြည့်မှာ လူရှင်းနေတာတွေ့သည်။

ဒီဆိုင်လေးပဲဖြစ်မှာဟု ဆုံးဖြတ်ရင်း ဆိုင်ထဲသို့လှမ်းဝင်ပြီး စားပွဲတစ်ခုမှာ ထိုင်သည်။ ဆိုင်ထဲမှာက သူတစ်ဦးတည်း။ အပြင်မှာက မိုးကသည်းသည်းမည်းမည်း ရွာတုန်းပင်။

'ဘာသောက်မှာလဲ'

ကောင်တာမှာရပ်နေသည့် စားပွဲထိုးကလေးက သူ့အနားရောက်လာပြီး မေးသည်။

'လက်ဖက်ရည်ချိုပေါ့ကျ၊ ဆိုင်သိမ်းတော့မှာလား'

'ဟုတ်တယ်၊ မိုးတွေရွာနေလို့'

'ထိုင်လို့ရသေးတယ် မဟုတ်လား'

'ရပါတယ် ထိုင်ပါ'

ပြောပြီး လက်ဖက်ရည်ဖျော်ရန် ထွက်သွားသည်။ မင်း



...က လမ်းမဆီငေးရင်း လျှောက်လာမည့် ညှိုသက်မွန်ကို ...သည်။ လက်မှနာရီကိုကြည့်တော့ ခြောက်နာရီထိုးတော့ ...။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

သစ်ရွက်တို့ကို လေတိုးသံက ပိုပြီးအသံမြည်လာသည်။ မိုးပိုသည်းလာပြီး ထစ်ချုန်းသံကိုပါ ကြားနေရ၏။ ဒီလောက် သည်းသည်းမည်းမည်းရွာနေတဲ့ မိုးကြားမှာ ညို့သက်မွန် လာပါတော့မလားတွေးရင်း ဝမ်းနည်းချင်လာသည်။ လမ်းမတစ်လျှောက် ဖြတ်သွားသည့်ကားတို့သည်လည်း မိုးသည်းသည်းကြောင့် မြန်မြန်မောင်းလို့မရ။

'အစ်ကို အားမနာနဲ့ ထိုင်၊ မိုးစဲမှ ကျွန်တော် ဆိုင်သွားပြီးပြန်ရမှာ၊ တော်တော်နဲ့ မိုးကစဲမယ်မထင်ဘူး'

စားပွဲထိုးလေးက အနားလာပြောတော့ လက်ကနာရီ

www.burmeseclassic.com

www.burmeseclassic.com



ကို သူ အမှတ်မထင်ကြည့်သည်။ ခြောက်နာရီခွဲတော့မှာပါလား။ သူ ပြောခဲ့တာ ခြောက်နာရီနဲ့ ခြောက်နာရီခွဲကြား။ ဘဏ္ဍာအေးအုပ်ကလေး လာယူစဉ်က အချိန်တိကျတတ်တဲ့အကျင့်ကို ပြန်သတိရလာပြန်သည်။

ဆိုင်ရှေ့ပလက်ဖောင်းပေါ်မှာ ထီးဆောင်းလျှောက်လာသူတစ်ဦးမြင်တော့ သူမဟု အတပ်ထင်သည်။ မျှော်လင့်ခြင်းဖြင့် ရင်ခုန်စွာလှမ်းကြည့်၏။

ဆိုင်ကိုဖြတ်ကျော်အလျှောက်မှာ သူမ မဟုတ်တော့ပါလားအသိက မျှော်လင့်ထားသမျှကို အားလုံးအရှုပ်သိမ်းခံလိုက်ရသလို။ သူမနှင့်တွေ့တော့မည်ဟုတွေးကာ ကြည်နူးပျော်ရွှင်ခဲ့သမျှသည် မင်စုတ်စက္ကူနှင့်ထိသည့် မင်တစ်စက်နှယ် ဖြစ်ရပြီလား။ ခြောက်သွေ့သွားသော စာရွက်ပေါ်မှ မင်အစွန်းအထင်းလို နှလုံးသားပေါ်မှာတော့ ဝေဒနာက စွန်းထင်းကျန်ရစ်ခဲ့ပြီပဲ။

ခြောက်နာရီခွဲကျော်ပြီလေ။

သူမ လာတော့မှာမဟုတ်ပါဘူးဟု စိတ်ကိုဖြေလျှော့လိုက်သည့်အခိုက် ဝိညာဉ်ကို ဆွဲအထုတ်ခံလိုက်ရသူပမာ။

'အစ်ကို ပြန်တော့မှာလား၊ မိုးတော့ နည်းနည်းစဲစပြီ'



အချိန်လျော့သွားသည့်မိုးနှင့် လေကို လှမ်းကြည့်ရင်း အားပွဲထိုးကလေးက သူ့ကိုမေးသည်။

'အေး... ပြန်မယ်ကွာ'

ပြောပြီး ပိုက်ဆံထုတ်ရှင်းသည်။ ဆိုင်အပြင်ထွက်မိတော့ ဝဲယာကို မျှော်ကြည့်မိသေး၏။

'ဒီလို နောက်ကျပြီးတော့ သူလာမှာမဟုတ်ပါဘူး'

အတွေးဖြင့် ကြေကွဲရီဝေစွာဝေးရင်း သက်ပြင်းချဖြစ်သည်။

ထီးဖွင့်မဆောင်းချင်တော့ဘဲ အင်းလျားလမ်းထိပ်ဆီ ပြန်ထွက်၏။

ခြေလက်တို့ကို မသယ်ချင်အောင် ပင်ပန်းလွန်းလှပြီပဲ။ ရင်ထဲမှာလည်း ဘလောင်ဆူပြီ။ ဝှေပက်လိုက်သည့် လေနှင့်မိုးက သူ့ရင်ထဲကအပူကို မငြိမ်းနိုင်တော့ပါလား။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁၅

တစ်ညလုံး အိပ်မပျော်တော့ ခေါင်းက အုံ့ချင်နေပြီ။ ုပ်စားပွဲမှာ ခေါင်းတင်ရင်း ခဏမှိန်းနေလိုက်၏။ ရှစ်နာရီ က်မှ စက်တွေစလည်မှာမို့ ခဏတော့ နားခွင့်ရမည်တွေး ခါတိုင်းတော့ စက်တွေစမလည်ခင် စက်တွေကို စစ်ဆေး ရှိသည်များ လှည့်ပတ်စစ်ဆေးသော်လည်း သည်နေ့တော့ ဝ်နိုင်တော့။

တယ်လီဖုန်းမြည်သံကြောင့် ခေါင်းထောင်ထရင်း ယ်လီဖုန်းကိုကိုင်သည်။ စောစောစီးစီး စက်ရုံမှူးက ဘာခေါ ဦးမည်မသိဟုတွေးကာ ဟဲလိုဟု ဖုန်းကို ထူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကိုမင်းသန့်လား'

'ညိုသက်၊ ညိုသက် ဘယ်ကဆက်တာလဲဟင်'

ညိုသက်မွန်၏ အသံကြေ ... လှုပ်ရှားရှားဖြစ်သွာ... ရ၏။ တယ်လီဖုန်းလက်ကိုင်ကို တင်းတင်းကျပ်ကျပ်ဆုပ်ထာ... မိအောင် စိတ်ကလှုပ်ရှားနေသည်။

'မနေ့က ဘာလုပ်မလာတာလဲ'

အသံမှာ မကျေနပ်သံရောစွက် တင်းပြတ်သည်ထင်၏...

'ညိုသက် ဘာပြောတာလဲ'

'ကိုမင်းသန့်ကို ကတိတည်မယ်ထင်ထားတာ'

'ဟာ... ညိုသက် နေဦး'

'ဘာညာမလို့လဲ၊ မိုးတွေအရမ်းသည်းနေလို့ဆိုပြ... အကြောင်းပြမလို့လား၊ စကားမတည်တဲ့လူဆို ညိုသ... အပေါင်းအသင်းမလုပ်ချင်ဘူး'

'ခဏနေဦးလေ'

'ဘာပြောမှာလဲ၊ ညိုသက် ဖုန်းချလိုက်တော့မယ်'

'နေဦးလေ ညိုသက်၊ နေဦး ဖုန်းမချနဲ့ဦး၊ မနေ့က... ကိုယ်လာတယ်၊ ညိုသက်က မလာဘဲနဲ့ ကိုယ့်ကို ဘာဖြစ်လို့... အပြစ်ပြောနေတာလဲ'



'ကိုမင်းသန့် ညာပြန်ပြီလား'

'မညာဘူး၊ ညိုသက်မယုံရင် အဲဒီဆိုင်က ကောင်လေး... ကိုယ်နှစ်ယောက်တည်း ဆိုင်ထဲမှာရှိနေခဲ့တာ၊ ညိုသက် ...ခဲ့၊ ကိုယ်လိုက်ရှင်းမယ်'

'ကိုမင်းသန့်'

'ညိုသက် ဘာလို့မလာတာလဲ'

'ညိုသက်လာတယ် ကိုမင်းသန့်၊ အပြန်မှာတစ်ကိုယ် ...ရွှဲစိုပြီး မိုးမိလို့ အအေးပတ်ချင်သလိုတောင် ဖြစ်သွားတယ်'

'ဟာ... ညိုသက်ကလည်း ကိုယ်ခြောက်နာရီခွဲမှ ...ခဲ့တာ'

'ညိုသက်က ခုနစ်နာရီထိုးကာနီးမှ ပြန်တာ၊ နေပါဦး ...ကိုမင်းသန့် ဘယ်ဆိုင်ကစောင့်တာလဲ'

'ညိုသက်ပြောတဲ့ဆိုင်လေ၊ အင်းလျားလမ်းပေါ်က ခြံ ...ထဲမှာဖွင့်ထားတဲ့ဆိုင်လေ၊ ရှေ့ဆက်သွားရင် လမ်းသွယ်တစ်ခု ...တယ်'

'ဟယ်'

'ဘာလဲ ညိုသက်'

'ညိုသက်ပြောတုန်းက လက်ဖက်ရည်ဆိုင်လေးနှ...

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီကဆက်သွားရင် လမ်းသွယ်တွေ့မယ်၊ လမ်းသွ
ထဲကဆိုင်လို့ပြောတာ'

'ဟာ… ဒါဆို ဆိုင်မှားပြီပေါ့'

'ကိုမင်းသန့်ကလည်း ဘာလို့ဆက်မလျှောက်တာလဲ

'မဟုတ်ဘူး၊ ဖုန်းက မကောင်းတော့ အဲဒီဆိုင်ကလေ
ဆိုတာပဲ ကြားတယ်၊ အဲဒီက ဆက်လျှောက်ပြီး လမ်းသွယ်
ကဆိုင်ဆိုတာ မကြားရဘူး'

'တကယ်လာစောင့်တာလား'

အသံက စောစောကနှယ် မတင်းမာတော့။

'ညိုသက်'

'ဟင်'

'ဘယ်ကဆက်တာလဲ'

'အိမ်က'

'အလုပ်သွားဖို့ စောစောထွက်လာခဲ့ပါလား၊ ကို
အခုပဲ ထွက်လာခဲ့မယ်၊ ညိုသက်ကို ကိုယ်ရှင်းပြချင်တယ်

တစ်ဖက်မှ ခဏငြိမ်သွားသည်။

'ထွက်ခဲ့ပါ ညိုသက်ရယ်၊ မနေ့ညက ကိုယ် တစ်ည
လုံးအိပ်လို့မရဘူး'



'ဘာဖြစ်လို့လဲ'

'ညိုသက်မလာလို့'

'ညိုသက်လာပါတယ်'

'ညိုသက်နဲ့မတွေ့ရလို့'

'မပိုနဲ့'

'ထွက်ခဲ့ပါ ညိုသက်ရယ်… နော်'

'ဘယ်ကိုလဲ၊ ဆိုင်မှားပြီးလာခဲ့မယ်လေ'

'မမှားနဲ့၊ မနေ့ညနေက ကိုယ်စောင့်တဲ့ဆိုင်လေးလေ၊
အင်းလျားလမ်းပေါ်က ခြံထဲက'

'ဘယ်တော့လဲ'

'အခု'

'ဟင်… အလုပ်ထဲရောက်နေပြီပဲ'

'ခွင့်တင်ခဲ့မယ်၊ ကိုယ် အခုပဲထွက်ခဲ့ပြီ၊ စောင့်နေမယ်
နော်၊ ဟုတ်လား'

'ပြီးရော…'

'ကိုယ် ဖုန်းချလိုက်တော့မယ်နော်'

'အင်း…'

တယ်လီဖုန်းကို ချအပြီး ထိုင်ခုံမှ ထရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲရောက်စကနှယ်မဟုတ်ဘဲ တက်ကြွဖျတ်လျတ်နေပြန်တော့တာ ဘာသာအံ့ဩမိသေးသည်။

သူ့အိတ်ကလေးကိုယူပြီး စက်ရုံမှူးကိုပြောကာ ခွင့်တင်မည်ဟု စက်ရုံမှူးခန်းဆီ တက်လာခဲ့၏။

ညိုသက်က သူ့ကို သည်လောက်လွမ်းမိုးနေပြီတဲ့လား။

❁ ❁ ❁

## ၁၆

သည်နေ့တော့ ဆိုင်ထဲမှာ အတွဲသုံးလေးတွဲထိုင်နေတာတွေ့သည်။ ဆိုင်ကလေးက ကျဉ်းသော်လည်း သေသပ်မှုရှိပြီး စားပွဲပုလေးတွေက ဆစ်လုံးနှင့်တစ်လုံး သိပ်ပြီးကပ်မနေ။ လူများများတော့ လာဟန်မတူဘဲ အတွဲတွေလောက်သာ အလာများဟန်တူ၏။ သီချင်းဖွင့်ခြင်းမရှိ။ ပကတိဆိတ်ငြိမ်နေသည့်မို့ နှစ်သစ်စရာ။

'အစ်ကို... မနေ့ကလိုပဲလား'

စားပွဲထိုးလေးက သူ့ကိုမှတ်မိပြီး လာမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့တော့ လက်ဖက်ရည်ဖျော်သည့်နေရာမှာ ဖျော်ဆရာက တစ်ဦး။ မနေ့ကတော့ ဆိုင်ပိတ်ရန် စားပွဲထိုးလေးတစ်ဦးသာ ကျန်ခဲ့ဟန်တူသည်။

သက်မှနာရီ သူကြည့်၏။

'သည်နေ့ ရာသီဥတုကောင်းသားပဲ၊ အစ်ကို ချိန်းထားတာရှိရင် လာမှာပါ'

လက်ဖက်ရည်လာချပေးရင်း စားပွဲထိုးကလေးက ပြောတော့ သူ ပြုံးပြရုံသာ ပြလိုက်၏။

ဆိုင်ထဲမရောက်ခင် ခပ်လှမ်းလှမ်းမှာပင် ညိုသက်ကို မြင်ပြီး သူ့ရင်တွေ ခုန်နေတော့၏။

ဆိုင်ထဲကိုတစ်ချက်လှမ်းကြည့်ပြီး သူ့မြင်တော့ ခပ်ပြုံးပြုံးကြည့်ကာ ဝင်လာသည်။

'လာ… ညိုသက်'

'ကြာပြီလား'

'သိပ်မကြာသေးပါဘူး'

ညိုသက်မှန် ဝင်ထိုင်လိုက်စဉ် စားပွဲထိုးလေး ရောက်လာ၏။

'ဘာသောက်မှာလဲ အစ်မ'



'ချိုပေါ့ကျ'

'မနေ့ညနေက ကိုယ်စောင့်နေတာ သူ့ကိုမေးကြည့်ပါ လား၊ တစ်ဆိုင်လုံး သူနဲ့ကိုယ် နှစ်ယောက်ပဲရှိတာ'

ညိုသက်မှန်က စားပွဲထိုးလေးကိုကြည့်ရင်း ပြုံးသည်။

'ဟုတ်တယ်အစ်မ၊ ဒီအစ်ကိုကြီးထိုင်နေလို့ ကျွန်တော် ဆိုင်ပိတ်တာတောင် နောက်ကျသွားတယ်'

'မင်းကို သူက အစ်မလာရင် အဲဒီလိုပြောခိုင်းလား'

'ဟာ… မဟုတ်ဘူး အစ်မ၊ ဒီအစ်ကိုကြီး တကယ် ထာစောင့်နေတာ'

'အေးပါ… အေးပါ၊ ဟုတ်ပါပြီ'

စားပွဲထိုးလေးထွက်သွားတော့-

'တကယ်ပါနော် ကိုမင်းသန့်'ဟု ခပ်တိုးတိုးမေးသည်။

'ညိုသက်ရယ်၊ ကိုယ် ဘာလို့ညာရမှာလဲ'

'ဒေါသဖြစ်လို့ တစ်ညလုံးအိပ်မရဘူး'

'ကိုယ်က သောကကြောင့် တစ်ညလုံးအိပ်မရတာ'

အကြည့်ဆုံရင်း မျက်တောင်မခတ်မိကြ။

စားပွဲထိုးလေးက လက်ဖက်ရည်လာချပေးသည်၊

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲဝင်လာစဉ် ဘရုတ်စကားပင်မှ ကြွေကျ သည့် တရုတ်စကားပန်းလေးကို ကောက်ယူလာခဲ့မိ၏။ စာ ပေါ်တင်ထားသည့် ပန်းပွင့်လေးကို ညိုသက်အား ပေးသည်

'ဘယ်တုန်းက ကျန်ခဲ့တဲ့ပန်းလဲ'

'ဆိုင်ထဲဝင်မှ ကိုယ်ကောက်ခဲ့တာပါ'

ညိုသက်က လှမ်းယူလိုက်ပြီး သူ့ခေါင်းမှာ ခပ်ဖွ ပန်ထားလိုက်တော့ ရင်ထဲမှာ ကြည်နူးမှုဖြင့် လှုပ်ခါရပြန်၏

'ညိုသက်'

'အင်'

'မနေ့ညနေကသာ ညိုသက်နဲ့တွေ့ခဲ့ရင် ကိုယ့်ဘာသာ ညာနေမိဦးမှာ'

'ဘာလဲကိုမင်းသန့်'

အကြည့်ဆုံရင်း မေးသည်။

'လူတစ်ယောက်နဲ့ချိန်းပြီး အကြိမ်ကြိမ်လွဲခဲ့ဖူးတာပဲ ဘာမှမဖြစ်ခဲ့မိဘူး၊ ညိုသက်နဲ့လွဲရတော့မှ ရေထဲကို အမြတ် တနိုးပစ္စည်းတစ်ခုကျသွားသလို တသသနဲ့ ကြေကွဲရတာ'

'ကဗျာရေးမလို့လား'

'ညက ရေးချင်တယ်၊ မထွက်ဘူး'



'အပြောလည်းကောင်းတယ်နော်'

'တကယ်ပြောတာ ညိုသက်၊ ကိုယ် ညိုသက်နဲ့ဝေးမှာကို ကြောက်နေတာ၊ ညကတော့ ထင်ထင်ရှားရှားသိလိုက်ရတယလေ'

ညိုသက်မွန်က သူ့မျက်နှာမှ အကြည့်လွှဲရင်း လမ်းမဆီ ပို့ထားသည်။

'ကိုမင်းသန့်'

ခဏအကြာမှာ မကြည့်ဘဲခေါ်လိုက်၏။

'ပြောလေ'

'ညိုသက်မှာ လက်ထပ်ရမယ့်သူရှိတယ်လေ'

သူ့ကိုယ်သူရော မင်းသန့်ကိုပါ သတိပေးစကားဟု နားလည်လိုက်၏။ စကားက နှလုံးသားကို အနာကျင်ဆုံးဖြစ်ဖြစ်စေခဲ့သည်ပဲ။

'အဲဒီအသိနဲ့ ကိုယ့်ဘာသာ အသိပေးတားမြစ်ခဲ့တာ အမှန်ပါပဲ ညိုသက်'

ညိုသက်မွန်ထံမှ သက်ပြင်းချသံ ခပ်ဖွဖွနှင့် မျက်လွှာတစ်ချက်ပင့်အကြည့်က သူ့နှလုံးသားထိရောက်ပြီး မင်းသန့်ဆင်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ… ညိုသက် ကိုယ်ချင်းစာပါတယ်၊ ကိုမင်းသန့်မလာတာလောက်ကလေးနဲ့ ညိုသက် ဒေါသဖြစ်ပြီး စိတ်တို နေမိတာက လိုအပ်တာထက်ပိုနေတယ်။ ကိုယ့်ကိုကိုယ်လည်း မကျေနပ်ဘူး၊ ရှက်လည်းရှက်တယ်၊ ဘာမှဖုန်းဆက်ပြီးမေးစရာအကြောင်းမရှိဘဲနဲ့ ကိုမင်းသန့်ဆီ ဆက်မိတယ်'

တစ်ကိုယ်တည်းပြောသလို ညည်းညူတီးတိုးဆို၏။

'ညိုသက်'

ပြန်မထူးဘဲ အကြည့်ဖြင့် နားစွင့်နေကြောင်းပြသည်။

'ကိုယ်တစ်ခုမေးမယ်နော်'

ခေါင်းကိုညိတ်သည်။

'ကိုမြတ်ထူးဇော်ကို ညိုသက်ချစ်လားဟင်'

သက်ပြင်းချသံ ကြားရပြန်၏။

'ညိုသက် မညာဘူး၊ ညိုသက်ချစ်တာကို နားမလည်ခဲ့ဘူး'

'အခုရော'

'နားမလည်ချင်ဘူး'

အကြည့်သာဆုံမိကြပြီး စကားမပြောဖြစ်ပြန်။

'ကိုယ့်မှာအပြစ်ရှိရင် ခံပါ့မယ် ညိုသက်၊ ကိုယ်



…သက်ကို ချစ်တယ်'

ချက်ချင်း ခေါင်းကိုငုံ့ပစ်လိုက်သည်။

'နှစ်ယောက်လုံးစိတ်ဆင်းရဲကြမှာပါ ကိုမင်းသန့်ရယ်'

ဒူးပေါ်တင်ထားသည့် လက်ဖျားလေးကို ဆုပ်ယူလိုက်…ဦ ရင်သည်တလှပ်လှပ်။

မိုးသက်လေက တဖျုတ်ဖျုတ် ဝေ့တိုက်သွားပြန်၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁၇

'ညိုသက်မွန်ပြောတာ အမှန်ပဲ မင်းသန့်၊ မင်းတို့နှစ် ာက်လုံး စိတ်ဆင်းရဲကြရမှာပဲ'

နောက်နေ့ညနေ ညိုဦးကို ပြောပြလိုက်တော့ ညိုဦး ချိန့်ချိန့်ဆဆပြောသည်။

'ငါတို့နှစ်ယောက်လုံးသိကြတာပဲ၊ သိလျက်သားနဲ့ းမှုကြောင့် လွတ်သွားကြတာ ညိုဦး၊ မနေ့က သတိရလို့ ကြည့်တော့ သူ့ရုံးတက်ချိန်ကျော်သွားပြီကွာ၊ ငါကလည်း ခတက်ပါနဲ့တော့ ပြောတော့ သူ ဘာမှပြန်မပြောဘဲ ငြိမ်နေ ယ်။ အဲဒီ လက်ဖက်ရည်ဆိုင်ကလေးကထွက်တော့ နေ့ငယ်

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားချိန် ရောက်နေပြီ၊ သူက အိမ်ပြန်မယ်ပြောပြီးထတ
ပဲ၊ ဒါပေမဲ့ လှည်းတန်းမှာ ငါတို့ ထမင်းအတူစားဖြစ်ကြတ
ထမင်းစားပြီးတော့လည်း စာအုပ်ဆိုင်တွေ ဝင်မွှေကြရင်း အိ
ပြန်ကြမယ်ပြောပြီးမှ ဖီးလ်ကိုရောက်သွားကြတယ်ကွာ'

'ဖီးလ်ကို'

'ဟုတ်တယ်၊ အဲဒီဆိုင်ကတော့ နှစ်ယောက်တည်
အခန်းထဲမှာဆိုတော့ လွတ်လပ်တာပေါ့၊ အအေးသောက်ကြ
နဲ့ ငါ သူ့ဆံပင်တွေနဲ့ ပခုံးစွန်းကို နမ်းမိတယ်၊ ညနေ သူ
ဆင်းချိန်မှပဲ ငါတို့ ခွဲခဲ့ကြတာ'

'မင်းတို့ရောဂါ အတော်ဆိုးနေပြီ မင်းသန့်၊ မခွဲနိ
မခွာရက်ဖြစ်နေကြတာ အထင်အရှားပဲလေ'

ညိုဦးကို ဘာမှပြန်မပြောမိ။ ခပ်ဝေးဝေးကိုသာ ငေ
ကြည့်နေမိပြန်သည်။

'နောက်ထပ်တွေ့ဖို့ ချိန်းထားသေးလား'

'မချိန်းမိ ဘူး၊ သူရော ငါရော စိတ်ကိုထိန်းပြီး မချိ
ဘဲနေခဲ့ကြတာ၊ ဒါပေမဲ့ သူ့အိမ်ဖုန်းနံပါတ် ငါ ယူထားလို
တယ်'

ညိုဦးက ဘာမှပြန်မပြောဘဲ ရေနွေးကြမ်းကို



သောက်နေတာ တွေ့သည်။

'ငါ သူ့ကို တကယ်ချစ်မိတာပဲ ညိုဦး'

'ခက်င သူ့အမျိုးသားက အိမ်ကသဘောတူ
စီစဉ်ခဲ့တဲ့သူ မဟုတ်ဘူး'

'မင်း ဘာပြောချင်တာလဲ'

'ညိုသက်မွန်ကိုယ်တိုင် ရွေးချယ်ပြီး အဖြေပေးခဲ့
တာလေ'

'သူ အနုတ်ရခက်ပြီပေါ့နော်'

ညိုဦးဆီက အဖြေပြန်မရ။

ရင်ထဲမှာ ဝေဒနာဖြင့် လောင်မြိုက်ပြီ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

'ဟဲလို'

ညိုသက်မွန်၏အသံမဟုတ်ကြောင်း သိလိုက်သည်နှင့် ဆက်ပြောရမှန်းမသိ ဖြစ်ရသည်။ လှုပ်လှုပ်ရှားရှား ဖြစ်ရသောရင်ကိုထိန်းချုပ်ရင်း တစ်ဖက်မှ 'ဟဲလို'ဟု ထပ်ပြီး အသံ ကြားရ၏။

'ကျွန်တော် ညိုသက်မွန်နဲ့ ပြောချင်လို့ပါ'

'ခဏကိုင်ထားပါ'

သက်ပြင်းကို ချလိုက်မိသည်။ ရင်က မောပါဘိခြင်း။ ဘယ်သူပါလဲမေးလျှင် သူနာမည် ပြောရတော့မည်။ ညိုသက်

www.burmeseclassic.com

www.burmeseclassic.com



မှန် သူနှင့်ပတ်သက်၍ အငြိုငြင်ခံရလေမလား အတွေး
စိုးရိမ်စိတ်ဝင်စရာ။

'ဟလို'

'ညိုသက်'

'ဘာလို့ဆက်တာလဲ'

'အရမ်းသတိရလို့ပါ၊ ညိုသက်နဲ့ စကားမပြောရ
တစ်ပတ်ကျော်ပြီလေ'

'ဒီလိုပဲ ဆက်နေပါလား ကိုမင်းသန့်ရယ်'

'နေမှမနေနိုင်တာ'

'တစ်ပတ်ကျော်တောင် နေနိုင်သေးတာပဲ'

'ညိုသက်ဆီကို မဆက်ရဲလို့၊ နေနိုင်လို့မဟုတ်ပါ

'ပြောစရာရှိလို့ ဖုန်းစောင့်သေးတယ်'

'ပြောလေ'

'ပြောလို့မဖြစ်ဘူး'

'ဒါဆို ရုံးဆင်းချိန် အင်းလျားလမ်းက ဆိုင်လေး
လာခဲ့မယ်၊ ညိုသက်လ ..ခဲ့လေ'

'ဒါဆို ဒါပဲနော်'

အနားမှာ အိမ်ကလူတွေရှိနေဟန်တူသည်။ ညိုသ



မှန် အပြောအဆို မလွတ်လပ်တာ သတိထားမိသည်ပဲ။

ညနေတွေ့ရတော့မည်အတွေးက ပျော်ရွှင်ကြည်နူးမှုတို့
ကို ပေးခဲ့ပြန်ပြီလေ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁၉

ဆိုင်လေးကို သူရောက်ပြီး သိပ်မကြာခင် ညိုသက်မွန် ရောက်လာသည်။

အချိန်ပိုဆင်းစရာရှိတယ်လို့ ညီမလေးဆီ ဖုန်းဆက်လာခဲ့တာဟု ပြော၏။

'ကိုမင်းသန့်နဲ့တွေ့မှ ညိုသက်လည်း ညာတတ်နေပြီ'

ခပ်ပြုံးပြုံးပြောသော်လည်း မျက်နှာက ခါတိုင်းနှယ်မရွှင်ဟု တွေးမိ၏။

လာချပေးသည့် လက်ဖက်ရည်နှစ်ခွက်ကို မသောက်ဖြစ်ကြသေးဘဲ ငေးကြည့်နေမိပြန်သည်။ စက်တင်ဘာမိုးက ညို့တို့တို့ အုံ့ဆိုင်းလာပြန်ပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ပြောစရာရှိတယ်ဆို'

မင်းသန့်စကားကြောင့် အကြည့်က မင်းသန့်မျက်နှာဆီ ဆိုက်ရောက်၏။

'ပြောလည်းပြောပြချင်တယ်၊ ပြောရင် စိတ်မကောင်းဖြစ်မှာလည်း စိုးတယ်၊ မပြောလို့မဖြစ်ဘူး ဆုံးဖြတ်မိလို့ ဒီကိုလာခဲ့တာ'

စကားသံ တိုးညင်းသော်ငြား သောကစကား၏ ရှေ့ပြေးဟု ကြိုသိနေသည်။

'ပြောပါ ညိုသက်၊ ကိုယ် ညိုသက်နဲ့ပတ်သက်ပြီး ခံစားစရာအားလုံးကို ခံစားဖို့ အဆင်သင့်ပါပဲ'

'ကိုမင်းသန့်'

'ပြောလေ'

'ညိုသက်တို့ အဆက်အသွယ်မလုပ်ကြရင် ကောင်းမယ်'

လေသံတိုးလျလျမှာ ဝေဒနာရိပ်စွန်းသည်ပဲ။ စကားအဆုံးမှာ မျက်လွှာချသည်။

'ကိုယ် နေနိုင်မှာမဟုတ်ဘူး ညိုသက်'

'နေနိုင်အောင်ကြိုးစားကြရမှာ'



ဘာမှပြန်မပြောမိဘဲ သက်ပြင်းချရင်း ထိုင်ဖြစ်သေးသည်။

'ကိုမင်းသန့်'

ခေါ်သံကြောင့် မျက်နှာဆီ အကြည့်ရောက်၏။

'ဟိုနေ့က လှည်းတန်းမှာ ညိုသက်တို့နှစ်ယောက် ညီမလေး တွေ့သွားတယ်'

'ဟင်'

'ညိုသက်တို့ ထမင်းဆိုင်ထဲကထွက်ပြီး ဖီးလ်ကိုသွားတားငှားနေတာလည်း အားလုံး မြင်သွားတယ်'

'ညိုသက်ကိုပြောတာလား'

'ဟင့်အင်း မေမေ့ကိုပြောတာ'

'ဩ်...'

'မေမေက ညိုသက်ကို ညီမလေးရှေ့မှာတင်ထားပြီး မေးတယ်၊ ညိုသက် မလိမ်ချင်ဘူး၊ အားလုံး ဝန်ခံလိုက်တယ်'

'ညိုသက်ရယ်'

'ကိုမြတ်ထူးဇော်ဆီကလည်း တိုက်တိုက်ဆိုင်ဆိုင် မှာတင် စာနှစ်စောင်ရောက်လာတယ် ကိုမင်းသန့်

www.burmeseclassic.com

www.burmeseclassic.com



ဆီ တစ်စောင်နဲ့ မေမေနဲ့ညီမလေးဆီကို တစ်စောင်လေ'

သူ ဘာမှမမေးမိဘဲ နားစွင့်ထားသည်။

'စာထဲမှာ ဇေ့စပ်ထားချင်တဲ့အကြောင်း၊ နယ်မှာနေရလို့ စိတ်မချတဲ့အကြောင်း အဓိကပါတယ်၊ မေမေတို့ဆီကိုလည်း ဇေ့စပ်ဖို့ခွင့်တောင်းပြီး ညိုသက်ကို အပြင်တွေဘာတွေ သိပ်မလွှတ်ဖို့ ထည့်ရေးထားတယ်၊ အဲဒီစာကို မေမေက ပေးဖတ်ပြီး ညိုသက်ကိုပြောတယ်။ ကိုမြတ်ထူးဇော်ဟာ သူရှာပြီးပေးတဲ့သူ မဟုတ်ဘူးတဲ့။ ကိုယ့်ဘာသာချစ်လို့ လက်ခံခေါင်းညိတ်ခဲ့သူ၊ ဒီတော့ ကိုယ့်စကား ကိုယ်တန်ဖိုးထားသင့်တယ်တဲ့။ မေမေက ဒီလောက်ပဲပြောပေမယ့် ဘယ်အထိတာသွားတယ်ဆိုတာ ညိုသက် သိပါတယ်၊ ညိုသက် လူတစ်ယောက်အပေါ်မှာ သစ္စာမဲ့ခဲ့တာပဲ'

ပြောရင်း ကြေကွဲဆို့နင့်သံဖြင့် စကားကိုရပ်ကာ မျက်လွှာကိုချတာ တွေ့၏။

'ဟင်... ချို'

ညိုသက်မွန်အသံကြောင့် ဆိုင်ပြင်ကို အကြည့်ရောက်သည်။ ညိုသက်မွန်ရော မင်းသန့်ပါ ဆိုင်ထဲဝင်လာသည့် ညိုသက်မွန်ညီမလေး ချိုကို ငေးကြောင်ကြည့်နေမိသည်ပဲ။



'ဗိုက်ဆာလို့ထွက်လာတာ အဪ်ပဲ'

'လာထိုင် ချို'

ချိုက ညိုသက်မွန်နဘေးခုံမှာ ဝင်ထိုင်၏။

'ကိုမင်းသန့် ကဗျာတွေရေးဖြစ်လား'

ဟု ချိုက မေးသည်။

'ဒီလိုပါပဲ'

ဟု ခပ်ပြုံးပြုံးနှင့် မင်းသန့်က ပြန်ဖြေသည်။

'ရေးဖို့ ကုန်ကြမ်းရှာတုန်းပဲလား'

ချို့စကားကြောင့် မင်းသန့်မျက်နှာ ကွက်ခနဲပျက်သွားတာ ညိုသက်တွေ့မည်မှာ မလွဲ။ ချို ဘာကိုရည်ရွယ်ပြောသည်သိလို့ ရင်ထဲမှာ ထိခိုက်ရပြန်သည်။

'ချို ဘာစားမှာလဲ၊ မှာလိုက်လေ'

ညိုသက်က အားနာစွာ စကားလမ်းကြောင်းပြောင်းပြီး စကားဖြတ်လိုက်ဟန်တူ၏။

ဆိုင်အပြင်မှာ မိုးဖွဲဖွဲစရွာနေပြီပဲ။

'ကိုယ်ပြန်တော့မယ် ညိုသက်'

နှုတ်ဆက်ပြီး ရုတ်တရက်ထကာ ဆိုင်ပြင်ထွက်ခဲ့ရင်း ခပ်သွက်သွက်လျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညီသက်မွန် သူ့ကြောင့် အနေရခက်မှာ သူ စိုးရိမ်ပြန်သည်ပဲ။ ကဗျာနှင့်ပတ်သက်လို့ သည်ထက်စကားတွေ ပိုလာလျှင် သူကသည်း ပြန်ပြောဖြစ်တော့မှာ မင်းသန့်ဘာသာ အသိဆုံး၊

ချိုနှင့် စကားဆက်မပြောဖြစ်အောင် ရှောင်တာ အကောင်းဆုံးဟု သူထင်သည်။

❁ ❁ ❁

## ၂၀

'ကောင်းပါတယ်၊ မင်း အခုလို ရှောင်လာခဲ့တာ ...ကောင်းဆုံးပဲ မင်းသန့်'

ကိုမြတ်ဝင်းက သူ့စကားအဆုံးမှာ မှတ်ချက်ချသည်။

'မင်းပြဿနာကမသေးတော့ဘူး မင်းသန့်၊ သူတို့ ...းစုပြဿနာပါ ဖြစ်လာပြီ'

ညီဦးက ပြောပြီး စီးကရက်ကိုဖွာ၏။ ညီဦး မှုတ် ...တ်လိုက်သော မီးခိုးငွေ့တန်းကို မင်းသန့်က ငေးကြည့်နေ ...

www.burmeseclassic.com



'သူညီမလေးက မင်းတို့ကို လှည်းတန်းမှာလည်း တွေ့သွားတယ်၊ ပြီးတော့ မင်းတို့ ကားငှားပြီးထွက်သွားတာ မြင်တယ်၊ သူအိမ်ရောက်တော့ ညီသက်မွန်က ပြန်မရောက်သေးဘူးဆိုတော့ သူ စိတ်ပူမှာပေါ့၊ သူ တွေးချင်သလိုတွေးတော့မှာပေါ့'

'အစစ်ပဲ ကိုမြတ်ဝင်း၊ ဒါကြောင့် အချိန့်ပိုဆင်းစရာရှိတယ်၊ ဖုန်းဆက်ပြောတာကို မယုံလို့ ဆိုင်လိုက်လာတာပေါ့၊ ဒီအနီးအနား ဒီဆိုင်မှာထိုင်တတ်တာ တစ်စွန်းတစ်စသိလို့ တမင်လိုက်လာတာနေမှာ'

ညီဦးက ကိုမြတ်ဝင်းစကားကို ထောက်ခံပြောသည်။

'ငါလည်း အဲဒီလိုပဲ တွက်မိတယ်၊ ငါ ဆက်ထိုင်နေရင် ငါ့ကို ရှောင်ပေးဖို့တွေ ဘာတွေပြောတော့မလား မသိဘူး ညီဦး'

'ဖြစ်နိုင်တယ်၊ သူတို့က ညီသက်မွန်ရည်းစားနဲ့ ရင်းနှီးနေပုံရတယ်၊ ပြီးတော့ သဘောတူကြလိမ့်မယ်'

'ငါ ညီသက်ကိုချစ်မိတာ အပြစ်ရှိလားကွာ'

လေသံပျော့ပျော့နှင့် မင်းသန့်ကပြောတော့ နှစ်ယောက်သုံးအကြည့်က မင်းသန့်မျက်နှာကို ရောက်သည်။



'ချစ်တာ အပြစ်တော့မဟုတ်ပါဘူး၊ ရည်းစားရှိတဲ့သူကို ချစ်မိတာက ပြဿနာ'

ကိုမြတ်ဝင်းက ဆိုသည်။

'အဓိက,ကတော့ ညီသက်မွန်ပဲ၊ သူ့ပြဿနာ သူရှင်းမှာ၊ သူ တစ်ဖက်ကို အပြတ်နှင်းရလိမ့်မယ်'

ညီဦးက ပြော၏။

'သူက သူသဘောဖောက်တဲ့သူအဖြစ် လိပ်ပြာမလုံချင်ဖြစ်နေတယ်'

'အမှန်တော့ အိမ်ထောင်ပြုထားတာမှ မဟုတ်ဘဲကွာ၊ သူ ပြတ်သားတယ်ဆိုရင် သူ့ရည်းစားကို သူ ဖြတ်ပစ်လိုက်၊ ပြဿနာက ရှင်းသွားမယ်'

ညီဦးက ဗေဒလိပ်အတိုကို ဖိနပ်နှင့်ချနင်းရင်းပြော၏။

'ငါ့အကြောင်း မင်းအသိဆုံးပါ ညီဦးရာ၊ ကိုယ်ကျင့်တရားနဲ့ပတ်သက်လာရင် ငါ ဘယ်လောက်စောင့်စည်းတယ်ဆိုတာ၊ အခုကိစ္စလည်း ဖောက်ပြန်တာမဟုတ်ဘူး၊ ငါ ယုံကြည်လို့ ဆက်တိုးခဲ့မိတာပဲ'

'ဘာဖြစ်ဖြစ် စကားတစ်ခုကို တရားဝင်ဖျက်လိုက်မှာ ဆော့ ညီသက်မွန်မှာတာဝန်ရှိတယ် မင်းသန့်။ စကားပျက်သွား

www.burmeseclassic.com



သစ္စာဖျက်သူလို့ ဟိုတစ်ဖက်ကစွပ်စွဲရင်လည်း ဒါအမှန်ပဲ၊ သူခံရမှာပဲလေ၊ အဲဒီလောက်တော့ သူရင်းရလိမ့်မယ်။ အိမ်ထောင်ပြုပြီးမှ ဖောက်ပြန်တာမဟုတ်လို့ သူ့မှာ အပြစ်မရှိတာလည်း အမှန်ပဲ'

ကိုမြတ်ဝင်းက မင်းသန့်ကိုကြည့်ရင်း ချိန်ချိန်ဆဆ ပြောလိုက်၏။

'လောလောဆယ်တော့ ကျွန်တော် အဆက်အသွယ် မလုပ်ဘူး ဆုံးဖြတ်ထားတယ်ဗျာ၊ ကျွန်တော် သူ့အလုပ်ဖုန်း မသိဘူး၊ အိမ်ကိုဆက်ရင်လည်း ညီသက် ပြဿနာဖြစ်မှာစိုးတယ်၊ ညီသက်ကသာ ကျွန်တော့်ကို မဆက်သွယ်ဘဲနေနိုင်ရင် သူ့အတွက်ငဲ့ပြီး ကျွန်တော် ရင်စည်းခံမယ်ဗျာ'

စကားအဆုံး လေပူကို မှုတ်ထုတ်လိုက်မိ၏။ ထိုဆုံးဖြတ်ချက်သည် ရင်ထဲသို့ အလောင်မြိုက်ဆုံးအပူကို ထည့်ပေးခဲ့တာတော့ ဘာသာအသိဆုံးပင်။

'မင်း လည်း မေတ္တာတရားနဲ့ ပတ်သက်လာရင် အတော်လေးကံဆိုးတဲ့အကောင်ပဲ မင်းသန့်'

ညီဦးမျက်နှာကိုငေးရီကြည့်ရုံမှတစ်ပါး စကားမထွက်။

❖ ❖ ❖

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

# ၁

သုံးနှစ်သားလောက်အထိ နော်အယ်ထူးကို မင်းသန့်က သူ့အမေပဲထင်ခဲ့သည်။ သူ့ကို မွေးကတည်းက နော်အယ်ထူးကို ကလေးထိန်းအဖြစ် ငှားခဲ့ကြသည်။ နော်အယ်ထူးက တိုးမတောင်းသော်လည်း လခတွေတိုးပေးရင်း နော်အယ်ထူးကို အိမ်မှာမြဲစေခဲ့သည်။ သူ့အမေ ဒေါ်ခင်မျိုးသန့်က သူ့ကို အထူးကုဆေးခန်းတစ်ခုမှာ ဗိုက်ခွဲမွေးပြီး အိမ်ပြန်ရောက်ကတည်းက နော်အယ်ထူးလက်ထဲ အပ်လိုက်သည်တဲ့။

မှုကြိုနေတော့လည်း သူ့ကို နော်အယ်ထူးက ကားဖြင့် အပို့အကြို လုပ်ခဲ့သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



နော်အယ်ထူးခွင့်ယူပြီးပြန်သည့် ရက်တွေမှာ မင်းသန့်က မနေတတ်မထိုင်တတ်။ မိဘနှစ်ပါးဖြစ်သည့် ဦးမင်းထွန်းနှင့် ဒေါ်ခင်မျိုးသန့်တို့ အလုပ်ကိစ္စတွေဖြင့် ဘယ်ကိုပဲသွားသွား မင်းသန့်အတွက် မထူးခြား။ သူ့အတွက် အရေးကြီးဆုံးမှာ နော်အယ်ထူးဟုသာ မင်းသန့်က ထင်ခဲ့သည်လေ။

မင်းသန့် လေးနှစ်ထဲရောက်သည့်အချိန်မှာတော့ နော်အယ်ထူးက သူ့ဇာတိကို မပြန်မဖြစ်မို့ ပြန်ဖို့ကြံလာသည်။ သူ မူကြိုကျောင်းသွားနေစဉ်မှာ နော်အယ်ထူး မြစ်ဝကျွန်းပေါ်ကို ပြန်သွားခဲ့သည်ပဲ။

'မာမီ အမိုးရော'

ညနေ သူ့ကိုလာကြိုတော့ နော်အယ်ထူးကို မတွေ့ရဘဲ သူ့မာမီ ဒေါ်ခင်မျိုးသန့်ကို တွေ့လိုက်ရသဖြင့် အံ့သြသွားသည်။

'သား အမိုးက ခဏပြန်သွားတယ်၊ သားဖို့မုန့်တွေ ဝယ်လာခဲ့မယ်တဲ့'

'မရဘူး၊ သားသား အမိုးနဲ့လိုက်မယ်'

ကားပေါ်မှာကတည်းက မင်းသန့် ငိုနေခဲ့သည်။

ထိုညက မင်းသန့်နှင့် အမိုး အခန်းထဲမှာ သူ့မာမီလာအိပ်သော်လည်း မင်းသန့်က တော်တော်နှင့်အိပ်မပျော်။



တစ်ရေးနိုးတိုင်း အမိုး အမိုးဟု ထအော်ကာ ငိုသည်။

'အမိုးဆီလိုက်ပို့၊ အမိုးဆီလိုက်ပို့၊ အမိုးနဲ့ပဲအိပ်မယ်'

'ဟဲ့ ငါက နင့်အမေအရင်း'

ဒေါ်ခင်မျိုးသန့်က ချော့မရသည့်အဆုံး ဒေါသထွက်လာသည်။

'မရဘူး အမိုးပဲ၊ အမိုးပဲ'

'နေ... နေခဲ့၊ ဒါဆို နေခဲ့'

အခန်းတံခါးကို ဝုန်းခနဲပိတ်ပြီး ဒေါ်ခင်မျိုးသန့် အပြင်သို့ထွက်လာခဲ့သည်။

နံရံမှနာရီကိုကြည့်ရင်း ညသန်းခေါင်ကျော်ပြီ။ အခုထိ ဦးမင်းထွန်း ပြန်ရောက်သေး။

ညနေကတည်းက ညစာစားပွဲရှိသည်ဟု ဖုန်းဆက်ထားခဲ့သည်။

ငိုသံတိတ်သွားသဖြင့် ဒေါ်ခင်မျိုးသန့် အခန်းတံခါးကို အသာလေးဖွင့်ပြီး ဝင်လိုက်၏။

မင်းသန့်က သူ့ကိုချီပြီး ရိုက်ထားသော နော်အယ်ထူး ဓာတ်ပုံကို စူးစိုက်ကြည့်ရင်း မျက်ရည်တွေသုတ်နေသော တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ကစပြီး မင်းသန့် အဖျားဝင်တော့၏။ ဆေးခန်းသွားရင်း အိမ်မှာနားရသည်။ မင်းသန့်အနားမှာ ထမင်းချက်သည့်ဒေါ်အိက အချိန်ပြည့် စောင့်ကြည့်ရ၏။

ဒေါ်ခင်မျိုးသန့်တို့က ထမင်းဟင်းကို အပြင်မှာဝယ်စားမည်စီစဉ်သည်။

❁ ❁ ❁

## ၂

ငယ်ကတည်းက အမေရင်းနှယ် တွယ်တာခဲ့ရသော အမိုး သူ့ဘဝထဲမှပျောက်သွားတော့ မင်းသန့်ရင်ထဲမှာ ဒဏ်ရာရလိုက်သည်။ ဒယ်ဒီနှင့်မာမီကိုလည်း သူက မယုံသလို စိတ်ထဲမှာ စွဲသွားတော့သည်။ အမိုးနှင့်သူ့ကို ဒယ်ဒီနှင့် မာမီတို့က ခွဲလိုက်သည်ပဲဟု ငယ်တွေးဝင်ခဲ့ပြန်၏။

မူကြိုကနေပြီး ကျောင်းစတက်တော့ ပထမ[illegible] မှာ မာမီ ကျောင်းလိုက်ပို့သည်။ နောက်ပိုင်း မေမြို့ပြောင်းတော့

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ထမင်းချက်ဒေါ်အိကို ပို့နိုင်းခဲ့၏။ အမိုးမရှိကတည်းက သူက ဘယ်သူ့မှ မတွယ်တာသလို ဖြစ်လာသည်။ တစ်ခါတစ်ခါ ဒရိုင်ဘာနှင့် ကျောင်းလာရသော်လည်း သူက ဘာမှမဖြစ်သလိုပင်။ ကျောင်းအဆင်းအတက်မှာ သူ့သူငယ်ချင်းတွေကို သူတို့မိဘတွေက လိုက်ပို့လာကြိုတာတွေကြည့်ရင်း အမိုးကိုတော့ တမ်းတမ်းတတ သတိရနေသည်ပဲ။

'ကိုထွန်းအောင် ကျွန်တော့်ကား ဝပ်ရှော့ပို့ထားတာ ညနေမှရမယ်၊ ခင်ဗျားကလေး ကျောင်းပို့ရင် ကျွန်တော်ပါ လိုက်ခဲ့မယ်၊ သားကို ကျောင်းပို့ပြီး ကျွန်တော့်အလုပ်ကို လိုက်ပို့'

'ဟုတ်ကဲ့ ဆရာ'

တစ်နေ့မှာတော့ သူ့ဒယ်ဒီ ဦးမင်းထွန်း သူ့ကို ကျောင်းပို့စရာကြုံလာသည်။

ကားပေါ်မှာ နောက်ခန်းက ဒယ်ဒီပေါင်ပေါ်ထိုင်ပြီး ကားစီးရတာ သူ့စိတ်ထဲမှာ ပျော်နေသလိုလို။

သူက ကျောင်းသွားချိန်၊ ဒယ်ဒီက မနိုးသေး။ သူ အိပ်ပျော်ပြီးမှ ဒယ်ဒီကအိမ်ပြန်နှင့် ဒယ်ဒီနှင့်သူ လက်ပွန်းတတီး နေခွင့်မရ။



လမ်းတစ်လျှောက် သူသိချင်တာတွေကိုမေးရင်း ဒယ်ဒီက ဖြေရင်းနှင့် ကျောင်းကိုရောက်လာသည်။

'လာ… သား ဆင်း၊ ဦး ကျောင်းထဲအထိ လိုက်ပို့မယ်'

ကားရပ်ပြီး ဒရိုင်ဘာက ပြောသည်။ ခါတိုင်းလည်း သည့်နှယ်လိုက်ပို့နေကျ။

'နေပါဦး ဦးဦးရ၊ ဒယ်ဒီနဲ့အတူ ကားစီးရတာ မဝသေးဘူး'

'ကျောင်းရောက်ပြီလေ သားရဲ့'

'ကျောင်းမတက်သေးပါဘူး ဒယ်ဒီရ'

'ဒယ်ဒီ့ကို ရုံးပို့သွားရဦးမှာလေ သားရဲ့'

'ကားတစ်ပတ်စီးဦးမယ်၊ ပြီးမှ ဒယ်ဒီသွား'

ဒရိုင်ဘာက ဘာလုပ်ရမည်မသိ နောက်လှည့်ကြည့်သည်။

'ကဲ… သားကျေနပ်အောင်မောင်းဗျာ၊ ဒီအနီးအနား တစ်ပတ်လောက်ပေါ့'

မင်းသန့်က ကျေနပ်စွာ သူ့ဒယ်ဒီရင်ခွင်ထဲမှာ ငြိမ်ဆိုင်း လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းကလည်း ဒယ်ဒီ သူ့ကို နေ့တိုင်း သည့်နှယ် ကျောင်းလိုက်ပို့ပေးရင် ဘယ်လောက်ကောင်းလေမလဲ တွေးမိသေးသည်ပဲ။



## ၃

မင်းသန့် အလယ်တန်းကျောင်းသားဘဝလောက်မှာလည်း သူ့နှလုံးသားမှာ ဒဏ်ရာရစရာတစ်ခု ကြုံခဲ့ရသေးသည်လေ။

'သားကို သမ္မတရုံကကား လိုက်ပြပါ၊ သား ကြည့်ချင်တယ်'

ညှော်ခန်းမှာ ဒယ်ဒီရော၊ မာမီပါရှိစဉ် မင်းသန့်က တောင်းဆိုသည်။

'သားကလည်း ရုပ်ရှင်ရုံ ဘာလို့သွားကြည့်ချင်ရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



မာမီက အလေးအနက်မထားဟန် သူ့ကိုမကြည့်ဘဲ ပြောလိုက်၏။

'ဟုတ်တယ်လေ သားရဲ့၊ သားတို့ ရုပ်ရှင်ရုံအသွား ရှေ့တွတ်အောင်လို့ မိသားစုရုပ်ရှင်ခန်းလေး ဒယ်ဒီ စီစဉ်ထားတာပဲ၊ အဲဒီမှာပဲကြည့်ပေါ့၊ သား ကြည့်ချင်တဲ့ကား ဒယ်ဒီ ဝယ်လာခဲ့မယ်'

အိမ်မှာပင် အစည်းအဝေးခန်းမကြီး နှယ် အခန်းကျယ်တစ်ခု ပြုလုပ်ထားပြီး ရုပ်ရှင်ရုံသဖွယ် ကြည့်နိုင်အောင်လည်း စီစဉ်ပေးထားတာ မင်းသန့် အသိဆုံး။ မိသားစု ဆယ့်ကိုးယောက်လောက် ကြည့်နိုင်အောင် ဆိုဖာတွေကအစ အားလုံး အဆင်သင့် ပြင်ဆင်ထားသည်ပဲ။

မင်းသန့် တစ်နေ့ကျောင်းပြေးပြီး သမ္မတရုံမှာ သူငယ်ချင်းတွေနှင့် ရုပ်ရှင်ကြည့်ခဲ့ဖူးသည်။ သည်တုန်းက သူ့အရွယ်ကလေးငယ်တွေ အဖေ အမေလက်တွေကိုတွဲကာ သမ္မတရုံ အပေါ်ထပ်လှေကားတက်သွားတာ သူ အမှတ်မထင် ငေးကြည့်နေခဲ့မိသည်ပဲ။ သူလည်း သည်လိုပင် ဒယ်ဒီ၊ မာမီတို့လက်ကို တွဲရင်း ရုပ်ရှင်ရုံထဲ ဝင်ရသည့်အရသာကို တမ်းတကြည့်ဖူးသည်။



'မာမီလည်း မအားဘူး သားရဲ့'

'သားက ဒယ်ဒီတို့ မာမီတို့နဲ့ ရုပ်ရှင်ရုံသွားကြည့်ချင်တာ'

'ဘာထူးမှာလဲ သားရာ၊ ဒယ်ဒီလည်း အရေးတကြီး ကိစ္စတစ်ခုရှိနေတယ်'

'ဟုတ်သားပဲ၊ ဟိုအပ္ပိုင့်မင့်ကိစ္စ မဟုတ်လား'

'ဟုတ်တယ်'

'ဘာယူသွားမှာလဲ'

'ထူးထူးဆန်းဆန်း တစ်ခုစီစဉ်ထားတယ်၊ အဲဒါတွေ့ရရင် အရမ်းအံ့သြသွားမှာပဲ၊ ပြီးတော့ ဘယ်သူမှလည်း ဒီလို စိတ်ကူးရမှာမဟုတ်ဘူး'

'ပြောပါဦး'

'တစ်ခါတုန်းက သူက ဝက်သားတုတ်ထိုး ဘယ်လောက်ကြိုက်တယ်ဆိုတဲ့အကြောင်းနဲ့ ဝက်သားတုတ်ထိုးဆိုတာ အထမ်းသည်ရှေ့မှာ မြိန်မြိန်ယှက်ယှက်စားရမှ အရသာဘယ်လောက်ရှိတယ်ဆိုတာ မြိန်ရည်ယှက်ရည် ပြောဖူးတယ်ကွ၊ ကိုယ်က အဲဒါဖတ်ထားတာ'

'အဲဒီတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ ကောင်းပေ့ဆိုတဲ့ ဝက်သားတုတ်ထိုးသည်ကို ခေါ်သွားဖို့ စီစဉ်ထားတယ်'

'ကြံကြီးစည်ရာ'

'အဲဒါကြောင့် ဘယ်သူမှမစဉ်စားမိတဲ့ ကိစ္စပါဆိုမှပဲ၊ ကိုယ် ဘယ်လောက်အလိုက်သိ၊ အကြိုက်သိတယ်ဆိုတာ ဂရု တစိုက်ရှိတယ်ဆိုတာ ပေါ်လွင်သွားမယ်လေ'

'အတော်တော့ စီစဉ်ရမယ်'

'ဒါပေါ့'

မင်းသန့်က ဆိုဖာပေါ်မှ ဝုန်းခနဲထရပ်ရင်း အခန်းတွင်းက ပြေးထွက်ခဲ့သည်။ သူ့အခန်းတံခါးကို ဆွဲပိတ်လိုက်စဉ်မှာ အသံက လိုသည်ထက်ပို၍ ကျယ်လောင်သွားမှန်းသိ၏။

စာကြည့်စားပွဲမှာထိုင်ရင်း စားပွဲပေါ်မှ ဘောလ်ပင်ကို ကောက်ယူကာ စားပွဲပေါ်ကို ထိုးစိုက်လိုက်မိတာ ဘာကြောင့် ရယ်မသိ။

❁ ❁ ❁

၄

တက္ကသိုလ်ဝင်စာမေးပွဲဖြေပြီးစမှာပဲ မင်းသန့်ဘဝ အပြောင်းအလဲကို ကြုံရတော့သည်။

ဒယ်ဒီက လွန်ခဲ့သည့် တစ်နှစ်၊ နှစ်နှစ်လောက်ကစပြီး အိမ်ကို ပုံမှန်ပြန်မလာတော့။ နောက်အငယ်နှင့် အိမ်တစ်လုံးမှာ အတူနေတာ မာမီရော သူရော သိခဲ့ရသည်။ တစ်ခါခါ ဒယ်ဒီ အိမ်ပြန်လာလျှင်လည်း အိမ်သားတွေနှင့် စကားသိပ်မပြော။

'ကျွန်မကို ကွာရှင်းစာချုပ် လက်မှတ်ထိုးပေး...'

ဒယ်ဒီပြန်လာခိုက်မှာ မာမီပြောလိုက်သံသဲ့သဲ့ ကြား သော့ မင်းသန့်က အပေါ်ထပ်တက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း တစ်နေ့ဒီလိုပြောမယ် ငါသိတယ်၊ မင်း ဘာလုပ်နေဘယ်ဆိုတာ ငါ မသိဘူး၊ မထင်နဲ့ ရတယ်၊ ငါ လက်မှတ်ထိုးပေးမယ်'

လှေကားပေါ်တက်နေစဉ် ဒယ်ဒီ ပြန်ပြောသံကို ကြားနေရသေးသည်။

အခန်းထဲဝင်ပြီး အဝတ်အစားလဲကာ ညှော်ခန်းမှမဖြတ်ဘဲ နောက်ဖေးပေါက်မှဆင်းပြီး အပြင်ထွက်ခဲ့၏။

ဒယ်ဒီနှင့် မာမီတို့ တရားဝင်ကွာရှင်းကြပြီး မကြာခင်မှာပဲ မာမီက နောက်အိမ်ထောင်ပြုလိုက်သည်။

မင်းသန့်က အိမ်ပေါ်မှဆင်းခဲ့ပြီး အဘွားအိမ်ကိုရောက်လာသည်။

သည်ကတည်းက ဒယ်ဒီနေသည့်အိမ်ကိုလည်း သူမရောက်၊ မာမီနေသည့်အိမ်ကိုလည်း သူ မသွားတော့ပေ။

ဒယ်ဒီနှင့်မာမီတို့နှစ်ယောက်လုံးကို လူမှုရေးဖောက်ပြန်သူများဟု ဆင်ခြင်ပြီး ရင်ထဲကနာသလို။

❋ ❋ ❋

## ၅

ဒယ်ဒီနှင့်မာမီတို့ကို အဆက်အသွယ်မလုပ်ဘဲ နေခဲ့သည်။ ဘွားဘွားအထောက်အကူနှင့် တက္ကသိုလ်ပညာကို သင်ယူခဲ့၏။ တက္ကသိုလ်ရောက်တော့ စာတွေဖတ်ရင်း 'မေတ္တာငတ်သူ'၊ 'ပြဿနာကလေး' စသည့် အကြောင်းအရာတို့ကို သူနားလည်ခွင့်ရလာ၏။

တော်ရုံတန်ရုံ လူတွေအပေါ်မှာ အယုံအကြည်နည်းလာသည့်စိတ်ကိုလည်း သတိထားပြုပြင်ရပြန်သည်။

တက္ကသိုလ်မှာ ဘဝတူညီဦးနှင့် ရင်းနှီးခွင့်ရခဲ့သောသူ့အတွက် ရဲဘော်ရဲဘက်တစ်ယောက်ကို ရလိုက်သလိုဝင်း

www.burmeseclassic.com

www.burmeseclassic.com



ညိုဦးဘဝနှင့်စာပါက သူမှာ ငွေကြေးပြဿနာမရှိ။ နွမ်းပါးဆင်းရဲပြီး မိဘမေတ္တာ သူနှယ် ဝေါမွတ်ခဲ့သူ ညိုဦးက သူနှင့် တွေ့တော့ မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုလေးတွေ စရေးနေပြီ။ သူက ကဗျာလေးတွေရေးပြီး မဂ္ဂဇင်းမှာပါရန် ကြိုးစားနေဆဲ။ ညိုဦးနှင့်တွဲမိတော့ ရေးအားဖတ်အား ပိုကောင်းလာသည်မှာ အမှန်။ သည်လိုနှင့် သူ၏အဖြစ်ချင်ဆုံးအရာမှာ ကဗျာဆရာဆိုတာ မင်းသန့် နားလည်လာခဲ့တော့၏။

❁ ❁ ❁

'ကလေးက လေးယောက်၊ ငါကအကြီးဆုံးကွာ၊ အဖေ နောက်အိမ်ထောင်ပြုသွားပြီဆိုတော့ ငါတို့ ဘာလုပ်ရမှန်းမသိအောင် ယောင်ချာချာကြီးဖြစ်သွားတယ်။ အမေကလည်း အစကတည်းက ဘာမှမယ်မယ်ရရ လုပ်တတ်တာမရှိဘူး။ အဖေ့လုပ်စာကိုမှီခိုနေတာ၊ တစ်နှစ်လောက်ကြာတော့ အမေကလည်း ဒီဒုက္ခတွေကို သူချည်းမခံချင်တော့ဘူးထင်တယ်။ နောက်အိမ်ထောင်ပြုပြီး ငါတို့ကိုထားသွားတာပဲ။ အမေ့ရဲ့အစ်မ ကြီးဒေါ် အပျိုကြီးက သိပ်တော်တာမင်းသန့်။ ငါ့ကြီးဒေါ်ရဲ့ စကားတစ်ခွန်းက ငါ့ဘဝမှာ အားဖြစ်စေတယ်။ မိဘနှစ်ပါးမရှိတဲ့ကလေး



တွေ ကမ္ဘာပေါ်မှာ တစ်ပုံကြီးပဲတဲ့။ စစ်ဖြစ်နေတဲ့ နေရာတွေမှာ၊ သဘာဝဘေးဒဏ်ခံရတဲ့နေရာတွေမှာ ဒီလို ကလေးတွေထဲက တိုးတက်ကြီးပွားသွားတဲ့သူတွေ အပုံကြီးရှိတာပဲ၊ ဒီလိုကလေးမျိုးထဲမှာ ကိုယ်ပါဖို့လိုတယ်တဲ့၊ မိဘရှိရင်လည်း မိဘဆိုတာ လမ်းပြပြီး လမ်းညွှန်ရုံပဲတတ်နိုင်တာ။ ဆက်လျှောက်ဖို့နဲ့ ပန်းတိုင်ရောက်ဖို့က ကိုယ့်တာဝန်တဲ့။ မိဘနှစ်ပါးရဲ့ လူမှုရေးဖောက်ပြန်မှုတွေဟာ ကိုယ့်ဘဝရဲ့အင်အားတွေကို မထိခိုက်မပျက်စီးဖို့ ကိုယ့်မှာ ကိုယ်ခံအားရှိဖို့ အရေးကြီးတာတဲ့။ အဲဒါက စိတ်ဓာတ်ပဲတဲ့။ မိဘတွေရဲ့ မကောင်းတဲ့လုပ်ရပ်ဆိုတာ အပြစ်တင်ဖို့မဟုတ်ဘူး၊ သားသမီးအတွက် သင်ခန်းစာယူဖို့တဲ့'

'ဟာ… မင်းကြီးဒေါ်စကားတွေက မှတ်သားစရာတွေချည်းပါလား'

'သူက စာသိတ်ဖတ်တာကွ၊ အလုပ်လည်း သိပ်လုပ်တယ်။ သူ့စကားတွေကြောင့် ငါတို့မောင်နှမတွေ အားမငယ်ခဲ့ဘဲ နေနိုင်တာ၊ ငါကျောင်းဆက်တက်ဖို့ ဆယ်တန်းအောင်တဲ့ ငါ့ညီမက အလုပ်ထွက်ပြီး စက်ချုပ်တယ်။ ကျန်တဲ့ကလေးတွေ ကလည်း ကျောင်းတစ်ဖက်၊ အိမ်က အခြောက်အခြမ်းဆိုင်လေး တစ်ဖက် အလုပ်ကူလုပ်တယ်။ ကိုယ့်ဘဝကိုကိုယ် သူ့အောင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရမယ်ဆိုတဲ့ ဘဝပေးအသိ ရောက်ရှိလာခဲ့ကြတာကွ'

'မင်းနဲ့စာရင် ဘာပဲဖြစ်ဖြစ် ငါ့ဘဝက စားဖို့နေဖို့ မပူမပင် နေခဲ့ရတယ်။ အသွားက ပြည့်ပြည့်စုံစုံဆိုတော့ ဘာမှ မနှောင့်နှေးခဲ့ရဘူးလေ၊ ဒါပေမဲ့ ဘယ်လိုမှ ဖျောက်မရတဲ့အခွဲ ကတော့ ဒယ်ဒီနဲ့မာမီတို့ရဲ့ လူမှုရေးဖောက်ပြန်မှုကို ငါ ရွံတယ် ကွာ။ ကိုယ့်မိဘတွေပဲလို့ ဘယ်လိုဖြေဖြေ မပြေဘူး၊ ကံကုန်လို့ အိမ်ထောင်ကွဲတာကတစ်ပိုင်း လူမှုရေးဖောက်ပြန်မှုက တစ်ပိုင်း လေ။ တစ်ယောက်ကိုတစ်ယောက် မာနတွေထားပြီးရွဲ့ကြတော့ ဖောက်ပြန်မှုတွေ ဖြစ်ကြတာပဲ'

အရွယ်ရလာခဲ့သည်နှင့်အမျှ ငွေကြေးအရှိန်အဝါတွေ ကြားမှ ဖောက်ပြန်သာယာမှုများကို မင်းသန့် တွေးတတ်မြင် တတ်လာခဲ့သည်ပဲ။

ဒယ်ဒီအိမ်မပြန်သည့်ညများ၊ မာမီ၏ နေ့ဆက်နေသည့် [illegible]ဘာဝိုင်းများသည် သူ့ငယ်ဘဝ၏ ခါးသီးသော အိပ်မက်များ ကို ဖြစ်စေခဲ့သည်လေ။

'ကြီးကြီးပြောတာ ရှိသေးတယ်ကွ'

'ပြောပါဦး'

'မိဘဆိုတာ သားသမီးတွေအတွက် လယ်ယာမြေ



ကောင်းသဖွယ် ဖြစ်ရမယ်တဲ့။ သားသမီးဆိုတဲ့ မျိုးပင်လေးတွေ မျိုးစေ့လေးတွေ ရှင်သန်ကြီးထွားနိုင်ဖို့ မြေကောင်းဖို့လိုတာ အရေးကြီးတာ အမှန်ပဲတဲ့။ အဲ… ဒါပေမဲ့ ကံအားလျော်စွာ မြေမကောင်းတာနဲ့ တိုးခဲ့ရင်လည်း ဘယ်လိုမြေမှာဖြစ်ဖြစ် အသက်ရှင် ရပ်တည်နိုင်တဲ့ မျိုးစေ့ကောင်းဖြစ်ဖို့ အရေးကြီး တာပဲတဲ့။ ဥပမာ နွံတွေ သဲတွေကြားက ရုန်းထွက်အသက်ရှင် ရတဲ့ မိုးမခပင်မျိုး၊ ကျောက်တောင် ကျောက်စရစ်တွေကြား မှာ အသက်ရှင်နိုင်တဲ့ ယူကလစ်ပင်မျိုး၊ ဒီလိုအပင်မျိုးတွေသာ ဖြစ်ခဲ့ရင် မြေမကောင်းတာ ကောင်းတာက အဓိကမကျတော့ ဘူးတဲ့လေ'

ညိုဦးထံမှ ကြားခဲ့ရသော သည်လိုစကားမျိုးတွေက မင်းသန့်ဘဝကို အင်အားဖြစ်စေခဲ့ရပြန်၏။

အင်ဂျင်နီယာဖြစ်ခဲ့ကြပြီးတော့လည်း ညိုဦးနှင့် သူက ရန်ကုန်မှာပဲ တာဝန်ကျကာ ဗာပူးတွဲတွဲ။ သည်အချိန်မှာတော့ မဂ္ဂဇင်းတွေမှာ ရေးသားရင်း ညိုဦး၊ မင်းသန့်ဆိုသည့် [illegible] နာမည်လေးတွေက အတော်အသင့် တည်တံ့ခိုင်မြဲနေ[illegible] လေ။

သည်အခြေအနေမျိုးမှာပဲ မင်းသန့်ဘ[illegible]ညို[illegible]

www.burmeseclassic.com



ရောက်လာခဲ့ခြင်းက ကန္တာရမှာ အိုအေစစ်ငယ်တစ်ခုကို တွေ့လိုက်ရခြင်းဟု မင်းသန့်က ထင်ခဲ့ပြန်ပြီပဲ။

သူ့နှလုံးသားက တောင့်တခဲ့သည့် မေတ္တာစမ်းရေတို့ကို သည်မှာ သူရနိုင်လိမ့်နိုးနိုးမျှော်ကိုးရင်း ညှိသက်မွန်သည့်သူ့ဘဝ၏ ရောင်ခြည်ဖြစ်လာခဲ့ပြန်၏။

❁ ❁ ❁

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

## ၁

မေတ္တာတရားနဲ့ ပတ်သက်လာရင် မင်းကပဲ တော်တော်လေး ကံဆိုးတဲ့ကောင်ဆိုသည့် ညီဦး၏မှတ်ချက်စကားက မင်းသန့်နားထဲက မထွက်။

ဖီးလ်မှာ အတူထိုင်ဖြစ်သည့်နေ့ကလည်း သူ့ဘဝအကြောင်းတွေကို ညီသက်မွန်အား မခြွင်းမချန်ပြောခဲ့မိသည်ပဲ။

'လူမှုရေးဖောက်ပြန်တဲ့ကိစ္စကို ကိုမင်းသန့်က ခံစားချက်နဲ့ မုန်းတာ ရှုံ့တာ အစွဲအလမ်းကြီးတစ်ခုကို မြင်နေပြီလို့ ပြောတယ်နော်'.

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ညိုသက်'

'ဒါဆို အခု ညိုသက်လည်း လူမှုရေးဖောက်ပြန်တာ ဖြစ်မနေဘူးလားဟင်'

'ကိုယ် သေသေချာချာ စဉ်းစားပါတယ် ညိုသက်၊ ကိုယ်ရော ညိုသက်ရော နှစ်ယောက်လုံးက လူမှုရေးဖောက်ပြန်သလို ဖြစ်နေမလားဆိုတဲ့ကိစ္စကိုပေါ့။ ညိုသက်လည်း လူလွတ်၊ ကိုယ်လည်းလူလွတ်ဆိုတဲ့ အချက်တစ်ခုတည်းကပဲ ဒီမေးခွန်းရဲ့အဖြေဟာ ရှင်းနေခဲ့တာပဲလေ။ နောက်ဆုံး လက်မထပ်ရသေးဘဲ စေ့စပ်ကြောင်းလမ်းထားတာဆိုရင်တောင်မှ ကိုယ်တို့မှားသေးဘူးလို့ ကိုယ်ထင်တယ်။ ပြီးတော့ စီးပွားရေး၊ လူမှုရေး အပေးအယူ အနှောင်အဖွဲ့တွေနဲ့ ပေးခဲ့ရတဲ့ကတိ ဖြစ်နေမယ်ဆိုရင်လည်း ညိုသက်ဟာ ကတိမဖျက်သူဖြစ်အောင် လို့ ကိုယ် ရှောင်ခဲ့မိမှာပဲလေ၊ ညိုသက် တစ်ခုယုံပါ'

'ဘာကိုလဲ'

'ချစ်ခြင်းမေတ္တာဆိုတာ ချစ်သူအတွက် ချစ်သူကောင်းဖို့တွေ ဖြစ်လာဖို့အတွက် စေတနာအပြည့်အဝ အထားနိုင်ဆုံးစိတ်ပါပဲ ညိုသက်၊ ကိုယ်ကျိုးနဲ့ချစ်သူအကျိုးယှဉ်လာတိုင်း ကိုယ်ကျိုးဆိုတာ ပျောက်သွားနိုင်တဲ့စေတနာမျိုးပါ'





သည်မှာ ညိုသက်မွန်ကို သူပြောခဲ့သမျှ စကားတို့ကို မင်းသန့် ပြန်ကြားယောင်သည်။ လေထဲမှာ လွင့်ပျောက်သွားသည့်အရာများဖြစ်လျက် ချစ်သူစကားတို့သည်ကား နှလုံးသားမှာ ထာဝရတည်မြဲနေနိုင်တာ ဘာကြောင့်ပါလဲ။

ကုန်ကြမ်းရှာတုန်းပဲလားဆိုသည့် ညိုသက်မွန် ညီမချို၏စကားက ဓားသွားမြမြနှယ် နှလုံးသားကို တစ်လွှာချင်း ထိခဲ့ပြီပဲ။

ချစ်ခြင်းမေတ္တာဆိုတာ အနုပညာအတွက် ကုန်ကြမ်းဖြစ်ပါသတဲ့လား။

နှလုံးသားကိုတူး၍ မည်သည့်အရူးက ရတနာသိုက်ကို ရှာဖွေမှာတဲ့လဲ။

နှလုံးသားကို မီးမြှိုက်၍ ဘဝ၏ အမှောင်အမိုက်ကို လင်းစေချင်သူမဟုတ်တာ ချို နားမလည်လေရော့လား။

နှလုံးသားဆိုသည် ချစ်သူနှင့် ပတ်သက်သမျှတို့၏ တည်မှီရာဟုသာ မင်းသန့်က ယုံ၏။

ချစ်သူ၏ဘဝအလင်းအတွက် သူ့နှလုံးသားကို မီးခြစ်တိုက်၍ လောင်မြှိုက်ခံရင်း အလင်းရောင်ပေးချင်သူပါ၊

ညိုသက်မွန် ချမ်းမြေ့စေခြင်းအတွက် သူ့နှလုံးသား၏

www.burmeseclassic.com

www.burmeseclassic.com



နာကျင်ခြင်းဖြင့် လဲလှယ်နိုင်သည်ပဲ။

ရင်ထဲမှာ ထာဝရတာတမ်းတနေမိသော်ငြား ညှိုသက်ဆီကို သူ ဖုန်းမဆက်မိအောင် ကြိုးစားနေခဲ့ပြန်သည်။

❁ ❁ ❁

## ၂

ကြာ၍ မေ့တတ်သည့်အရာများမှာ 'ချစ်သူ'ပါတတ်ပါသလား။ ချစ်သူဟု နှလုံးသားက လက်ခံမိသည့်အချိန်မှာ လက်ထပ်နိုင်မည့်သူကို ဘာသာရွေးချယ်ခဲ့ပြီးသား။ ဦးနှောက်နှင့် နှလုံးသား၏လွန်ဆွဲမှုမှာ မလူးသာ မလွန့်သာခဲ့။

လက်ကိုင်အိတ်ကို စားပွဲပေါ်မှာ ပစ်တင်လိုက်ချိန်မှာ အရှိန်က လိုသည်ထက် ပိုများသွားပြန်၏။ ဒေါသဖြင့် စိတ်က အလိုလို လှုပ်လှုပ်ရှားရှားဖြစ်ရသည်။

'ချို့ကို ဘာမှရှုဆောင့်စရာ မလိုဘူး မမွန်၊ [illegible] နှိုင်းလိုက်လို့ ချိုလိုက်ရတာ'

www.burmeseclassic.com

www.burmeseclassic.com



'မေမေ့ကို ချို့မပြောဘဲ မေမေက ဒီလက်ဖက်ရည်ဆိုင်မှာဆိုတာ ဘယ်လိုသိမှာလဲ'

မျက်နှာချင်းဆိုင်ရင်း ညိုသက်မွန်က ပြောသည်။

လက်ဖက်ရည်ဆိုင်ထဲမှ ကိုမင်းသန့် ထထွက်သွားတော့ ရင်ထဲမှာ တလှပ်လှပ်။ ကဗျာနဲ့ပတ်သက်ပြီး ချို့ပြောလိုက်တာကို မကျေမနပ်ဖြစ်သွားမှန်း သိသည်။ ချို့နှင့်ပတ်သက်ပြီး ငါ့ကိုပါ စိတ်နာသွားပြီလား အတွေးက ရင်ကိုဗလောင်ဆူစေ၏။

ပိုက်ဆံရှင်းပြီး လက်ဖက်ရည်ဆိုင်တွင်းမှ ထွက်လာခဲ့ပြီး အတော်လေးလျှောက်ခဲ့သည်အထိ ဘာစကားမှ မဆိုဖြစ်။

'ချို့ မမွန်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စထဲမှာ ဘာလို့ပါရတာလဲ'

ဟု မျက်နှာမကြည့်ဘဲ ရင်တွင်းကစကား လျှံကျသွားသည်။

'ချို့ ဘယ်သူ့ကိုယ်ရေးကိုယ်တာမှ မပါချင်ဘူး မမွန်၊ မေမေခိုင်းလို့ လိုက်လာခဲ့တာ'

ဟု ချို့က ပြန်ပြောသော်ငြား ရင်ထဲက အလှုပ်အရှားက မပျက်။ အခုလည်း အိမ်ရောက်သည့်တိုင် ဒေါ်သကမပြေ။



'မမွန် ဖုန်းဆက်ပြီး အချိန်ပိုရှိတယ်ပြောတော့ မေမေ့ကို ချို့ ပြောပြတယ်။ မေမေက ဟုတ်ပါ့မလားမေးလို့ ချို့က ပူစရာမရှိပါဘူး၊ အဲဒီ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာကလွဲပြီး ဘယ်မှမသွားဘူးပြောမိတာ'

'အဲဒါ ချို့တိုင်တာပဲလေ'

'ချို့တိုင်တာ မဟုတ်ဘူး၊ ချို့က မမွန်အတွက် စိုးရိမ်ပိုတာ။ ကိုမြတ်ထူးဇော် အသိတစ်ယောက်ယောက် မမွန်ကို တွေ့သွားရင် ဘယ်လိုလုပ်မလဲ။ ဘယ်လောက်ရှက်စရာကောင်းမလဲ။ ဒီလို လူမှုရေးဖောက်ပြန်တာကို မေမေတို့ တစ်မျိုးလုံး ဘယ်လောက်မုန်းတယ် ရွံတယ်ဆိုတာလည်း မမွန် အသိဆုံး'

'တော်တော့ ချို့၊ ဒါ လူမှုရေးဖောက်ပြန်တာ မဟုတ်ဘူး'

'ကိုယ်ယူမယ့် ရည်းစားအပေါ် သစ္စာဖောက်တာ လူမှုရေးဖောက်ပြန်တာ မဟုတ်ဘူးလား'

'မဟုတ်ဘူး ချို့၊ မမွန်ဟာ လက်ထပ်ထားတဲ့ ဇနီးခယားမဟုတ်သေးဘူး၊ မမွန်ဟာ လူ၊ စက်ရုပ်မဟုတ်ဘူး မမွန်မှာ လူတစ်ယောက်ရဲ့အခွင့်အရေး အပြည့်အဝရှိတယ်'

'နေပါဦး… မမွန် ကိုမြတ်ထူးဇော်ကို ဘယ်သူက

www.burmeseclassic.com



အတင်းအကျပ် ပြန်ချစ်ခိုင်းခဲ့လို့လဲ'

မချစ်ဘူး မချစ်ဘူးဟု ရင်ထဲမှ ကျယ်လောင်စွာ အော်ဟစ်လိုက်မိသော်ငြား နှုတ်မှကား ထွက်မလာ။

'တော်တော့မွန်၊ ချို့လည်း တော်တော့'

မေမေ အပေါ်ထပ်မှဆင်းလာရင်း အနားရောက်သည်။

'ချို့ကို မေမေ လိုက်ခိုင်းလိုက်တာ သမီး'

'သမီးတို့က အနေအထိုင် အမြင်မတော်အောင်ဖြစ်နေလို့လား မေမေ၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး စကားပြောမိတာ အပြစ်တစ်ခုလား'

'ငါ့သမီးမှာ လက်ထပ်ရမယ့်ချစ်သူနဲ့လေ'

'ချစ်သူမဟုတ်ပါဘူး'

နှုတ်မှ တီးတိုးစကားထွက်သော်ငြား အင်အားအပြည့် စကားသံမဟုတ်။

'သမီး'

ပြန်မထူးမိသော်လည်း မေမေ့မျက်နှာကို စူးစိုက်အကြည့်ရောက်သည်။

'ပေါ့ပေါ့လွယ်လွယ်မပြောနဲ့ သမီး၊ မောင်မြတ်ထူးဇော်ကို သမီး အပျော်တွဲခဲ့တာ မဟုတ်တာတော့ သေချာတယ်။



လက်ထပ်မယ်လို့ ရည်ရွယ်ပြီး အဖြေပေးခဲ့တာပဲ။ ခဏလောက်လှုပ်ရှားရင်ခုန်ရတာကို ဘဝတစ်ခုလုံးအတွက် မထင်ပါနဲ့ သမီးရယ်'

မျက်လွှာချရင်း ရှေ့မှစားပွဲစွန်းကို လက်ဖြင့် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိပြန်၏။

'သမီးကို မေမေ မေးမယ်'

'ဟုတ်ကဲ့'

'မောင်မြတ်ထူးဇော်မှာ သမီးလက်မခံနိုင်တဲ့ ဘာပြစ်ချက်ရှိသလဲ'

'ပြောလေသမီး'ဟု ငြိမ်နေသော ညိုသက်မွန်ကို မေမေက ထပ်မေးသည်။

'မရှိပါဘူး မေမေ'

'သမီး စောစောကပြောခဲ့သလို လူမှုရေးဖောက်ပြန်တာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ သမီးစကားကို သမီးဖျက်လိုက်တဲ့ စကားမတည်တဲ့သူတော့ ဖြစ်သွားမယ်။ အဲဒါထက် အရေးကြီးတာကတော့ မပြတ်မသားနဲ့ လှေနံနှစ်ဖက်နင်းသလို မိန်းမလို့ ပတ်ဝန်းကျင်ကမြင်ရင် မိန်းကလေးတစ်ယောက်အတွက် အမှန်ပဲ သမီး၊ ဒီတော့ မေမေ ပြောချင်တာက ညိုသက်မွန်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘဝရဲ့တန်ဖိုးတော့ အလျော့မခံစေချင်ဘူးကွယ်'

သက်ပြင်းဖွဖွချရင်း ခေါင်းကို ငုံ့ထားမိဆဲ။

ရင်ထဲမှာတော့ တမြည့်မြည့် ကျင်ရေ ``သ်လေ။

❁ ❁ ❁

## ၃

နောက်နှစ်ရက်အကြာ ရုံးမှပြန်ရောက်တော့ ဧည့်ခန်းထဲမှာ ကိုဇော်နှင့် မေမေ စကားထိုင်ပြောနေတာမြင်ပြီး အံ့သြရသည်။

'ဟာ… ကိုဇော်၊ ဘယ်တုန်းကရောက်လဲ'

ဧည့်ခန်းတွင်းသို့ မေးရင်းဝင်သည်။ ကိုဇော့်မျက်နှာက ...ဖြူသော်လည်း ကြည်ကြည်လင်လင်မရှိတာ သတိထားမိ၏။ ...ကိုဇော်နှင့် မျက်နှာချင်းဆိုင်ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ ...ကစားပွဲပေါ်မှာ ကော်ဖီပန်းကန်ရှိနေတာတွေ့ပြီး ...နှင့် မေမေ စကားအတော်အတန်ပြောပြီးလောက်ပြီသိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြန်ရောက်ရောက်ချင်း ဒီကိုတန်းလာခဲ့တာ မွန်၊ ရုံး လိုက်လာရင်လည်း မမီတော့မှာစိုးလို့ အိမ်ကပဲ စောင့်နေတာ'

'သမီးလေး'

မေမေကခေါ်တော့ မေမေ့မျက်နှာဆီ အကြည့်ရောက် သည်။

'မေမေ လိုရင်းပဲပြောမယ်ကွယ်၊ မောင်မြတ်ထူးဇော် က သမီးနဲ့ စေ့စပ်ပွဲလေး ခပ်ကျဉ်းကျဉ်းလုပ်ထားချင်တယ်တဲ့၊ မေမေကလည်း သဘောကျတယ်'

'ရှင်'

မမျှော်လင့်ဘဲ ရုတ်တရက် အစီအစဉ် လုပ်လိုက်တာမို့ သူ အံ့သြသွားမိသည်တော့ အမှန်ပင်။

'ရုတ်တရက်ကြီး ကိုဇော်ရယ်'

ညိုသက်မွန်၏မျက်နှာကိုကြည့်ရင်းမှ မေမေ့မျက်နှာ ဆီ အကြည့်ပို့ရင်း ကိုဇော် သက်ပြင်းချတာ တွေ့သည်။

ကိုမင်းသန့်နှင့်ပတ်သက်ပြီး ကိုဇော် တစ်စုံတစ်ရာ သိ ထားပြီဟု ရိပ်မိကာ လိပ်ပြာမလုံချင်။

'မွန်'

'ပြော ကိုဇော်'



'ကိုဇော် ရှင်းရှင်းပဲပြောပါရစေ၊ ကိုဇော် မွန့်ကို စိတ်ချ ချင်တယ်၊ မွန်နဲ့ကိုဇော် လွဲသွားမှာကို စိုးတယ်။ ဒါကြောင့် စေ့စပ်ပွဲခပ်ကျဉ်းကျဉ်းလေး လုပ်ထားမလားလို့ အိမ်ကိုလည်း ပြောခဲ့ပြီးပြီလေ'

'လူတစ်ယောက်ရဲ့ စိတ်နဲ့ခံစားမှုကို စာချုပ်စာတန်း တွေ ဘာတွေနဲ့ထိန်းချုပ်လို့ မရပါဘူး ကိုဇော်ရယ်'

'သမီး'

'ရှင်'

'မေမေ ပွင့်ပွင့်လင်းလင်း ပြောမယ်ကွယ်။ စောစော က မောင်မြတ်ထူးဇော် မေမေ့ကို ဖွင့်ပြောမယ်။ သမီးနဲ့ ဟို သူငယ်ကိစ္စ မောင်မြတ်ထူးဇော် သိထားလို့ စိတ်မချနိုင်ဖြစ် ရတာ'

'ကိုဇော်ပြောမယ် မွန်၊ မွန်တို့နှစ်ယောက် ဖီးလ်မှာ ဘာတုန်းက တစ်ခါ၊ အင်းလျားလမ်းထဲမှာကစ်ခါ၊ နှစ်ခါ လောင် ကိုယ့်သူငယ်ချင်းက တွေ့တယ်။ အဲဒါ ကိုဇော့်ဆီက ရေးပြီးပြောလို့ ကိုဇော်သိတာ၊ မွန်တို့က သူ့ကိုမမြင်ပေ မဲ့ သူက မွန့်ကိုမြင်တယ်လေ'

'ကိုဇော်'

www.burmeseclassic.com

www.burmeseclassic.com



'ပြော မွန်'

'မွန် မညာချင်ဘူး၊ မွန် ဝန်ခံပါတယ်၊ မွန် လူတစ်ယောက်ကို ချစ်မိတယ် ကိုဇော်၊ မွန့်ကို ခွင့်လွှတ်ပါလို့လည်း မွန် မပြောချင်ဘူး'

ကိုဇော့်မျက်နှာကို စူးစိုက်ကြည့်ရင်း ညိုသက်မွန်က ပြောလိုက်သည်။ အပြစ်တစ်ခုနှယ် လိပ်ပြာမလုံမဖြစ်ချင်။ လူတစ်ယောက်ကို ချစ်မိခြင်းအတွက် ပြစ်မှုတစ်ခုကို ကျူးလွန်သလိုလည်း မခံစားမိ။

'သမီးကလည်းကွယ်၊ မောင်မြတ်ထူးဇော်က ခွင့်လွှတ်လို့ပဲ သမီးနဲ့ စေ့စပ်ထားဖို့ ပြောနေပြီပဲဟာ'

မေမေသည် သူ့ကိစ္စအတွက် ဖာဖာထေးထေးပြောရင်း သူ့သမီးအဖြစ်ကို ပေါ့စေလိုပါသလား။

မေမေ့ကို အားနာစွာဖြင့် ကိုမြတ်ထူးဇော်ကို ဘာမှဆက်မပြောဖြစ်သော်လည်း ဝန်ခံစကားဆိုလိုက်ရခြင်းအတွက်တော့ ရင်ထဲမှာ ပေါ့ပါးသွားခဲ့သည်လေ။

❋ ❋ ❋

# ၄

ကိုမြတ်ထူးဇော်၏ မိဘများနှင့် မေမေ တိုင်ပင်ပြီး စေ့စပ်ပွဲ ခပ်ကျဉ်းကျဉ်းပြုလုပ်ရန် ညှိနှိုင်းခဲ့ကြသည်။

'လက်ထပ်ပြီးရင်တော့ သားကို အလုပ်ထွက်ခိုင်းမှဖြစ်မယ်၊ ရန်ကုန်မှာပဲ စီးပွားရေးလေး ဘာလေး လုပ်ခိုင်းရမယ်။ အခု သူ နယ်ကို သွားအလုပ်လုပ်နေတော့ အန်တီ့မှာ စိတ်ပူရတာ လွန်ရော၊ ယောကျ်ားလေးဆိုပြီး ဒီခေတ်က [illegible] ထားလို့မဖြစ်ဘူးလေ။ မိန်းကလေးတွေကလည်း ရဲရဲ[illegible] ရှိတာ လွန်ရော'

www.burmeseclassic.com

www.burmeseclassic.com



ညီ့သက်မွန်က ဘာမှပြန်မပြောဘဲ ပြုံးပြီးနားထောင်နေလိုက်မိ၏။ ရင်ထဲက ခံစားမှုနှင့် ဆန့်ကျင်စွာ မျက်နှာကို ပြုံးပြင်ထားသည့်အလုပ်လောက် ပင်ပန်းသည့်အလုပ် ရှိပါရဲ့လား။

'သားကို အတင်းလိုက်ကြိုက်နေတဲ့ ကလေးမလေးတစ်ယောက်ရှိတယ်။ ရဲကရဲနဲ့၊ အန်တီတို့က မျက်နှာသာမပေးလို့လေ၊ ဖုန်းဆက်ရင်လည်း သားကို ဘယ်တော့မှခေါ်မပေးဘူး၊ အခုလို စေ့စပ်ပွဲလေး လုပ်ထားလိုက်တော့ အန်တီတို့လည်း စိတ်အေးသွားရတာပေါ့'

'မေမေကလည်း အဲဒါတွေ ဘာလို့ပြောနေရတာလဲ'

'ကိုဇော်စွံတဲ့အကြောင်းတွေ ပြောတာပဲ။ ပြောပါစေ ကိုဇော်ရာ၊ ကိုဇော့်ကို အရမ်းကြိုက်တဲ့ မေမီဆိုတဲ့ ကောင်မလေးအကြောင်း ကိုဇော် မွန့်ကိုတောင် ပြောပြဖူးသေးတာပဲ'

'ဟုတ်တယ် ဟုတ်တယ်၊ အဲဒီ မေမီဆိုတဲ့ ကလေးမလေးပဲ၊ အန်တီတို့နဲ့ မလှမ်းမကမ်းမှာပဲနေတာ'

ကိုဇော်နှင့်ပတ်သက်ပြီး သဝန်တိုစိတ်၊ ချုပ်ချယ်လိုစိတ် နည်းပါးတာကိုလည်း ဘာသာသဟီထားမိခဲ့သည်။

တစ်ခါတုန်းက လှည်းတန်းမှာ ကိုဇော်နှင့် မွန် ဈေး



ဝယ်နေခိုက် ကိုဇော့်ပခုံးကိုဆွဲလှုပ်ရင်းနှုတ်ဆက်သည့် ကောင်မလေး ချောချောတစ်ယောက်ကို မွန် မှတ်မိသည်။

ကိုဇော်က အဲဒါ မေမီတဲ့ဟုပြောပြီး သူ့ကို တစ်ဖက်သတ်ကြိုက်နေသည့် ကောင်မလေးဟု ပြောပြခဲ့ဖူးသည်လေ။

ကိုဇော့်မေမေ ပြောသလိုတော့ အကျမ်းတဝင် စိုးရိမ်တကြီးရှိစရာ အခြေအနေမျိုး ပြောမပြခဲ့။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁

စေ့စပ်ကြောင်းလမ်းပွဲမလုပ်ခင် သည်ရက်ပိုင်းတွေမှာ ကိုမင်းသန့်ဆီကဖုန်းကို သူ မျှော်နေခဲ့မိတာ အမှန်။ ကိုမင်းသန့် ဖုန်းဆက်လျှင် ဘယ်လောက်ကောင်းလေမလဲ အတွေးက အိမ်မှာရှိစဉ် ဖုန်းဘေးမှာ တဝဲလည်လည်နေမိပြန်စေသည်ပဲ။ သူ့အနေအထား အခြေအနေတွေကို ကိုမင်းသန့်အား ရှင်းပြရင်ဖွင့်ချင်နေမိပြန်သည်။ ကိုမင်းသန့် အလုပ်ထဲကဖုန်းကို အကြိမ်ကြိမ်လှည့်ပြီး တစ်ဖက်က ဟဲလိုဆိုသည့် ကိုမင်းသန့်အသံကြားတိုင်း ဖုန်းကိုချပစ်ခဲ့မိတာလည်း အကြိမ်ကြိမ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်မှာ ဘာလို့ သည့်နှယ်စိမ်းနိုင်တာလဲတွေးရင်း ကြေကွဲစွာ ခံစားရသည်ပဲ။ ငါ့လောက်သာ သူ ခံစားရလျှင် ဒီလိုအဆက်အသွယ်ဖြတ်ထားစရာ လိုမတဲ့လား။ သူ့ညီမ ချို့ စကားတစ်ခွန်းနှင့်ပင် သည့်မျှ သူစိမ်းပြင်ပြင် နေနိုင်ရမလား။ အတွေးများဖြင့် ကိုမင်းသန့်ဆီက ဖုန်းကို မျှော်၍မောရသည်ပဲ။ အခုတော့ စေ့စပ်ပွဲတောင် လုပ်ရတော့မည်လေ။

❁ ❁ ❁

စေ့စပ်ကြောင်းလမ်း သတင်းပါလာသည့် သတင်းစာကို ညီမချိုက လာပေးသည်။

သတင်းစာပါကြော်ငြာကိုဖတ်ရင်း ကိုမင်းသန့်ကိုအာရုံမှာ မြင်သည်ပဲ။

သူလည်း ဒီသည်သတင်းစာကိုဖတ်ရင်း နာကြည်းခြင်းကြီးစွာဖြင့် မုန်းတီးရှာမည်လေ။

♥ *တပေါင်းလအသိမ်း*
*ထနောင်းစိမ်းရာသီ...*

♥ *စိမ်းပြေပြေတမာတန်းက*
*လွမ်းလောက်ပါသည်...*



♥ *ထန်းတောစိမ်းညို့ညို့ရီ*
*ဟို့... ဟို့... ဆီမှာတော့ စိမ်းပြာလိမ်း။*

♥ *ချစ်တဲ့အညာသူရဲ့*
*အညာအပူမှာ အညာစိမ်းသလို*
*အစိမ်းရောင်အဆင်ကွဲတွေနဲ့*
*တိမ်းရှောင်တမင်ခွဲတာလား*
*ရင်ထဲမှာ အမှေ့ခက်အောင်*
*(မင်း)*
*တစ်နေ့ထက်တစ်နေ့စိမ်း။*

ကိုမင်းသန့်ရဲ့ 'ထနောင်းစိမ်း' ဆိုသည့်ကဗျာလေးက ရင်ထဲမှာ လျှံကျသည်။

ကိုမင်းသန့် သူ့ကို သည်လိုပဲထင်နေတော့မှာပါလား။ သူ့နှလုံးသား၏ အလောင်မြိုက်ကို သူသာ အသိဆုံးပါလေ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၉

'မင်းမလာတော့ဘူး ထင်နေတာ၊ နေ့လယ်က ငါ ဖုန်းဆက်သေးတယ်၊ ပြောလား'

ညိုဦးကို သူ ခေါင်းညိတ်ပြသည်။ အစည်းအဝေးဆိုတော့ ငါ သိပ်မယုံဘူး။ မင်း ဖုန်းမပြောချင်လို့ ရှောင်နေတာ ထင်တယ်ဟု ညိုဦး ဆက်ပြောသည်။

'တကယ်ပါ အစည်းအဝေးပါ'

ဟု မင်းသန့်ကပြောရင်း ရေနွေးကြမ်းကို ဆွဲ၏၊

'အရမ်းခံစားနေရလား'

www.burmeseclassic.com

www.burmeseclassic.com



'ခံစားရတာပေါ့ ကိုမြတ်ဝင်းရာ၊ တခါတည်း လက်ထပ်သွားတာထက်တော့ တော်သေးတာပဲဖြေပြီး တွေးမိတယ်'

'မှန်တာပေါ့ကွ၊ လက်ထပ်သွားရင် မင်းနဲ့ သူ ဒီဘဝဆေးပြီလေ၊ လူမှုရေးဖောက်ပြန်မှုကိုမုန်းတဲ့ မင်းအတွက် အဝေးဆုံးဖြစ်သွားပြီပေါ့'

ကိုမြတ်ဝင်းကပြောတော့ သူ ခေါင်းညိတ်သည်။

'မင်း သိပ်အံ့ဩသွားမှာပေါ့'

'သိပ်တော့လည်း မအံ့ဩပါဘူး ညိုဦးရာ၊ သူ့မှာလည်း သူ့မိဘအသိုင်းအဝိုင်းနဲ့ ရှိတာပဲ၊ သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့်ရှိတာမှမဟုတ်တာ။ ပြီးတော့ ညိုသက် ငါ့ကို ပြောဖူးတယ်၊ သူ့ခမေရဲ့ညီမ အငယ်ဆုံး အန်တီလေးဆိုတာကို တစ်ဆွေလုံးတစ်မျိုးလုံးက ကြင်ထားပြီး အမွေပြတ်လုပ်ထားတယ်တဲ့၊ အဲဒီအဖြစ်မျိုးရောက်မှာလည်း ညိုသက် ကြောက်မှာပေါ့ကွာ'

'စေစပ်တာပဲကွာ၊ လက်ထပ်တာမှ မဟုတ်ဘဲ၊ မျှော်လင့်ချက်တွေ ရှိနေပါသေးတယ်'

'ကိုယ့်ဘက်ကတော့ အရှင်ယက် စောင့်စည်းဖို့ ပိုလာပြီ ကိုမြတ်ဝင်းရာ'





'ညိုသက်မွန်အပေါ်မှာပဲ လုံးလုံးတည်နေပြီလေ'

'ကိုမြတ်ဝင်း… သူလည်း ဒုက္ခတော့ရောက်နေမှာပဲ၊ သူ့မိဘအသိုင်းအဝိုင်းကတစ်ဖက်၊ နှလုံးသားကတစ်ဖက်ဖြစ်နေမှာ၊ ဒီကောင့်ကို မဆက်သွယ်တော့ဘူးဆိုကတည်းက ဟိုတစ်နေ့က သူ့ညီမလေးတွေ့သွားပြီး သူ့အမေသိပြီးတော့ ချုပ်ချယ်ကန့်သတ် အပူတပြင်းစေ့စပ် ဒီအဖြစ်ပဲဗျ၊ သေချာတယ်'

ကိုမြတ်ဝင်းကို ညိုဦးက တွက်ပြနေ၏။

မင်းသန့်ကတော့ သက်ပြင်းရှည်ကိုသာ ချမိပြန်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# ၇

မျက်စိကို မှိတ်ထားပါလျက် အမြင်အာရုံမှာ ချစ်သူ၏ အသွင်က ပြတ်သားစွာ ထင်ပြန်သည်။

ဆုံဆည်းခွင့်ရခိုက် စကားလေးသည်ပင် ဘဝတစ်ခုလုံး မမေ့စရာတွေ ချန်ထားရစ်ခဲ့နိုင်တာ ဘာကြောင့်ပါလဲ။

ထိုင်ခဲ့စဉ် လက်ဖက်ရည်ဆိုင်မှ စကားတွေက နားမှာ ဘာရစ်ဝဲဝဲ။

"ကိုယ့်မိဘနှစ်ပါးလုံးက လူမှုရေးဖောက်ပြန်ထားခဲ့တော့ အဲဒီအရိပ်မည်းကြီးက ကိုယ့်ဘဝထဲမှာ ထိုးနေတာအမြဲပဲ ညီသက်။ မိဘကို အပြစ်တင်ဝေဖန်တာ မလုပ်ချင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



မလုပ်သင့်ဘူးလို့ နားလည်ပါတယ်။ ဒါပေမဲ့ စိတ်မှာဒဏ်ရာအကြီးအကျယ်ရခဲ့တာ ငြင်းမရဘူး။ စာတွေဘာတွေဖတ်လွန်းပြီး ကိုယ့်ဘဝကိုယ် ပြုပြင်ထိန်းသိမ်းနိုင်လွန်းလို့ ဒီဘဝကို ရောက်ခဲ့ရတာ။ ဒီလိုအဖြစ်မျိုးတွေနဲ့ စိတ်လေပြီး ပျက်စီးသွားရတဲ့ ကလေးတွေ အများကြီးရှိတာကို သိတယ်လေ။ ဒါကြောင့် ကိုယ့်ကျ ဒီလိုအဖြစ်မျိုးတွေ မဖြစ်စေရဘူး သတိထားတယ်၊ သူများရည်းစားချစ်မိတာတောင်မှ လိပ်ပြာက မလုံချင်ပါဘူး ညီသက်ရာ'

သည့်စကားတွေ ပြောခဲ့သည်ပဲ။ ဒါကြောင့်လည်း သူ့ကိုယ်သူထိန်းချုပ်ပြီး အဆက်အသွယ်မလုပ်ခဲ့တာဘဲဟု ညီ့သက်မွန် နားလည်ရပြန်သည်။

❁ ❁ ❁

'ဘုရင့်နောင်နဲ့ပတ်သက်လာရင် လူတွေက နောင်ရိုးတိုက်ပွဲအကြောင်းပြောတယ်၊ နောင်ရိုးစိတ်ဓာတ်ဆိုပြီး ပြောစမှတ်ပြုကြတယ် ညီသက်။ ကိုယ်ကတော့ ဘုရင့်နောင်ရဲ့ လူမှုရေးဖောက်ပြန်မှုကို ဆန့်ကျင်တဲ့ ပြတ်ပြတ်သားသားစိတ်ဓာတ်ကို သဘောအကျဆုံးပဲ'



'ညီသက် မသိဘူး ကိုမင်းသန့်'

'ပြောပြရမလား'

'ပြော'

'ဘုရင့်နောင်က စစ်နိုင်တော့ ဘုရင်ဖြစ်သာမိရာဇာကို မိဖုရားမောင်းမမိသံ အခြံအရံတွေနဲ့အတူတူ ဟံသာဝတီနေပြည်တော်ကို ခေါ်လာခဲ့တယ်။ အဲဒီအထဲမှာ သားမက်တော်ဖြစ်စက္ကိန္နဲ့ သားတော် ရာမိသွန်တို့လည်းပါတယ်။ သူတို့ကို ဟံသာဝတီမှာ မင်းစည်းစိမ်မပျက်ထားပေးခဲ့တယ်လေ'

'အဲဒါ ညီသက်ဖတ်ဖူးတယ်'

'တစ်နေ့တော့ ဖြသာမိရာဇာက ရဟန်းပြုလိုတယ်ဆိုတော့လည်း အသာတကြည် ခွင့်ပြုခဲ့တယ်။ ရဟန်းဝတ်ပြီးတော့ သူ့နိုင်ငံကို ခဏပြန်ကြွချင်ပါတယ်ပြောတော့လည်း ဘုရင့်နောင်က ခွင့်ပြုခဲ့တာပဲလေ။ ဖြသာမိရာဇာကို ဆင်ပေါ်မှာတင်ပြီး မြန်မာရဲမက်တွေ၊ မွန်ရဲမက်တွေနဲ့အတူ သူ့အခြံအရံတွေအားလုံးနဲ့ အယုဒ္ဒယကို ပြန်ပို့ပေးခဲ့တယ်လေ။ လမ်းခုလတ်လည်းရောက်ရော သားတော် ရာမိသွန်က ဖျားပြီးဆုံးသွားတယ်၊ ရာမိသွန်ရဲ့မိဖုရားကို ဘုရင့်နောင်ရဲ့သူရဲကောင်း 'ရာဇမနု'က ဆင့်လျှောက်ပြီး ခေါ်လာရသတဲ့။ တိုတိုပြောရရင်တော့

www.burmeseclassic.com



ကွာ ရာမီသွန်ဆုံးလို့မှမကြာဘူး၊ အဲဒီမိဖုရားနဲ့ 'ရာဇမန' ငြိစွန်းကြပါလေရော။ ဒါကို ဗြသာဒိရာဇာကသိတော့ ဒေါသ ထွက်ပြီး သဝဏ်လွှာရေး ဆက်သားနဲ့ ဘုရင့်နောင်ဆီ ပို့တယ်တဲ့။ ဘုရင့်နောင် ဒီအကြောင်းသိတော့ 'ရာဇမန'ဟာ မပြုသင့်တဲ့ လူမှုရေးဖောက်ပြန်မှုကို လုပ်တာပဲ။ ကိုယ်က နိုင်သူဘက်ကဆိုပြီး ရှုံးသူဘက်ကို အနိုင်ကျင့်တာပဲ။ ကိုယ်က စောင့်ရှောက်ရမယ့်အစား စော်ကားလိုက်တာပဲ။ ဒီလိုပဲယူဆတယ်တဲ့။ ဒါကြောင့် 'ဇလသကြီး'ကို လွှတ်လိုက်တယ်၊ လိုက်သွားပြီး 'ရာဇမန'ကို ကွပ်မျက်ပြီး ရာမီသွန်မိဖုရားကို အယုဒ္ဓယ အရောက် ပို့နိုင်းလိုက်သတဲ့'

'ဒါဆို ဘုရင့်နောင်က သူ့ရဲ့သူရဲကောင်း 'ရာဇမန' ကို သတ်ပစ်လိုက်တာပေါ့'

'ဟုတ်တယ် ညီသက်၊ ဇလသကြီးက နောက်လိုက်လာပြီးတော့ 'ရာဇမန'ကို သတ်ပစ်လိုက်တယ်။ သူရဲကောင်းပဲ ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် လူမှုရေးဖောက်ပြန်မှုကို လက်မခံတဲ့ ဘုရင့်နောင်ရဲ့စိတ်ဓာတ်ပဲ ညီသက်။ ဇလသကြီးကိုလည်း ဘုရင်ဗြသာဒိရာဇာက ချောင်းမြောင်းလုပ်ကြံလို့ အသက်ဆုံးခဲ့ရတယ်လေ။ ပြီးမှ ဗြသာဒိရာဇာက အယုဒ္ဓယပြန်ရောက်ပြီး



လူဝတ်လဲ မင်းပြန်လုပ်တာ ရာဇဝင်မှာပါတယ်။ ညီသက် စဉ်းစားကြည့်၊ အဲဒီလူမှုရေးဖောက်ပြန်မှုကြောင့် ဘုရင့်နောင် သူရဲကောင်းနှစ်ယောက်ဖြစ်တဲ့ 'ရာဇမန' နဲ့ 'ဇလသကြီး' အသက်ဆုံးခဲ့ရတယ်ဆိုတာရယ်၊ ဘုရင့်နောင်ရဲ့ လူမှုရေးဖောက်ပြန်မှုအပေါ်ထားတဲ့စိတ်ဓာတ်ရယ်၊ အဲဒါ သင်ခန်းစာယူစရာလို့ ကိုယ်ထင်တယ်လေ'

ညီသက်မွန်က မေးစင်းထားသည့် မျက်လုံးကို ဖွင့်လိုက်၏။ နားထဲမှာ ကိုမင်းသန့်စကားတွေကို ကြားယောင်ရင်း ခေါင်းကို ယောင်ယမ်းခါမိပြန်သည်။

'ဒီလိုစေ့စပ်ပြီးတဲ့နောက်မှာတော့ သူငါ့ကို ဘယ်တော့မှ ဆက်သွယ်တော့မှာ မဟုတ်ပါဘူးလေ'

အတွေးက ရင်ထဲကို ကျွမ်းမြေ့ ကြေကွဲစေပြန်သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ၈

မနက်စောစောမှာ ကိုဇော် အိမ်ရောက်လာသည်။ မြို့ထဲမှာ ဝယ်စရာရှိလို့ ဝင်ခေါ်တာဟုပြော၏။ ထမင်းစားပြီး မြို့ထဲမှာပင် ရုပ်ရှင်ကြည့်မည်ဆို၏။

အေးအေးဆေးဆေး အိပ်ရာထဲမှာ စာတစ်အုပ်နှင့် အချိန်ဖြုန်းမည် စဉ်းစားထားသော်ငြား အတွေးထဲမှာ စေ့စပ်ကြောင်းလမ်းထားပြီးသားဆိုသည့်အတွေးက ဝင်လာ၏။ ငြင်းလိုက်မည်ဆိုသည့်အတွေးကို မတော်သေးပါဘူးလေဆိုသည့် ဦးနှောက်အသိက တားဆီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည်နှယ် အလိုက်သင့် ရှေ့ဆက်လုပ်ဆောင်နေရတော့မှာတဲ့လား။ ကိုယ့်စိတ်၊ ကိုယ့်လွတ်လပ်မှုကို သူက ပိုင်နိုးသွားပြီတဲ့လား။ အတွေးများစွာဖြင့် ရင်သည် တင်းကျပ်မွန်းလှောင်လာ၏။ တော်တန်ရုံ အဝတ်အစားလဲကာ အိမ်ပေါ်ထပ်မှ ဆင်းလာခဲ့တော့သည်။

'မျက်နှာလေးဘာလေး မလိမ်းမခြယ်တော့ဘူးလား'

သူ့ကိုငေးကြည့်ရင်း ကိုဇော်က လှမ်းပြောသည်။

'ကိုဇော်ကလည်း ဘယ်တုန်းက မျက်နှာလိမ်းဖူးခြယ်ဖူးလို့လဲ'

အတွေးထဲမှာ ဖျတ်ခနဲ ကိုမင်းသန့် ရောက်လာပြန်တော့၏။ နှုတ်ခမ်းနီတော့ကြိုက်တာပဲဟု စတွေ့စမှာပင် သတိထား ပြောခဲ့ဖူးတာ ကြားယောင်သည်။

အခုတော့ နှုတ်ခမ်းနီတောင် သူ မဆိုးမိခဲ့ပါလား။

❁ ❁ ❁

'မွန် ဘာဝယ်မှာလဲ၊ ဝယ်လေ'

ကုန်တိုက်မှာလျှောက်ကြည့်ရင်း ကိုဇော်က ဘေးမှ ပြောသည်။



'ဝယ်စရာမရှိဘူး ကိုဇော်'

အဝတ်အစားတွေရောင်းသည့် ဆိုင်ထဲရောက်တော့ တီရှပ်တစ်ယောက်တစ်ထည် ဝယ်ရအောင်ဟု ကိုဇော်က ပြောသည်။

'ကိုဇော် ဝယ်လေ'

'မွန့်အတွက်ပါ ယူပါ၊ ကိုဇော် ဝယ်ပေးမှာပေါ့'

'မဟုတ်ဘူး၊ မွန် မလိုချင်လို့ပါ'

ကိုဇော့်မျက်နှာပျက်သွားတာကြည့်ရင်း သက်ပြင်းချမိပြန်၏။

'ယူလေ၊ ယူတာပေါ့'

စိတ်ကိုလျှော့ချရင်း ပြောလိုက်သည်။

'မွန်ရွေးလေ မွန်ရွေးပေးတာကို ကိုယ်ယူပါ့မယ်'

စိတ်ပါတာ မပါတာထက် အလုပ်တစ်ခုဟု ညှိသက်မွန်က သဘောထားလိုက်သည်။

'ကိုဇော် ဘာရောင်ကြိုက်လဲ'

'မျက်နှာကို ဘာမှမလိမ်းတတ်တာ၊ ကိုယ် သတိမထားမိတာဘဲ မွန် အပြစ်ပြောတယ်။ ကိုယ် ဘာရောင်ကြိုက်တယ်ဆိုတာလေးတောင် မွန်လည်း မသိဘူးမဟုတ်လား၊ တုံ့ထိဝတ်

www.burmeseclassic.com

www.burmeseclassic.com



သမျှ အနက်ရောင်တွေများတော မွန်သတိမထားမိဘူး မဟုတ်လား'

ရယ်ပြောပြောနေသော်လည်း ကိုဇော့်မျက်နှာမှ ခံစားချက်ကို ညိုသက်မွန်က အမိအရ ဖမ်းမိနိုင်သည်ပဲ။

ဘာမှပြန်မပြောတော့ဘဲ အနက်ရောင်တီရှပ်တစ်ထည်ကို ရွေးယူပြီးပြသည်။ ကိုဇော်က ခေါင်းညိတ်ပြရင်း မွန့်အတွက်ရွေးလေဟု ပြောသည်။ ဘာရယ်မဟုတ် နီးစပ်ရာ အဖြူရောင်လေးတစ်ထည်ကို သူ ရွေးယူလိုက်၏။

'ဘာလဲ မွန်၊ ကိုယ်ကအနက်ဆို မွန်ကအဖြူ၊ ဆန့်ကျင်ဘက်ကြိုက်တာလား'

'အဲဒီလိုမဟုတ်ပါဘူး ,ကိုဇော်'

ကိုဇော်က သူ့ကို ဘာမှပြန်မပြောတော့ဘဲ ဆိုင်ရှင်ကို ပိုက်ဆံရှင်းနေ၏။ စိတ်တွင်းက ခံစားမှုအတိုင်း အမှတ်မထင်ဖြစ်သွားတာပဲ ကိုဇော်ရယ်ဟု တွေးရင်းမှ အဖြူရောင်ဆိုတာ သန့်စင်တဲ့သဘောပဲ။ ကိုယ်သိပ်ကြိုက်တယ်ဟု ပြောမှုသည့် မင်းသန့်စကားက သူ့နှလုံးသားမှာ ရှိနေတယ်ဆိုတာ သတိထားမိပြန်သည်ပဲ။

❁ ❁ ❁





'ခဏလေးနော် ကိုဇော်၊ ခဏလေး'

စာအုပ်ဆိုင်ကိုတွေ့တော့ ညိုသက်မွန် မနေနိုင်ဘဲ စာအုပ်ဆိုင်ထဲဝင်ပြီး ကြည့်မိသည်။

စာအုပ်တွေကိုကြည့်ရင်း ကိုမင်းသန့်ကို သတိရလာမိပြန်၏။ ကိုမင်းသန့်နှင့်သာဆိုလျှင် သည်စာအုပ်က ဘယ်လို၊ ဟိုစာအုပ်က ဘယ့်နှယ်ဟု ပြောမိဆိုမိကြမှာပါပဲ။ အခုတော့ နောက်ပြန်အကြည့်မှာ ကိုဇော်ပါမလာ။ ဆိုင်အဝမှာရပ်ငေးပြီး ဟိုသည်ကြည့်နေတာ မြင်၏။

ဆရာမကြီး ဒေါ်ခင်လေးမြင့် ဘာသာပြန်သည့် 'မင်းသားလေး'စာအုပ်ကို ထပ်ဝယ်လိုက်သည်။ သူ့မှာရှိသည့် စာအုပ်ကို သူငယ်ချင်းက ငှားနေတာ သတိတရဖြစ်ပြီး သူငယ်ချင်းအတွက် ဝယ်လိုက်၏။

'ကြာလိုက်တာ မွန်ရာ၊ မွန်က စာအုပ်တွေတွေ့ရင် အားလုံးမေ့နေသလိုပဲ'

ဆိုင်ကအထွက် ကိုဇော်က ပြောသည်။

ကိုမင်းသန့်ကို သတိရနေတာတော့ အမှန်ပါပဲ။ ရင်ထဲက ကြိမ်ဖန်များစွာ ပြောနေမိပြန်သည်ပဲ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# ၉

'ပြန်ကြမယ်နော် ကိုဇော်'

ကားပေါ်တက်ထိုင်ရင်း ပြောလိုက်၏။

'ခဏလေးနေဦး မွန်၊ ဖေဖေက တိုက်ခန်းဝင်ကြည့်ခဲ့ပါ ပြောတယ်၊ လိုတာလေးတွေ ထပ်လုပ်ရအောင်လို့တဲ့'

'ဘယ်တိုက်ခန်းလဲ'

'ကိုဇော်တို့ လက်ထပ်ပြီးရင် လက်ဖွဲ့ဖို့ဆိုပြီး ဖေဖေတို့ ဝယ်ထားတာလေ'

ဘာမှထပ်မမေးမိတော့။ မိမိနှင့်ပါ သက်ဆိုင်နေသည့် အရာပါလားဟု ရင်ထဲက စကားတွေကို ထိန်းချုပ်ထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရာသစ်မှာရှိသည့် တိုက်ခန်းတွေမို့ တိုက်ခန်းတိုင်းမှာ လူမရှိသေးတာ သတိထားမိ၏။ ဘယ်ဘက်ကို ကွေ့ချလိုက်ပြီး ခြောက်ထပ်တိုက်တစ်လုံးရှေ့မှာ ကားကိုရပ်သည်။

'ခဏနေနော်၊ ကိုဇော်၊ မွန် ကားပေါ်ကစောင့်မယ်'

'ဟာ… မွန်ကလည်း မဟုတ်တာ၊ မွန့်ကိုပါ ကြည့်စေချင်လို့ ခေါ်လာတာ၊ လာပါ ဆင်းပါ'

ဆက်ငြင်းနေလျှင်လည်း ရတော့မည်မဟုတ်ကြောင်း နားလည်သည်။ မွန့်စိတ်ကြိုက် ဘယ်လိုလေးလုပ်ချင်၊ ဘာလေးပြင်ချင်တယ်ဆိုတာတွေ သိရအောင်ပါ စသဖြင့် ပြောတော့မည်ပဲ ကြိုသိရင်း ကားပေါ်ကဆင်းသည်။

စိတ်ထဲမပါသည့်အရာတွေကို လုပ်ကိုင်နေရတာပါလား။ အလိုက်အထိုက်ဆိုသည့် စကားတစ်ခွန်းကြောင့် မည်မျှကျဉ်းကျပ်ပင်ပန်းလွန်းသည်ကို နားလည်ခွင့်ရခဲ့ပြန်သည်ပဲ။

❁ ❁ ❁

'ပထမထပ်တင်ပါ၊ သိပ်မတက်ရပါဘူး'

လှေကားအတက်မှာ ယှဉ်တက်ရင်း ကိုဇော်ပြောတာ ညိုသက်မွန်က စိတ်မဝင်စား။



ပထမထပ်အရောက် ညာချိုးပြီး အခန်းရှေ့မှာ ရပ်သည်။ ကိုဇော်က အခန်းတံခါးဖွင့်နေချိန်မှာ ညိုသက်မွန်က ဘေးဘီဝဲယာကြည့်၏။ လူသူမထူထပ်သေးဘဲ ရှင်းနေတာ သိထားဖြစ်သည်။

'လာလေ မွန် ဝင်ခဲ့'

ပြောပြီး အခန်းထဲဝင်သော ကိုဇော့်နောက်မှ ညိုသက်မွန် ဝင်လိုက်၏။ ပထမဆုံး ဧည့်ခန်းကိုတွေ့သည်။ ဧည့်ခန်းမှာ ဆက် တီတစ်စုံချထား၏။ ဆက်တီက အသစ်သော်လည်း အသုံးပြု ထားတာ သိသာသည်။

'လာ မွန်၊ မီးဖိုခန်းတွေဘာတွေ ကြည့်ပါဦး'

မထိုင်ခင် ကိုဇော်ကပြောတော့ ရောက်မှတော့ ထူးတော့ပြီတွေးရင်း အတွင်းဘက် ဝင်လိုက်၏။

'ဒါက အိပ်ခန်းကျယ်'

တံခါးဖွင့်ပြီးအပြ ငုံ့ကြည့်မိသည်။ အိပ်ခန်းထဲမှာ ခုတင် မွေ့ရာရှိပြီး ခေါင်းအုံးတစ်လုံးတွေ့သည်။ မှန်တင်ခုံ တစ်လုံးပေါ်မှာ စာအုပ်တင်ထားတာ မြင်၏။

'ဒီရှေ့က မီးဖို၊ ထမင်းစားခန်းနဲ့ သန့်စင်ခန်း ဘွဲ့ထား တာလေ'

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်က ပြောရင်း ရှေ့ကဝင်၏။ ညိုသက်မွန်က နောက်ကလိုက်ကြည့်သည်။

မီးဖိုခန်းနှင့် ထမင်းစားခန်းမှာ ပန်းကန်တချို့မြင်သည်။

'ကိုဇော် ဒီမှာဘယ်သူနေလဲ'

'မနေပါဘူး၊ တစ်ခါခါမှာ ညီမလေးနဲ့ သူ့သူငယ်ချင်းတွေ စာလာကျက်ကြတယ်။ ကိုဇော်လည်း တစ်ခါတလေ ပျင်းရင် လာနေတယ်၊ ဘာဖြစ်လို့လဲ'

'မဖြစ်ပါဘူး'

ပြောရင်း ရေချိုးခန်းဝမှာရှိသော ယောက်ျားစီး၊ မိန်းမစီးဖိနပ်နှစ်ရံကို အကြည့်ရောက်ပြန်သည်။

'လာ မွန်၊ ဟိုဘက်ခန်းတွေ ကြည့်ရအောင်၊ အိပ်ခန်းကု [illegible]တစ်ခန်းနဲ့ အိပ်ခန်းလေး တစ်ခန်းရှိတယ်'

ပြောရင်း ထမင်းစားခန်းမှ ထွက်သည်။ ကိုဇော့်နောက်မှ သူလိုက်လာခဲ့၏။

'ဒီအိပ်ခန်းကျယ်မှာ အဲယားကွန်းတပ်ဖို့တော့ မှာထားတယ်၊ ဗီရိုလည်း နံရံကပ်လုပ်မလားလို့၊ မွန် ဘာထပ်လုပ်ချင်လဲ ကြည့်ပါဦး'

တံခါးတွန်းဖွင့်ကာ အိပ်ခန်းကျယ်ရှေ့မှာရပ်ရင်း ကိုဇော် ပြော၏။ စောစောက မီးဖိုခန်းအသွား တံခါးဖွင့်ပြသည့်အခန်းပင်။

'ရပါတယ် ကိုဇော်၊ ကိုဇော်ကြိုက်သလိုသာပြင်ပါ'

ဂျက်နှာချင်းဆိုင်ရပ်ရင်း ညိုသက်မွန် ပြောသည်။

'ဝင်ကြည့်ပါဦး မွန်ရယ်'

'ဟင့်အင်း ကိုဇော်၊ မဝင်တော့ပါဘူး'

'လာပါ မွန်ရယ်၊ မွန်ကလည်း'

ရုတ်တရက် ပခုံးကိုဖက်ပြီး အခန်းထဲဆွဲသွင်းတော့ ညိုသက်မွန် အံ့သြသွားသည်။

တံခါးပိတ်သံ ကြိမ်းခနဲအကြားမှာ အခန်းတွင်း ကုလားထိုင်သေးမှာ ကိုဇော်က သူ့ကို တင်းကျပ်စွာဖက်ရင်း နမ်းရှုံ့ဖို့ ကြိုးစားနေတာ သတိထားမိတော့၏။

'လွှတ်… ကိုဇော် လွှတ်'

'မွန်ကလည်းကွာ'

'မွန်မကြိုက်ဘူး ကိုဇော်'

'စေ့စပ်ထားပြီးပြီပဲကွာ'

ဗလုံးဗထွေး ပြောကြရင်း ရုန်းရင်းကန်ရင်း ခုတင်ပေါ် နှစ်ဦးလုံး လဲကျသွားသည်။







www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်၏အပေါ်မှ အုပ်မိုးထားသော မျက်နှာကို တိမ်းရှောင်ရင်း ရှန်းရင်းဆန်ခတ်ဖြစ်၏။ လည်တိုင် နှုတ်ခမ်းတို့ဆီသို့ ကြမ်းတမ်းစွာသော မုတ်ဆိတ်မွေးများ ပွတ်တိုက်ခံ နေရသလို။ မုတ်ဆိတ်အောက်မှ အပင်ငယ်တို့နှယ် သွက်သွက်ခါယိမ်းဖယ်ရင်း နှုတ်မှလည်း မကျေမနပ် အသံထွက်သည်။

ရှိသမျှအားတို့ကို စုစည်းကာ ထိန်းချုပ်ထားသော လက်နှစ်ဖက်ကို ဆွဲဖယ်သည်။ ပြီးတော့ ရင်ဘတ်ကို အားနှင့် ဖိတွန်းလိုက်မိ၏။

အရှိန်ဖြင့် ကိုဇော် နောက်ကိုလန်သွားစဉ် ကပျာကသီ လူးလဲထသည်။

ပြီးတော့ အခန်းတွင်းမှ အပြေးထွက်ကာ ဧည့်ခန်းဆီ ရောက်၏။ အပြင်ထွက်သည့်တံခါးကို ဖွင့်စဉ် သော့ခတ်ထားတာ သိလိုက်သည်။

'မွန် နေပါဦး မွန်ရယ်၊ နေပါဦး'

နောက်မှလိုက်လာသော ကိုဇော် သူ့အနားရောက် .ဟာပြီး ‌ပြောသည်။

'တံခါးဖွင့်ပေးပါ ကိုဇော်'

'ကိုဇော့်ကို ခွင့်လွှတ်ပါ'





'ကိုဇော် အဲဒီလို ယုတ်မာမယ် မထင်ခဲ့ဘူး'

'ကိုယ့်ဇနီးလောင်းဖြစ်နေပြီပဲ မွန်ရာ'

'ဘာဖြစ်ဖြစ် ကိုဇော် ဒီလို ပိုင်စိုးပိုင်နင်း အတင်းအဓမ္မပြုမူတယ်ဆိုတာ ယုတ်မာတာပဲ၊ နေပါဦး ကိုဇော်၊ ဘာဖြစ်ဖြစ် အဓမ္မအကြမ်းနည်းနဲ့သိမ်းပိုက်တိုင်းရမယ်လို့ ကိုဇော် ထင်နေလို့လား'

'ကိုဇော် စိတ်မထိန်းနိုင်လို့ ဖြစ်သွားတာပါ'

'တံခါးဖွင့်မှာလား၊ မဖွင့်ဘူးလား ကိုဇော်'

မျက်နှာကို ရှုံ့စိုက်ကြည့်ရင်း ခပ်တည်တည်မေးလိုက်၏။ ကိုဇော်က ဘောင်းဘီတ်တွင်းမှ သော့ကိုရှာပြီး အဝင်အထွက်တံခါးကို ဖွင့်လိုက်သည်။

ဝင်လာသော ပြင်ပလေကို တဝရှူလိုက်၏။

'စေ့စပ်ထားတဲ့ကိစ္စကို မွန် သေသေချာချာ စဉ်းစားရတော့မယ် ကိုဇော်'

ဆံပင်ကို နောက်သပ်တင်ရင်း မကြည့်ဘဲ ပြောလိုက်သည်။

'မဆိုင်တာ မွန်ရယ်'

'ဘာလို့မဆိုင်ရမှာလဲ၊ မွန်က ဓမ္မဆိုတဲ့ တရားမျှတ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကိုကြိုက်တယ်၊ ကိုဇော်က အစမ္မဆိုတဲ့ အကြမ်းဖက်တဲ့နည်းကို ကြိုက်တယ်။ ဒါက အခြေခံပဲ၊ အခြေခံ အကြိုက်မတူတဲ့ လူနှစ်ယောက် ဘဝတစ်ခုဖြစ်အောင် အတူပူးပေါင်းထူထောင်ဖို့ဆိုတာ မဖြစ်နိုင်တာဘဲ'

'ကိုယ်ဟာ ပုထုဇဉ်ပါ မွန်၊ ပုထုဇဉ်သဘာဝ ကိုယ်နဲ့လက်ထပ်တော့မယ့် ဇနီးလောင်းရဲ့ အလှအပမှာ ယစ်မူးသွားမိတာ အပြစ်လား မွန်ရာ'

လေ့ကားအဆင်းမှာ မွန်က လှည့်မကြည့်ဘဲ ပခုံးကိုတွန့်လိုက်မိ၏။

'ကိုဇော် မွန်ဟာ မြီးကောင်ပေါက် စိတ်ကစားတဲ့အရွယ် မိန်းကလေးမဟုတ်ဘူး'

'ကိုဇော် တောင်းပန်ပါတယ် မွန်'

ဘာမှပြန်မပြောမိတော့ဘဲ ကိုဇော်ဖွင့်ပေးသည့် ကားတံခါးမှ ကားထဲဝင်ထိုင်လိုက်သည်။

'လူမှုရေးဖောက်ပြန်တာကို မုန်းတယ်၊ အဲဒီထက်အစမ္မဝါဒကို မွန် ပိုမုန်းတယ်'

နှုတ်မှရေရွတ်သလိုပြောရင်း ကားရှေ့တူရူဆီ အကြည့်ပို့ထားလိုက်သည်။





တစ်လမ်းလုံး ကိုဇော်က တတွတ်တွတ် တောင်းပန်လာသော်လည်း သူ့စိတ်ထဲမှာ နည်းနည်းမျှ ပြေလျော့မသွားမိပြန်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

ရုပ်ရှင်ကြည့်ရုံ၊ ဈေးဝယ်ထွက်ရုံမှတစ်ပါး ကိုဇော့် နောက်ကို မွန် ဘယ်တုန်းကမှ မလိုက်ခဲ့ဘူး။ အဲဒီ တိုက်ခန်း ဝယ်တယ် လိုက်လှည့်ပါဟု နှစ်ခါသုံးခါ ခေါ်ဖူးသော်လည်း ကိုဇော် မွန့်ကို ဘာထင်လို့လဲ နောက်တစ်ခါခေါ်ရင် အပြတ်ပဲ ဟု ခပ်တည်တည်ပြောဖူးတာ ပြန်သတိရသည်။ နောက်ထပ် ဘယ်တော့မှ မခေါ်တော့။

အခုကိစ္စကလည်း လက်ထပ်ပြီး သူတို့နှစ်ယောက် နေရမည့်နေရာဆိုသဖြင့် လိုက်သင့်သည်တွေးကာ လိုက်ခဲ့မိ ခြင်းပင်။ ကိုဇော် သည့်နှယ် သူ့ကို အတင်းအကျပ်ကြံစည်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု မတွေးမိခဲ့။ သည်လိုအလုပ်မျိုး ကိုဇော် လုပ်လိမ့်မည်ဟုလည်း မထင်ခဲ့ပြန်။ သည်စိတ်ဓာတ်မျိုးရှိသူဟု စောစောကသာ သိလျှင် လက်ထပ်ဖို့အထိပင် စဉ်းစားခဲ့မည်မဟုတ်။

အခုတော့ လွန်ပြီပဲဟု ကြေကွဲစွာ စဉ်းစားမိပြန်သည်။ စေ့စပ်ကြောင်းလမ်းထားခြင်းက သူနှင့်ကိုဇော့်ကို မူလကထက်ပို၍ နီးစပ်တင်းကျပ်စေသော နှောင်ကြိုးတစ်ချောင်းပါပဲဟု နားလည််၏။ ပုထုဇဉ်ဆိုသည့် သဘောလက္ခဏာကို နားလည်လက်ခံနိုင်သော်ငြား နူးညံ့သိမ်မွေ့စွာ တောင်းဆိုရယူသင့်သည်ပဲ။ အကျဉ်းအကျပ်ထဲရောက်အောင် ကြံစည်ပို့ဆောင်ပြီးမှ အကြမ်းဖက် ရယူခြင်းကိုစွမ်းသမျှကတော့ ရွံရှာစက်ဆုပ်ဖွယ်ဟု မွန်က ရဲရဲယုံသည်။ ကိုဇော်နှင့် ပတ်သက်၍ သတိထားဆုံးဖြတ်ရတော့မည့် အခြေအနေဟု ဘာသာသတိပေးမိပြန်၏။

အလုပ်ကိုသာ ထွက်လာခဲ့ရသည့် စိတ်ထဲက မကြည်မလင်။ စေ့စပ်ထားခြင်းသာ မရှိပါလျှင် ကိုမင်းသန့်ဆီဖုန်းဆက်ပြီး လက်ဖက်ရည်ဆိုင်မှာ တစ်နေကုန် ထိုင်ပစ်လိုက်မိမှာမလွဲ။

❁ ❁ ❁



'ညိုသက်မွန် ဧည့်သည်စောင့်နေတယ်'

'ရှင်'

ဂိတ်ပမှာ လက်မှတ်ထိုးမည်လုပ်စဉ် ဂိတ်စောင့်ဦးလေးကြီးကပြောတော့ အံ့သြရ၏။ စောစောစီးစီး ကိုဇော် လာစောင့်ပြီး သူ့ကို တောင်းပန်စကားဆိုဦးတော့မည်ပဲ တွက်သည်။ ညကတော့ ဘယ်ဖုန်းလာလာ အိပ်ပြီပြောခိုင်းပြီး အခန်းတွင်းက မထွက်။ ကိုဇော် သူ့ဆီကို ဆက်မဆက်မသိ။ သူ့အပြစ်နှင့်သူမို့ ဖုန်းဆက်ရဲချင်မှလည်း ဆက်ရဲမည်။

'ဟိုက ကားပေါ်မှာ စောင့်နေတယ်'

ဂိတ်စောင့်ဦးလေးကြီးက ခပ်လှမ်းလှမ်း ကားကလေးကို လှမ်းပြီးပြကာ ပြော၏။

အကြည့်ရောက်စဉ် ကိုဇော် စီးနေကျကားမဟုတ်တာ သိလိုက်သည်။ သူ့အပေါင်းအသင်း မိတ်ဆွေရဲ့ကား ဖြစ်ချင်ဖြစ်မှာပဲ အတွေးဖြင့် ကားလေးဆီ လျှောက်သွား၏။

သူ လျှောက်လာသည်ကို မြင်သွားသလား မသိ။ ကားတံခါးပွင့်ပြီး ဆင်းလာသည်။ ဆင်းလာသူကိုမြင်ရင်း ကိုဇော်မဟုတ်တာသိရင်း သူ့အတွေးလွဲသွားပြီ နားလည််၏။ ခေတ်ဆန်သေသပ်စွာ ဝတ်စားဆင်ယင်ထားသော အမျိုးသမီး

www.burmeseclassic.com



ငယ်တစ်ဦး၊ မျက်နှာချင်းဆိုင်လျှောက်ရင်း နီးလာတော့ မြင်ဖူးပါတယ်ဟု အသိဝင်သည်။ ဘယ်မှာမြင်ဖူးတာ အပြေးအလွှား စဉ်းစားလို့မရ။

'မကြီးမမွန်၊ သမီး မေမီပါ'

'သြော်'

သည်တော့မှ လှည်းတန်းမှာ ကိုဇော်ကို ဖက်လှည်းတကင်း နှုတ်ဆက်သွားပြီး ဖျတ်ခနဲမြင်လိုက်ရသော ကလေးမလေးဆိုတာ။ ပြီးတော့ ကိုဇော်ကို အတင်းလိုက်ကြိုက်နေတာဟု ကိုဇော်မေမေက ပြောခဲ့ဖူးတဲ့ ကလေးမဆိုတာ အတွေးထဲဝင်လာတော့သည်ပဲ။

'မေမီ ညီမလေး၊ မမ ဘာလုပ်ပေးရမလဲ'

ခပ်ပြုံးပြုံး ပြောလိုက်ရသည်။

'မေမီ မမွန်နဲ့ စကားအေးအေးဆေးဆေး ပြောချင်တယ်'

'အေးအေးဆေးဆေးမှဖြစ်မှာ မမွန်၊ မမွန်နဲ့ မေမီတို့ရဲ့ ဘဝနှစ်ခုလုံးအတွက် အရေးကြီးပါတယ်'

ကိုဇော်ကိစ္စပဲဟု အတပ်သိလိုက်သည်။ သူနှင့် စေ့စပ်ကြောင်းလမ်းထားသူ၏ကိစ္စမို့ သူ့ဘဝ၏အရေးပါတဲ့ ကိစ္စဟု



လည်း ညိုသက်မွန်က တွေးသည်။

'ဘယ်မှာပြောမလဲ'

'သမီးကားနဲ့ တစ်နေရာလိုက်ခဲ့ပါလား မမွန်'

'ဒါဆို ခဏနော်၊ မမွန် ခွင့်နေ့ဝက်တင်ခဲ့မယ်၊ ဂိတ်ကနေ ဖုန်းဆက်ပြောလိုက်မယ်၊ မေမီ ကားပေါ်က စောင့်ပါလား'

'ဟုတ်ကဲ့'

ဂိတ်ဆီပြန်လျှောက်လာပြီး ခွင့်နေ့ဝက်တင်ဖို့ကိစ္စ ဖုန်းဆက်ပြောသည်။ ပြီးမှ ကားဆီလျှောက်လာခဲ့၏။

'လာ... မမွန် တက်'

ကားမောင်းသူဘေးမှ တံခါးကိုဖွင့်ပေးရင်း မေမီက ခေါ်သည်။ ကလေးမလေးက ခေတ်ဆန်ပေမယ့် ဖော်ဖော်ရွေရွေ ချစ်စရာလေးပါပဲဟု မှတ်ချက်ချမိပြန်၏။

❀ ❀ ❀

'မမွန် မေမီပြောတာတွေကို အလေးအနက် နားထောင်ပေးစေချင်တယ်။ မမွန် မရှင်းလို့မေးချင်တာရှိရင်လည်း ကြားဖြတ်မေးပါ၊ မေမီ ဖြေပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်း စကားစသည်။

'မေမီက ကိုဇော်ကို တစ်ဖက်သတ်ကြိုက်ခဲ့တာပါ မမွန်၊ ကိုဇော်တို့နဲ့ မေမီတို့နေတဲ့နေရာက သိပ်မကွာလှဘူး၊ တွေ့ကြဆုံကြရင်း မျက်မှန်းတန်း ရင်းနှီးသွားကြတာပေါ့။ ကိုဇော်ကို မေမီက စကြိုက်မိကာပါ။ မေမီက ရေလာမြောင်း ပေးလုပ်ပြီး ကိုဇော်နဲ့ မေမီ ရည်းစားဖြစ်သွားကြတာ မမွန်'

'ကိုဇော်နဲ့ မေမီ ရည်းစားဖြစ်ကြလား'

'မမွန်က ကိုဇော်က ဘယ်လိုပြောလဲ'

'အမှန်အတိုင်းပြောမယ်နော် မေမီ'

'ပြောပါ မမွန်၊ အားမနာပါနဲ့။ မေမီလည်း အားလုံး အမှန်အတိုင်းပြောမှာ၊ ဒါမှ မေမီနဲ့ မမွန် ဘာဆက်လုပ်သင့်တယ်ဆိုတဲ့အဖြေကိုရမှာ'

'မွန့်ကို ကိုဇော်ကပြောတယ်။ အဲဒီနေ့က မေမီ မှတ်မိလား။ လှည်းတန်းဈေးမှာထင်တယ်၊ မေမီက ကိုဇော်ကို ပခုံးဖက်ပြီး တရင်းတနှီး နှုတ်ဆက်သွားတဲ့နေ့လေ'

'မှတ်မိတယ် မမွန်၊ မေမီ ငယ်ပေမယ့် စိတ်ကိုထိန်းနိုင်ပါတယ်၊ စိတ်ကိုမထိန်းဘဲ လွှတ်ပေးရင် အဲဒီနေ့ကတည်းက အရှက်ကွဲကြမှာ'



'အင်း… အဲဒီနေ့ကပြောတာ၊ မေမီဆိုတာ သူတို့အနီးအနားက သူ့ကိုအရမ်းကြိုက်နေတဲ့ ကောင်မလေးလို့ ပြောတယ် မေမီ'

ပြောပြီး အားနာစွာ အကြည့်ကိုလွှဲလိုက်၏။ မေမီက ကားကို ကျွမ်းကျင်စွာမောင်းရင်း-

'အင်း… မဆိုးပါဘူး၊ တစ်ဝက်တော့မှန်ပါတယ်၊ သူ့ကို အရမ်းကြိုက်နေတဲ့ကောင်မလေးဆို အမှန်ပဲ'

'အဲဒီတုန်းက မေမေ့ သမီးရည်းစားဖြစ်နေပြီပေါ့'

'ဟုတ်တယ် မွန်၊ ဘယ်ရမလဲ ညကျတော့ သူ့ဆီဖုန်းဆက်ပြီး မေမီ သောင်းကျန်းတာပေါ့၊ သူက မမွန်ကို မကြိုက်ပါဘူး၊ သူ့အိမ်က လက်ထပ်ပေးဖို့ သဘောတူထားတဲ့ အမျိုးသမီးပါလို့ မေမီ့ကို ရှင်းပြတယ်'

'အဲလိုပဲပြောလား'

'ဟုတ်တယ် မမွန်'

ညိုသက်မွန်က ပြုံးရုံပြုံးရင်း တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လာသော ကိုဇော့်စိတ်ကို အံ့သြနေမိပြန်၏။

'ကိုဇော့်အမေကြီးက မေမီ့ကို ကြည့်လို့မရဘူး၊ သူ့သားနဲ့လည်း သဘောမတူဘူး၊ ဒါကြောင့် မမွန်ဟာ သူ့အမေက



www.burmeseclassic.com

www.burmeseclassic.com



သဘောတူရှာပေးစားတဲ့ မိန်းကလေးဆိုတာ မေမီကလည်း ယုံလိုက်တာပေါ့'

'အင်းပေါ့'

'ကိုဇော်နဲ့ မေမီတွဲနေတာ သူ့အိမ်ကသိတယ်၊ သူ့သား ကို ပြောမရလို့ လွှတ်ထားတာ၊ မေမီ ဖုန်းဆက်ရင်လည်း ဘယ်တော့မှ ခေါ်မပေးဘူး၊ သူ့ညီမလေးကဆို မွန်နဲ့ ကိုဇော် ယူကြတော့မှာဆိုပြီး မစေ့စပ်ခင်ကတည်းက လည်ပြောနေတာ'

'သြော်'

'ကိုဇော့်ကို နယ်မှ..အလုပ်သွားလုပ်ခိုင်းတာ ဘာလို့ လဲသိလား'

'ဟင့်အင်း… ရိုးရိုးပဲမဟုတ်လား'

'မဟုတ်ဘူး မွန်၊ မေမီနဲ့ဝေးအောင် သူ့အမေကြီး စီစဉ်တာ၊ ကိုဇော်ကလည်း သိပ်သွားချင်တာမဟုတ်ဘူး၊ သူ့ အမေကြီးကို မလွန်ဆန်ရဲလို့'

'နေပါဦး၊ မွန် ကြားဖြတ်မေးမယ် မေမီ'

'မေး မမွန်'

'မေမီ့ကို သူ ချစ်ရဲ့လား'

မေမီက တစ်ချက်ရယ်သည်။ ပြီးမှ စကားဆက်၏။





'မမွန်ကလည်း ချစ်တယ်လို့တော့ တဖွဖွပြောတာပေါ့၊ ဒါပေမဲ့ သူ မေမီ့ကို တကယ်မချစ်ဘူးဆိုတာ မေမီ သိနေ တယ်။ ဒါပေမဲ့ ကိုယ်က သူ့ကိုချစ်ရတဲ့သူဆိုတော့ သူညာပြော နေတာကိုပဲ သာယာနေမိတာ မမွန်'

'အင်း… အင်း'

မမွန်ကိုလည်း သူချစ်တယ်ပဲ ပြောမှာပေါ့၊ နောက်ထပ် တစ်ယောက်လည်း ဒီလိုပဲပြောမှာပေါ့'

'အင်း'

မေမီ့လောက်တောင်မှ ကိုယ်က မစဉ်းစားခဲ့မိပါလား ဟု ကိုယ့်ကိုကိုယ် အပြစ်တင်မ ဲ့ ဦးတော့။

'မမွန်နဲ့တွဲတဲ့တစ်ယောက်ရော'

'ဟင်'

မေးလိုက်သည့်စကားကြောင့် ရုတ်တရက် အံ့သြသွား မိတော့သည်။ ကိုမင်းသန့်ကို မေမီက ဘာကြောင့်မေးရတာတဲ့ လဲ။ ကိုဇော်ကလည်း သည်အကြောင်းတွေ မေမီ့ကို ပြောထား လို့လား။

'စပ်စုတယ် မထင်နဲ့နော် မမွန်'

'ကိုမင်းသန့်ကို မေမီ သိလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး မမွန်၊ ထားပါတော့ အကြောင်းရှိလို့ မေမီ မေးတာပါ'

'အကြောင်းရှိလို့'

'ဟုတ်တယ် မမွန်၊ မမွန်နဲ့ အဲဒီအစ်ကိုကြီး လှည်းတန်းမှာ တွဲလာတာ မေမီ တွေ့တယ်။ ဒါနဲ့ စောင့်ကြည့်မိတယ်၊ မမွန်တို့ ထမင်းဆိုင်မှာ ထမင်းစားတယ်၊ ပြီးတော့ ကားငှားပြီးထွက်သွားတယ်။ မေမီလည်း ကားပေါ်တက်ပြီး မမွန်တို့နောက် လိုက်ကြည့်တယ်။ မမွန်တို့ ဖီးလ်ကိုသွားကြတယ်လေ'

'ဟုတ်တယ် မေမီ၊ အဲဒါ မွန့်ချစ်သူပဲ'

ရင်ထဲရှိတဲ့စကားကို ဂုဏ်ယူစွာ ပြောလိုက်မိသည်။ ဒါမှမဟုတ် ကိုဇော်ကွယ်ရာမှာ ဖောက်ပြန်နေသူဟု ထင်သွားမှာကို စိုးရိမ်ပြန်၏။

'မမွန်တို့ပြောတာဆိုတာ တယုတယ ဆက်ဆံတာကြည့်ပြီး သိပ်ချစ်တဲ့ချစ်သူတွေလို့ မေမီ သိလိုက်ပါတယ်'

'အင်း… ဒါနဲ့ ဆက်ပြောပါဦး'

'မေမီ့ခေါင်းထဲမှာ လက်ခနဲ အကြံရလာတယ်။ မေမီက ကိုဇော်ကိုချစ်တဲ့ ချစ်စိတ်မွန်နေတဲ့သူပဲ မမွန်၊ မှန်တာမှားတာ မစဉ်းစားမိဘူး။ ဒီအကြောင်းတွေ ကိုဇော့်ဆီကို စာရေး





ပြောလိုက်တယ်'

'သြော်… စာရေးပြောတယ်ဆိုတဲ့ ကိုဇော့်သူငယ်ချင်းဆိုတာ မေမီကိုး'

'သူ့သူငယ်ချင်းပြောလို့သိတာလို့ ပြောလား'

'ဟုတ်တယ် မေမီ'

'မေမီ ပြောတာပါ၊ ဒါပေမဲ့ မေမီ့တွက်ကိန်းက တက်တက်စင်အောင်လွဲသွားတယ် မမွန်'

'ဆိုပါဦး'

'အဲဒီလိုပြောလိုက်ရင် အိမ်ကသဘောတူတဲ့သူပဲဖြင်ဖြစ်၊ ဘာဖြစ်ဖြစ် မမွန်အပေါ်မှာ သူ စိတ်ကုန်သွားမယ်တွက်တယ်။ ပြီးတော့ မမွန်နဲ့ သဘောတူတဲ့ကိစ္စကို သူ ငြင်းဆိုနိုင်မယ်လို့ ထင်ထားတယ်။ တကယ်တော့…'

ညိုသက်မွန်က ဖွဖွရယ်သည်။

'ခုတ်ရာတခြား ရှရာတလွဲဖြစ်သွားတယ်နော်'

'အစစ်ပဲ မမွန်၊ မေမီ အဲဒီသတင်းပေးလိုက်တော့မှပဲ မြန်မြန်ဆန်ဆန် စေ့စပ်ပွဲက ဖြစ်သွားပါလေရော'

'အဲဒီပွဲမဖြစ်ခင် မေမီနဲ့တွေ့ရရင် သိပ်ကောင်းမှာပဲ'

'မေမီ ကိုဇော့်ကိုချစ်တာတစ်ခုတည်းပါပဲ မမွန်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူများကို ဒုက္ခလည်းမပေးချင်ပါဘူး၊ မမွန်ကို အစောကြီးက တည်းကတွေ့ပြီး ပြောချင်နေတာ။ သူက ချစ်တဲ့သူ မဟုတ်ပါဘူး၊ အိမ်ကသဘောတူထားတဲ့သူပါဆိုတဲ့ ကိုဇော်စကားကို မေမီ ယုံခဲ့မိလို့'

'မေမီ'

'ပြောပါ မမွန်'

'ကိုဇော်ကို မွန်ကိုယ်တိုင် အဖြေပေးပြီး ရွေးခဲ့တဲ့ရည်းစားပါ။ လက်ထပ်ဖို့အတွက် ခင်ပွန်းလောင်းအဖြစ်လည်း ရည်ရွယ်ပြီး ရွေးခဲ့တာပါ။ ဒါပေမဲ့ ချစ်သူတော့ မဟုတ်ခဲ့ဘူး မေမီ၊ မေမီနဲ့ ပတ်သက်တာရော တခြားဘာကိစ္စမှ ကိုဇော်နဲ့ပတ်သက်လို့ မသိခဲ့တာ မွန့်အားနည်းချက်ပါပဲ။ ကိုဇော်ဟာ အဲဒီစိတ်မျိုးသာရှိခဲ့မှန်းသိရင် စေ့စပ်ဖို့နေနေသာသာ သိတာနဲ့ ချက်ချင်းပဲ မမွန် ဖြတ်မိမှာပါပဲ။ သူ့ကို ယောကျ်ားကောင်းတစ်ယောက်လို့ပဲ ကိုယ်ကထင်ခဲ့တာ။ ကိုယ့်မှာ ချစ်သူရှိခဲ့ဝ ၁ သောင် သူ့အပေါ်ဖောက်ပြန်မိပြီလားလို့ လိပ်ပြာမသန့်ခဲ့ဘူး'

'မေမီ စောစောက မမွန်ကို တွေ့လိုက်ရမှာ၊ စေ့စပ်ပွဲမလုပ်ခင် တွေ့လိုက်ရမှာ'

ကားကိုချိုးကွေ့လိုက်ရင်း မေမီက နှုတ်မှရေရွတ်၏။





'နေဦး မေမီ၊ ဘယ်ကိုသွားနေတာလဲ၊ မွန်တို့ ပြောစရာစကားတွေလည်း ကုန်လောက်ပါပြီ၊ မေမီ ပြန်ဖြစ်စေချင်လဲပြော'

'မထူးပါဘူး မမွန်ရယ်၊ မေမီနဲ့ တစ်နေရာ လိုက်ခဲ့ပါဦး'

'ဘယ်ကို'

'မမွန်ကို ဒီထက်ထူးခြားတာတွေ ပြချင်လို့'

ဘာမှပြန်မပြောမိဘဲ ငြိမ်နေလိုက်တော့သည်။ ကားလေးက အရှိန်မြှင့်ပြီး လမ်းပေါ်မှာပြေးနေဆဲ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# ၁၁

'ဘယ်ကိုသွားမှာလဲ မေမီ'

ရုတ်တရက် ကားရပ်လိုက်တော့ သည်မေးရာကို သူ မှတ်မိလိုက်ပြီ။ တအံ့တသြဖြစ်ရင်း နှုတ်မှထွက်၏။

'ဒီမှာ ကိုဇော်အခန်းရှိတယ်လေ။ မမွန် မသိဘူးလား'

သူ့မျက်နှာကို အသေအချာကြည့်လျှင် ရဲခနဲဖြစ်သွားမည်ဟု ညိုသက်မွန်က ထင်၏။ မျက်နှာပူပြီး မေမီ့ကို လှည့်မကြည့်ဖြစ်။

ဘာမှပြန်မဖြေဘဲ နေလိုက်သည်။

သည်အခန်းကို သူရောက်ဖူးတယ်ဆိုတာ မေမီသိပါက မေမီ သူ့ကိုဘယ်လိုထင်တော့မည်ဆိုတာတွေးရင်း ခေါင်းနပန်းကြီးသွားသည်။ သူနှင့် ကိုဇော်၏ ရင်းနှီးမှုကို မေမီ ကြိုက်သလို တွေးပေရော့မည်။ သူ ဘယ်လိုပင် အဖြစ်မှန်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြသော်ငြား ယုံနိုင်စရာစကားဟု ဝန်းကျင်ကထင်မည် မဟုတ်။ စဉ်းစားရင်း ရင်ထဲမှာ မွန်းကျပ်လာသည်။

ကိုဇော် သည်တိုက်ခန်းမှာရောက်နေလို့ ကိုဇော့်ရှေ့မှာ သူနှင့်ရှင်းချင်လို့ ဒီကို မေမီက ခေါ်လာတာပဲဟု ညိုသက်မွန် တွေးကြည့်သည်။ တစ်ခါတည်း ကားပေါ်မှာပြောခေါ်ပါက သူလိုက်ချင်မှ လိုက်မည်ဟု မေမီ တွေးဟန်တူ၏။

ဘာပဲဖြစ်ဖြစ် မေမီ့ရှေ့မှာပင် ကိုဇော့်ကို သူပြောစရာ ရှိတာတွေ ပြောလိုက်ရတာ ပိုကောင်းမည်စဉ်းစားရင်း ကား ပေါ်မှဆင်း၏။ မေမီ့ရှေ့မှာ မဟုတ်ပါက ကိုဇော်က စကားကို လိုးလွဲပြောပေဦးမည်။ အခုလို သုံးပွင့်ဆိုင်ရှင်းဖြစ်တာ အကောင်းဆုံးပါပဲ ဆုံးဖြတ်ရင်း လှေကားကိုတက်၏။

'ဒီအခန်းက ကိုဇော်ဝယ်ထားတာလေ၊ သူ့မိဘတွေ တောင် သိချင်မှသိဦးမှာ'

'ဟုတ်လား'

ကြည့်စမ်း ကိုဇော် သူ့ကိုညာပြောခဲ့တာတွေ ပြန် ကြားယောင်သည်။ သူ့မိဘတွေဝယ်ထားပြီး လက်ထပ်ပြီး လက်ဖွဲ့ဖို့ပါဆိုတဲ့စကား၊ ညီမလေး တစ်ခါခါလာပြီးစာကျက် တတ်တယ်ဆိုတဲ့စကား၊ အားလုံးဟာ မုသားတွေပဲသိခွင့်ရ၏။



အခန်းရှေ့အရောက် တံခါးကိုမခေါက်ဘဲ ပိုက်ဆံအိတ် မှ သော့ကိုထုတ်ပြီးဖွင့်တော့ အတော်လေးပင် အံ့သြသွားမိ ပြန်၏။

'ကိုဇော်က ဒီမှာမရှိဘူးလား'

သူ့အတွေးမှားသွားပြီသိရင်း မေးသည်။

'ကိုဇော် မရှိဘူး မမွန်၊ ကိုဇော်နဲ့ မေမီတို့ ချိန်းပြီးမှ ဒီကိုလာတတ်ကြတာ'

'မွန်က ကိုဇော့်ရှေ့မှာ ရှင်းကြပြောကြမှာလားလို့ လိုက်ခဲ့တာ၊ မေမီ့ရှေ့မှာတင် ကိုဇော့်ကို ပြောချင်လို့'

ဖွင့်လိုက်သည့်တံခါးက အခန်းတွင်းဝင်သည်။

မေမီနဲ့ ကိုဇော် လာနေကျအခန်းဆိုတဲ့စကားက ယုံမှား သံသယဖြစ်စရာမလို။ မေမီဆီမှာ သော့ပိုတစ်ချောင်းရှိနေ ကတည်းက လုံလောက်ပြီပဲ။ ပြီးတော့ ရေချိုးခန်းဝမှာရှိနေတဲ့ ဖိနပ်တွေ၊ အိပ်ခန်းအခြေအနေ၊ မှန်တင်ခုံပေါ်ကစာအုပ်၊ ဆက်တီတွေရဲ့ လူအသုံးပြုထားတဲ့ ပုံလက္ခဏာတွေ။ အို... ဒါတွေအားလုံးဟာ ကိုဇော်နဲ့ မေမီတို့ သည်အခန်းမှာ လာနေကြ တာဆိုတဲ့ အထောက်အထားတွေပါလား။

'ထိုင် မမွန်'

www.burmeseclassic.com

www.burmeseclassic.com



'မေမီက ဘာပြချင်တာလဲ'

'မေမီနဲ့သူ ဒီမှာလာနေတတ်တယ်ဆိုတာ မမွန်သိအောင်လို့ပါ။ ပါးစပ်နဲ့ပြောပြတာထက် လက်တွေ့ပြချင်တာပါ။ ဟင်း… ဟင်း… ဒီအခန်းကို မေမီနဲ့ လက်ထပ်လို့ သူ့အိမ်က သဘောမတူလို့ရှိရင် အတူနေလို့ရအောင် သူဝယ်ထားတာပါတဲ့၊ အပြောက… မေမီက ဒီပစ္စည်းပစ္စယတွေမက်လို့ မဟုတ်ပါဘူး၊ မေမီ သူ့ကိုချစ်မိတာပါ။ ဒါတွေအားလုံး အခြေအနေတွေချုံ့ပြီး သိလိုက်ရင် မမွန် မေမီ့ကို နားလည်မှာပဲလို့ ယုံကြည်ပါတယ် မမွန်'

နှစ်ယောက်ထိုင်ဆက်တီပေါ်မှာထိုင်ရင်း ဘေးစောင်းအလှည့်ကို မေမီက ပြောသည်။

'မေမီ'

'ပြောပါ မမွန်'

'မေမီ့ကို မွန် ယုံတယ်၊ အခြေအနေအားလုံးကိုလည်း မွန် နားလည်နိုင်ပါပြီ၊ မေမီကို မွန် ပြောပါရစေ'

'ပြော မမွန်၊ အားမနာပါနဲ့၊ မမွန်နဲ့ စေ့စပ်ထားပြီး အနေအထားဆိုတာကိုလည်း မေမီ ကိုယ်ချင်းစာပါတယ်'

'မေမီက ကိုဇော်ကို နှလုံးသားနဲ့ချစ်ခဲ့တာ၊ မွန်က



ကိုဇော်ကို ဦးနှောက်နဲ့ ရွေးချယ်ခဲ့တာ၊ ဘာလို့ ဒါတွေပြောရတာလဲဆိုရင် နှလုံးသားနဲ့ချစ်တဲ့သူက ကိုယ့်ချစ်သူရဲ့အပြစ်ကို မေတ္တာတရားနဲ့ ချေဖျက်လို့ရနိုင်တယ်လေ၊ ဦးနှောက်နဲ့ စဉ်းစားခဲ့ကြဲကတော့ အပြစ်ကို အပြစ်လို့ပဲမြင်မှာ အမှန်ပဲ၊ ကိုဇော်လိုယောကျ်ားမျိုးကို မွန် ဘယ်တော့မှ လက်တွဲဖော်အဖြစ် မရွေးပါဘူး မေမီ၊ ယုံပါ။ ဖြစ်ခဲ့ပြီးတာတွေဟာ မွန်မသိလို့ သူ့ကိုအထင်ကြီးခဲ့မိလို့၊ သူ့ကို ယျော့တွက်ခဲ့မိလို့ပါပဲ။ မေမီ့ကို မွန် ကတိပေးပါတယ်။ ကိုဇော်ကို မွန် ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး မေမီ၊ ပြီးတော့ လက်မထပ်ရခင် အချိန်မီ အသိပေးခဲ့တဲ့ မေမီ့ကိုလည်း မွန် အရမ်းကျေးဇူးတင်တာပဲ။ မေမီသာ ဦးနှောက်မရှိလို့ ဒီလိုရည်ရည်လည်လည် ရှင်းမပြဘဲ ရန်တွေ့ရုံဆိုရင် မွန် လက်ခံချင်မှခံမှာ၊ အခုတော့ အရမ်းကျေးဇူးတင်တယ် မေမီရယ်'

စကားအဆုံးမှာ ညိုသက်မွန်က မေမီ၏ပခုံးကို လှမ်းဖက်လိုက်၏။ မေမီက ညိုသက်မွန်၏ ရင်ခွင်ထဲကို ခွေလျှောကျလာကာ ညိုသက်မွန်ကိုဖက်ပြီး ရှိုက်ကြီးတငင် ငိုတော့သည်။

'တိတ်… တိတ် မေမီ၊ တိတ်ပါ ညီမလေးရယ်

www.burmeseclassic.com



ညီမလေးကို ကိုဇော် နှစ်နှစ်ကာကာချစ်နိုင်ပါစေလို့ပဲ မွန် ဆုတောင်းပေးပါ့မယ်'

'မမွန်ရယ်... မမွန့် အခုလောက်ထိ လွှယ်လွှယ်ကူကူနဲ့ မေမှီအပေါ် နားလည်ပေးမယ် မထင်မိခဲ့ပါဘူး။ အခု အိမ်ကလည်း အဲဒီ စေ့စပ်သတင်းပါလာပြီးတော့ ဟိုတိုင်မယ် ဒီကိုင်မယ် မေမှီကို ပြောနေပြီ။ မေမီတို့အဖြစ်အားလုံး မေမေက သိသားတယ်။ သူ မေမှီကို မချစ်ရင်လည်း လက်ထပ်ရတော့မှာပဲ မမွန်။ မေမှီဘဝကတော့ သူ့အချစ် သူ့မေတ္တာကိုမရရင်တောင်မှ ကိုယ့်လက်ထဲမှာ သူရှိနေအောင် လုပ်ရတော့မယ့် အဖြစ်ပါ မမွန်ရယ်'

'ကဲ... ထ... ထ... ပြန်ကြရအောင်၊ မွန့်အတွက်တော့ မေမီ စိတ်သာချ၊ ဒီလိုလူကို အသိမိတ်ဆွေအဆင့်တောင် မွန် အသိအမှတ် မပြုနိုင်ဘူး။ ဒီဘဝမှာ အပြောအဆို အဆက်အသံမရှိစေရဘူး မေမီ'

ပြောရင်း ထရပ်သည်။

မေမီက ထရပ်ရင်း လက်ကိုင်ပဝါဖြင့် မျက်နှာကို သုတ်၏။ ပြီးမှ အခန်းတွင်းက ပြန်ထွက်ခဲ့ကြသည်။

❖ ❖ ❖

၁၂

**<u>စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းခြင်း</u>**

*ကျွန်မ မညီသက်မွန်နှင့် ကိုမြတ်ထူးဇော်တို့၏ (......)နေ့က ပြုလုပ်ပြီးစီးခဲ့သော စေ့စပ်ကြောင်းလမ်းခြင်းကို ကျွန်မ ညီသက်မွန်၏ သဘောဆန္ဒအလျောက် ဖျက်သိမ်းလိုက်ကြောင်း ကြေငြာအပ်ပါသည်။*

ညီသက်မွန်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



မေမီနှင့်တွေ့ပြီး နောက်နှစ်ရက်အကြာမှာ သတင်းစာထဲ၌ ကြော်ငြာပါလာခဲ့သည်။

ဘယ်သူဖုန်းဆက်ဆက် သူမရှိဘူးဟု အိမ်ကိုလည်း ပြောထားခဲ့၏။

ကိုဇော်ကတော့ သူ့ဆီကို ဖုန်းဆက်ရမည်မဟုတ်ဆိုတာ သူသည်သည်။

မွန်နှင့်လမ်းခွဲပြီး မေမီက မွန်နှင့်တွေ့ဆုံခဲ့ပုံ ပြောခဲ့ဆိုခဲ့ပုံအားလုံးကို ပြန်ပြောပြမည်ဆို၏။

မေမီ့ထံမှစကားတွေ ကြားပြီးပါက ကိုမြတ်ထူးဇော်ဆိုသော ယောကျ်ားတစ်ယောက်သည် ရှက်ကြောက်ခြင်းဖြင့် သာအငွေ့ပျံသွားစရာ ရှိပါတော့သည်။

ကျိုးယောင်ဆောင်သောဒေါင်းလောက်မှ အချိန်ကာလတာရှည်အောင် ဟန်မဆောင်နိုင်ခဲ့သူ၏ နောက်ဆုံးအဖြစ်သည် ခမ်းမှီအား ချစ်သည်မချစ်သည်အပထား၊ သူ တာဝန်ယူရန်မှ တစ်ပါး အခြားမရှိပါလေ။

❁ ❁ ❁

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

## ၁

ထမင်းစားနားချိန် ဂိတ်မှာ ညှော်သည်ရောက်တယ် ဖုန်းဆက်တော့ ဘယ်သူရယ်လို့ မင်းသန့်က မမှန်းတတ်။ သူ့ရုံးမှ ဂိတ်ကိုလာခဲ့သည်။

'ဟော့ကောင် ညီညီး'

ညီညီး အပြင်ရပ်နေတာမြင်တော့ အံ့ဩသွားသည်။ ဒီကောင် တစ်ခါမှဒီလိုအလုပ်ချိန်မှာ မလာစဖူး။

'မင်းသန့် မင်း ထမင်းစားပြီးပြီလား'

'မစားရသေးဘူးကွ၊ အခုမှ ထမင်းစားချိန်နားတာ'

'ဒါဆို လာကွာ၊ အပြင်ထွက်စားကြမယ်၊ မင်း ကျွေး ရမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

မေးရင်း စက်ရုံဝင်းအတွင်းမှ ထွက်လိုက်၏။

'မင်း သတင်းစာဖတ်ပြီးပလား'

'ဟော့အေး… မဖတ်ရသေးဘူး၊ မနက်ကတည်းက စက်တွေကြားမှာ လည်နေတာ'

'ရော့… ဒီမှာ ဖတ်ကြည့်'

ကားထဲမှ သတင်းစာကို သွားယူပြီး လှမ်းပေး၏။

'ဘယ်သူ့ကားလဲ ညိုဦး၊ ငါ့သူငယ်ချင်း ငါ့ဆီရောက်လာလို့ ခဏယူလာတာ၊ မြန်မြန်ဖတ်ကွာ၊ ကြော်ငြာကိုကြည့်၊ ဒီမှာကွာ ဒီမှာ'

စိတ်မရှည်သလိုပင် ပြောရင်း မင်းသန့်လက်မှသတင်းစာ လှမ်းဆွဲယူရင်း တစ်ရွက်စီလှန်သည်။ မင်းသန့်က နား မလည်နိုင်သလို ဘေးမှာရပ်နေမိ၏။

'ရော့… ဒီမှာဖတ်ကြည့်'

'စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းခြင်း'

သတင်းကိုဖတ်ရင်း မင်းသန့်မျက်နှာ ဝင်းလက်သွားတာက သိသာလွန်းသည်။

'ငါ မင်းအတွက် ဝမ်းသာလွန်းလို့ လိုက်လာခဲ့တာ



မင်းသန့်'

'အေးကွာ… ငါ ဘယ်လိုပြောရမလဲတောင် မသိတော့ဘူး၊ ဘယ်တော့မှ ပြန်မရနိုင်တော့ဘူးထင်တဲ့ ပျောက်သွားတဲ့ပစ္စည်း ပြန်တွေ့ရသလိုပဲ။ ညိုသက် ငါ့ကိုချစ်တယ်ဆိုတာ ငါ အရင်ကထက် ယုံသွားပြီ'

'ပျောက်တဲ့ပစ္စည်း ပြန်တွေ့ရုံနဲ့ မရဘူးကွ၊ အပိုင်ရအောင် ယူထားနိုင်ဖို့လိုတယ်၊ ကဲ… ကဲ… တက်… ထမင်းလိုက်ကျွေး'

'ရတယ် သူငယ်ချင်း၊ ထမင်းတင်မကဘူး၊ မင်းကြိုက်တာ ဘာမဆိုရစေရမယ်။ ဒီနေ့လောက် ပျော်စရာကောင်းတဲ့နေ့ ငါ့အတွက် မရှိတော့ဘူး'

မင်းသန့်က တံခါးဖွင့်ပြီး တက်လိုက်သည်။

'ဟာ… မင်းကလည်း စိတ်တွေအရမ်းလှုပ်ရှားနေပြီ ခင်တယ်။ မောင်းတဲ့ဘက်က တက်နေပြန်ပြီ'

'အေး… ဟုတ်သားပဲ'

'နေ… နေ… မဆင်းနဲ့တော့၊ မင်းပဲမောင်းတော့'

ပြောရင်း ညိုဦးက ဒရိုင်ဘာဘေးခုံမှာ ဝင်ထိုင်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၂

သူတို့စားနေကျ စားသောက်ဆိုင်ကို ဦးတည်မောင်း၏။ မီးပွိုင့်တစ်ခုဖြတ်အပြီးမှာ ကားစက်သံက ဝုံမှန်မဟုတ်ချင်။

'မင်းကားက ဖောက်ချင်လာပြီထင်တယ်၊ စတီယာရင်ကလည်း ဆွဲနေတယ်'

'ဟုတ်တယ်၊ ဒီကောင့်ကားက ခပ်စုတ်စုတ်ရယ်'

ပြောနေခိုက် အရှိန်ဖြင့် ဆောင့်ထွက်ပြင်သည်။

'ဟော့ကောင်... ဟော့ကောင်'

ညိုဦးက အော်ရင်း စတီယာရင်ကို လှမ်းဆွဲသည်။ ကားက ဆွဲရာမပါတော့ဘဲ လမ်းမတစ်ဖက်ဆီမှ ချိုးကွေ့လာသော ကားတစ်စီးဆီသို့ ဦးတည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုံးဒိုင်းဆိုသည့် ပြင်းထန်စွာ ကားနှစ်စီးတိုက်မိသံက ပတ်ဝန်းကျင်ကို ဆူညံသွားစေ၏။

နောက်ဆုံး လူသံတွေ၊ ခရာမှုတ်သံတွေ ကြားရင်းမှ အားလုံးသည် အကြားအာရုံမှ ပျောက်ကွယ်သွားတော့သည်။

❁ ❁ ❁

သတိရလာချိန်မှာ မင်းသန့်ရော ညိုဦးပါ ဆေးရုံ ရောက်နေကြသည်။ ညိုဦးက ဒဏ်ရာမပြင်း။ နှစ်ရက်သုံးရက်ဆို ဆေးရုံကဆင်းလို့ရပြီပြော၏။ မင်းသန့်က ခြေထောက်ကျိုးသွားသည်တဲ့။ အပြင်းအထန်မဟုတ်သဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်မည်တော့ မဟုတ်သော်ငြား ဆေးရုံမှာ ကြာဦးမည် ပြော၏။

'မင်း အပျော်လွန်ပြီး စိတ်တွေလှုပ်ရှားလို့ဖြစ်တာ၊ ဒီလောက်ဖြစ်တာ တော်သေးတာပေါ့'

သတိကောင်းကောင်းရလာတော့ ညိုဦးက မင်းသန့်ကို ပြောသည်။

❁ ❁ ❁

မင်းသန့်အဘွားက အားလုံးအတွက် တာဝန်ယူသဖြင့် ဘာမှတော့ အခက်အခဲမရှိ။ ညိုဦးအတွက်လည်း အားလုံးတာဝန်ယူ ကုသပေးသည်။



ညိုဦးဆေးရုံမှ ဆင်းသွားသော်လည်း မင်းသန့်ကား ပြင်ပဆေးခန်းတစ်ခုမှာ ဆေးရုံတက်နေရဆဲပင်။ ညနေတိုင်းလိုလိုတော့ ညိုဦးနှင့် ကိုမြတ်ဝင်းတို့ လာတွေ့ကြသည်။

'ငါ့ကို ညိုသက်ဆီ ဖုန်းဆက်ပေးပါလား ညိုဦးရာ'

'အေး…. ငါလည်း မင်းကိုပြောမလို့'

'သူ့အိမ်ဖုန်းနံပါတ် ငါ့မှာရှိတယ်'

'ဖုန်းမကိုင်ရင် ဘယ်လိုလုပ်မလဲ၊ သူ့ကိစ္စအရှုပ်အရှင်းတွေနဲ့ ဖုန်းမကိုင်ဘဲနေမှာစိုးရတယ်'

'ကိုမြတ်ဝင်းပြောတာလည်း ဟုတ်တာပဲ၊ ဒီလိုလုပ်ကွာ၊ ဖုန်းမကိုင်ရင် အိမ်လိုက်သွား၊ ငါ အိမ်သိတယ်၊ အိမ်လိပ်စာပေးမယ်'

ပြောပြီး အိမ်လိပ်စာကို ပေးသည်။ ကိုမြတ်ဝင်းက လိုက်မှတ်နေ၏။

'မနက်ဖြန် မင်းအမေ လာကြည့်လိမ့်မယ် သား၊ သားဘာမှဒေါသစကားတွေ ဘာတွေမပြောနဲ့နော်။ ဘွားဘွား မင်းအမေရော၊ အဖေရောဆီကို ဖုန်းဆက်ထားတယ်'

ဘွားဘွားက အသက်ရသော်လည်း သန့်သန့်မာမာရှိဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



'ဘွားဘွားကလည်း ဘာလို့ ဖုန်းဆက်ပြောနေရသေးလဲ'

'ဘာဖြစ်ဖြစ် သူတို့က မိဘတွေလေ'

ညိုဦးနှင့်ကိုမြတ်ဝင်းက နှုတ်ဆက်ပြီးပြန်သွားကြ၏။

❁ ❁ ❁

## ၃

'စောစောကထွက်သွားတာ မင်းအမေလား'

ညိုဦးနှင့် ကိုမြတ်ဝင်းတို့ ရောက်မလာခင်မှာပင် မေမေနှင့် သူ့အမျိုးသား ရောက်လာကြသည်။ မေမေ မေးသမျှကိုသာ ပြန်ဖြေရင်း ဘာစကားမှ အပိုမပြောဖြစ်။

သူ့အမျိုးသားကို ကားပေါ်မှာထားခဲ့လို့ရပါလျက် မေမေ သူ့ဆီကို ခေါ်လာခဲ့တာကိုက အလုပ်မဟုတ်ဟု မင်းသန့်ထင်သည်။

ဒေါသကြောင့် မျက်နှာကွက်ခနဲပျက်ကာ ဒေါသစကား နှုတ်မှထွက်တော့မယောင် ဖြစ်သည်။ ဘွားဘွားစကား

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ကြားယောင်ရင်း အံကိုသာတင်းတင်းကြိတ်၍ မျက်နှာလွှဲသည်။

'ဘေးကကပ်ပါလာတဲ့လူငယ်က ပထွေးလေကွာ'

'မင်းကလည်းကွာ၊ စိတ်လျှော့ထားစမ်းပါ'

အငေါ်တူးပြီးပြောလိုက်သော မင်းသန့်ကို ကိုမြတ်ဝင်းက နှစ်သိမ့်စကားဆို၏။

'ကဲ... ကဲ... အရေးကြီးတာပြောမယ်'

'ဘာလဲ'

'ညိုသက်ကိစ္စလေ'

'ဟုတ်တယ်၊ အဲဒါအရေးကြီးဆုံးပဲ၊ ဘာလဲ ညိုသက်ဆီ ဖုန်းဆက်လို့ရလား'

'ရတယ်'

'ပြောပါဦး'

'မညိုသက်မွန်နဲ့ ပြောချင်လို့ပါဆိုတော့ မရှိပါဘူးတဲ့၊ ဟိုဘက်ကကိုင်တာ သူ့ညီမလေးထင်တယ်ကွ'

'အင်း... အဲဒီတော့'

'ငါလည်း သူ ဖုန်းမချခင် အရေးကြီးလို့ပါ၊ ကိုမင်းသန့် ဆေးရုံရောက်နေလို့ အရမ်းအရေးကြီးကိစ္စရှိလို့ပါလို့ ဆက်



တိုက်ပြောလိုက်တယ်ကွ။ တစ်ဖက်က ငြိမ်ပြီး ဖုန်းကိုကိုင်ထားတယ်၊ အဲဒီအချိန် ဘာတဲ့လဲလို့ လှမ်းမေးသံသဲ့သဲ့ ကြားရတယ်၊ ညိုသက်မွန် ထင်တယ်၊ ကိုမင်းသန့် ဆေးရုံရောက်နေတယ် အရေးကြီးတယ်ပြောလို့ ပြန်ပြောသံကြားပြီးတော့ ညိုသက်မွန်လာပြီးဖုန်းကိုင်တယ်'

'တော်သေးတာပေါ့ကွာ'

'ဒါနဲ့ ငါလည်း တိုတိုပဲရှင်းပြပြီး ဘယ်ဆေးရုံ ဘယ်အခန်း ပြောလိုက်တယ်၊ မနက်ဖြန်ညနေ သူလာခဲ့မယ်ပြောတယ်ကွ'

'ဟာ... ညိုသက်လာမယ် ဟုတ်လား'

အားရဝမ်းသာ နှုတ်မှထွက်သည်။

'ဟော့ကောင် ဆက်ထားတဲ့အရိုးက ထပ်ကျိုးသွားဦးမယ်၊ ငြိမ်ငြိမ်နေပါကွ'

'ဒီကောင် ညိုသက်မွန်ရောက်လာရင် ချက်ချင်းတောင် လိုက်ဆင်းသွားမလားဘဲ'

အပျော်အကြည်အနှုးက ရင်ကို ကျူးစက်လှုပ်ရှားစေခဲ့ပြန်ပြီပဲ။ ရက်ပေါင်းများစွာ ခွဲခွာနေရသည့်မျက်နှာကို မြင်ရတော့မည်လေ။ ရက်ပေါင်းများစွာ အာရုံဖြင့်သာ ကြားနိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အသံကို နားဆင်ခွင့်ရနိုင်တော့မည်လေ။

မမျှော်လင့်ရဲသော အိပ်မက်တို့ အကောင်အထည် ပေါ်လာတော့မှာတဲ့လား။

❁ ❁ ❁

# ၄

မျှော်လင့်မထားပါဘဲ ရုတ်တရက် လှမ်းမြင်လိုက်ရတော့ ချက်ချင်း ဘာလုပ်ရမည်မသိအောင် ညှိုသက်မွန် ကြောင်သည်။ မမြင်ယောင် အကြည့်ကိုလွှဲကာ သူတို့နှင့်မဆုံနိုင်သည့် ဘေးတစ်ဖက်အခန်းတွေဆီ လျှောက်သွားမိ၏။ သည်လောက်ပဲ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပါသလားဟုလည်း အံ့သြစိတ်က မကုန်။ အခန်းတွေအဆုံးမှာ ပြန်လှည့်လိုက်တော့ သူတို့စုံတွဲက လှေကားကဆင်းသွားကြပြီ။ နောက်ကျောကို အသေအချာ လှမ်းကြည့်လိုက်မိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်လို့ ပြန်ပြောပြချင်သော်လည်း မေမေ့ကိုတော့ ပြောပြရမည်မဟုတ်။ ချို့ကိုတော့ တိုးတိုးတိတ်တိတ်ပြောပြရဦးမည်။ အမျိုးဖျက်သူ၊ တစ်မျိုးတစ်ဆွေလုံး၏ ဂုဏ်သိက္ခာကို အညစ်အစွန်းဖြစ်စေသူဟု တစ်ဆွေလုံးတစ်မျိုးလုံးက သေခန်းဖြတ်ထားခဲ့သော အန်တီလေး။ မေမေက အကြီးဆုံးမို့ အငယ်ဆုံးညီမအဖြစ် အချစ်ပိုခဲ့ရသော အန်တီလေး။

မမြင်ရ မတွေ့ရတာ ကြာပြီဖြစ်သည့်အတွက် အန်တီလေးကို ရုတ်တရက် တွေ့လိုက်ရသည်ပဲ။ သူတို့လည်း လူနာလာတွေ့တာ ဖြစ်မည်လေ။

ကိုမင်းသန့်ရှိရာ အခန်းဆီ လျှောက်လာခဲ့၏။ အခန်းထဲဝင်လိုက်တော့ ကိုညိုဦးနှင့် ကိုမင်းထွန်းကို တွေ့ရသည်။ ပါလာသည့် မုန့်နှင့် လိမ္မော်သီးများကို ဘေးကစားပွဲပေါ်တင်လိုက်ရင်း ကိုမင်းသန့်အနား ကပ်သွားမိ၏။

'နေကောင်းတယ်မဟုတ်လား'

'ကောင်းပါတယ် ညိုသက်၊ အခုဖြစ်တာက ညိုသက်ကိုလွမ်းရတဲ့ ရောဂါနဲ့စာရင် ဘာမှမဖြစ်လောက်ပါဘူး'

ညိုသက်မှန်က ကိုမင်းသန့်လက်ဖျားလေးတွေကို ဆုပ်နယ်ပေးနေမိ၏။



'သတင်းစာ ကြော်ငြာဖတ်ပြီး အပျော်လွန်သွားတာလေ၊ ဒီလောက်ဖြစ်တာ တော်သေးတာ'

ညိုဦးကပြောရင်း ထိုနေ့ကအဖြစ်ကို ရှင်းပြသည်။ ညိုသက်က မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း နားထောင်၏။

'ညိုသက်'

'ပြော ကိုမင်းသန့်'

'ကိုယ် တစ်ခါ[illegible]တဲ့ မေးခွန်းမေးချင်တယ်'

'မေးလေ'

'ကိုယ့်ကိုချစ်လို့ စေ့စပ်တာ ဖျက်သိမ်းလိုက်တာလား'

ညိုသက်က ခဏငြိမ်သွားသည်။

'ငါတို့ရှေ့မှာဆို ရှက်မှာပေါ့ကွ'

'ရပါတယ် ကိုညိုဦး၊ ချစ်သူကို ချစ်တယ်ပြောရတာ ရှက်စရာမှမဟုတ်တာဲ'

'ဒါဆို'

'ညိုသက်စဉ်းစားတာက ကိုမင်းသန့်အမေး[illegible]ပါ၊ စေ့စပ်တာ မဖျက်သိမ်းလည်း ညိုသက် ကိုမင်းသန့်ကို ချစ်နေမှာပါပဲ။ ဒါပေမဲ့ ပြောရတာ အခုလိုတော့ မလွတ်လပ်

www.burmeseclassic.com



ဘူးပေါ့၊ ဖျက်သိမ်းလိုက်ရတာက ကိုမင်းသန့်ကို ချစ်တာပါ သလို ကိုဇော်ကို အရမ်းစက်ဆုပ်သွားတာလည်း ပါတယ်။ အတိုဆုံးပြောရရင်တော့ ညိုသက်နဲ့ ကိုမင်းသန့်တို့အဖြစ်ကို ညိုသက်ရဲ့အားနည်းချက်တစ်ခုပဲလို့ ထောက်ပြီး ပုံကြီးချဲ့ပြီး တော့ သူ့ရဲ့အမှားတွေ အားနည်းချက်တွေကို ဖုံးဖို့ကြိုးစားတာ ပေါ်လွင်သွားခဲ့တယ်လေ'

'ဒီလောက်ဆို ရပါပြီ ညိုသက်ရယ်၊ ကိုယ် ညိုသက်ကို ချစ်တယ်။ မပေါင်းရမဆုံရလည်း ချစ်နေနိုင်တဲ့အချစ်ပါ ညိုသက်ရယ်'

'ကိုမင်းသန့်လိုပါပဲ'

ညိုသက်မွန်က လက်ကိုတင်းကျပ်စွာဆုပ်ရင်း ပြောကာ အကြည့်ဆုံနေမိကြပြန်၏။

ညိုဦးနှင့် ကိုမြတ်ဝင်းတို့က ဆက်တီမှာ ထိုင်နေကြသည်။ အပြင်ဆေးရုံ၏ ပိုက်ဆံပေးရသော အထူးခန်းမို့ အိမ်နှယ်။ ဆေးရုံနှင့်တော့မတူ။

'ကိုညိုဦး လာလေ၊ စကားပြောပါဦး'

လှမ်းကြည့်ပြီး ညိုသက်မွန်က လှမ်းခေါ်သည်။

'ရပါတယ်၊ အလွမ်းသယ်ပါဦး'





'လာပါ၊ စကားပြောရအောင်'

ညိုဦးက အနားလျှောက်လာရင်း–

'ညိုသက်မွန်နဲ့ တော့လွဲလေးပဲ'

'ဘာလဲ ကိုညိုဦး'

'မင်းသန့်ရဲ့အဖေ စောစောကပဲ လာတယ်လေ၊ ဆုံရင် မိတ်ဆက်ပေးထားလို့ရတာပေါ့'

'မင်းကလည်းကွာ'

မင်းသန့်က ဝင်ဟန့်သည်။ ညိုသက်မွန်က ခဏစဉ်းစားဟန်ပြုပြီး–

'ဘောင်းဘီရှည်နဲ့ ခပ်သန့်သန့်ဦးလား'

'ဟုတ်တယ်လေ၊ ဘောင်းဘီရှည်အညိုနဲ့ သူ့ဘေးမှာ ဒီကောင့်မေမေလေးလည်းပါလာတယ်၊ ခပ်ချောချော ဖြူဖြူ'

'ပါတိတ်ဝမ်းဆက်နဲ့ ဟုတ်လား'

မေးရင်းစကားကုန်သွားတာ ညိုသက်မွန်တစ်ဦးတည်းသာ သိလိုက်သည်ပဲ။

'ဟုတ်တယ်၊ ညိုသက်တွေ့လိုက်လို့လား'

'လှေကားမှာ ဆုံလိုက်တာ ကိုမင်းသန့်၊ အရွယ်ချင်း မမျှတဲ့အတွဲကို သတိထားလိုက်မိတာ'



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပြောပြီး တံတွေးကိုမျိုချကာ စာဖတ်နေသော ကိုမြတ်ဝင်းဆီသို့ ညိုသက်မွန် လျှောက်၏။

ပြီးတော့ နာရီကိုကြည့်ရင်း မင်းသန့်အား ပြန်လျှောက်လာကာ-

'မေမေမသိအောင် ခိုးလာခဲ့တာ ကိုမင်းသန့်၊ ညိုသက်ပြန်တော့မယ်နော်'

မျက်လုံးချင်းဆုံကြည့်ရင်း မင်းသန့်လက်ဖျားလေးတွေကို ဖျစ်ညှစ်ထားမိပြန်၏။

'မနက်ဖြန် လာခဲ့နော်'

ခေါင်းအညိတ်မှ ညိုသက်မွန်၏ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက်ကြွေကျသွားတာ မင်းသန့် လှမ်းမြင်သည်။

'မငိုပါနဲ့ ညိုသက်ရယ်၊ ကိုယ်တို့ပြန်ဆုံကြပြီပဲ'

'ပြန်တော့မယ်၊ ကိုညိုဦးတို့ မနက်ဖြန် ဒီမလာခင် ညိုသက်ဆီ ဝင်ခဲ့ပါလား၊ အိမ်သိတယ်မဟုတ်လား'

'သိတယ်၊ ညိုသက် ဝင်ခဲ့မယ်'

'သွားပြီ'

အခန်းတံခါးဖွင့်လိုက်ကာ ညိုသက်မွန် ထွက်သွားတော့၏။



'သူတစ်ယောက်တည်းထွက်ဖို့ မလွယ်လို့ ငါတို့ကိုမှာတာဖြစ်မယ်'

ဟု ညိုဦးက ပြောလိုက်သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁

'ငါတို့ရောက်တော့ သူ့ညီမလေး ထွက်လာတယ်။ ညိုသက်မွန် အပြင်သွားတယ်၊ ဒီစာပေးလိုက်ပါလို့ မှာသွားတယ်ဆိုပြီး ပေးလိုက်တာ'

မင်းသန့်ကို စာအိတ်လှမ်းပေးရင်း ညိုဦးက ပြောသည်။

စာအိတ်ကို အလျင်စလို ဖောက်ပြီး စာကိုထုတ်ယူ ဖတ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းသန့်

ကိုမင်းသန့်နဲ့ ညိုသက်တို့ရဲ့ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ပါတော့မယ်။

ကိုမင်းသန့်နဲ့ ညိုသက်တို့ ဘယ်လောက်ပဲချစ်ချစ် မဆုံနိုင်အောင် ဒီဘဝမှာ ဝေးကြရပါပြီ။

ကိုမင်းသန့်ရဲ့ ဖေဖေ နောက်ထပ်လက်ထပ်ယူထားတဲ့ အမျိုးသမီးဟာ ညိုသက်ရဲ့အန်တီလေး၊ ညိုသက်တို့အသိုင်းအဝိုင်းက လုံးဝစွန့်ပစ်ထားခဲ့တဲ့ မေမေ့ရဲ့အချစ်ဆုံးညီမ အထွေးလေ။

ဘုရင့်နောင်ရဲ့ လူမှုရေးဖောက်ပြန်မှုကို ပြတ်ပြတ်သားသား အရေးယူတဲ့စိတ်ဓာတ်ကို အားကျခဲ့တဲ့ ကိုမင်းသန့်နဲ့ တစ်ဘဝလုံး ဆွေမျိုးတွေက အခေါ်အပြောမလုပ်ဖို့ ကြဉ်ထားခံရတဲ့ အန်တီလေးရဲ့ဘူမအရင်း ညိုသက်တို့ ဘယ်လိုပေါင်းဆုံနိုင်ပါတော့မလဲ။

သားအဖနှစ်ယောက်နဲ့ တူအရီးနှစ်ယောက်ရဲ့ ဇာတ်လမ်းကို လူတွေပြောစရာဖြစ်အောင် ညိုသက်ရော ကိုမင်းသန့်ပါ သတ္တိရှိနိုင်ကြမှာတဲ့လား။



နှလုံးသားကို လူမှုရေးကိစ္စနဲ့ အလဲအလှယ်လုပ်ရမယ့်ပွဲပါပဲ ကိုမင်းသန့်။

ညိုသက် တခြားနိုင်ငံမှာ အလုပ်ထွက်လုပ်ဖို့ စီစဉ်ထားလက်စရှိတယ်လေ။ ဟိုမှာ အဒေါ်အရင်းတွေလည်းရှိလို့ လွယ်တယ်။ အဲဒီကိစ္စ ဆက်လုပ်မယ်။ ကိုမျိုးသန့် ဆေးရုံဆင်းနိုင်တဲ့အချိန်ဆို ညိုသက် ဒီမြေမှာ မရှိလောက်တော့ပါဘူး။

ဘယ်တော့မှ လာမတွေ့တော့ဘူး ဆုံးဖြတ်ချက်ဟာ မချစ်လို့မဟုတ်ဘူးဆိုတာ ကိုမင်းသန့် နားလည်မှာပါ။

ရှေ့ကလူနှစ်ဦးရဲ့ လူမှုရေးဖောက်ပြန်မှုဒဏ်ကို နောက်ကလူနှစ်ဦးက ခံလိုက်ရတာပဲလို့ ညိုသက် နားလည်ပါတယ်။

ဘာဖြစ်ဖြစ် မိဘနဲ့ သားသမီးဆိုတာ တစ်ဦးဟာ တစ်ဦးရဲ့အရိပ်တွေပဲမဟုတ်လား ကိုမင်းသန့်ရယ်။

ကိုမင်းသန့်ကိုချစ်တဲ့

ညိုသက်မွန်

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှည်ကိုချရင်း စာရွက်ကို ညိုဦးလက်သို့ လှမ်းပေးလိုက်၏။

ညိုဦးက စာကို ကမန်းကတန်း ဖတ်နေပြန်သည်။

❁ ❁ ❁

www.burmeseclassic.com